# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်　　၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္လာနေ့　　အတွဲ (၆၀)၊ အမှတ် (၁၁၉)


# ဗန်ကောက်မြို့၊ ဆိုးလ်မြို့နှင့် စင်ကာပူရှိ မြန်မာသံရုံး (၃)ရုံးနှင့် ဒူဘိုင်းမြို့ရှိ ပြင်ပမဲရုံခွဲ (၁)ခုတို့တွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး



ဒူဘိုင်းမြို့ရှိ ပြင်ပမဲရုံခွဲ၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။　　သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့ နောက်ဆုံးနေ့အဖြစ် ကြိုတင်ဆန္ဒမဲများ ဆက်လက် ပေးခဲ့ကြရာ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၅၀၃ ဦး၊ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၇၂ ဦးနှင့် စင်ကာပူရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၂၆၀ ခန့် ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒူဘိုင်းမြို့ရှိပြင်ပမဲရုံခွဲ၌ ယနေ့ နောက်ဆုံးနေ့အဖြစ် မဲရုံဖွင့်လှစ်ခဲ့ရာ မဲဆန္ဒရှင် ၁၈၀ ခန့် ကြိုတင်ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများအား သက်ဆိုင်ရာနိုင်ငံများမှ ချမှတ်ထားသော ကိုဗစ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ စနစ်တကျစီစဉ် ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## နိုင်ငံတော်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်သူ့အကျိုးပြု ပညာရေးဆိုင်ရာ မှတ်တိုင်များ

**အပိုင်း(၁) အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကဏ္ဍ**

စာ ➤ ၆၊ ၇

## ကိုဗစ် - ၁၉ ကြောင့် လူနေထိုင်မှုဘဝ၊ ကျန်းမာရေးနှင့် အစားအစာ လည်ပတ်စီးဆင်းမှုအပေါ် ရိုက်ခတ်မှုများ

စာ ➤ ၁၄

# အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❐



အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။




မြန်မာ့အလင်း

# အစွန့်ရှည်ပါစေ တက္ကသိုလ်ရေ

မြန်မာနိုင်ငံ၏ နှစ်တစ်ရာ အမှတ်တရများတွင် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်သည် ပဓာနကျသော အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ ထိုအထိမ်းအမှတ်သည် မြန်မာနိုင်ငံသားတို့အတွက် တန်ဖိုးထား ထိန်းသိမ်းရမည့် အမွေအနှစ်တစ်ခုအဖြစ် ရှိနေပေသည်။

ရန်ကုန်တက္ကသိုလ်တွင် သမိုင်းတန်ဖိုးတွေ အများကြီးရှိသည်။ မြန်မာ့လွတ်လပ်ရေးသမိုင်း၏ ဗွေဆော်ဦးတိုက်ပွဲ၊ လွတ်လပ်ရေးအောင်ပွဲ၏ အဦးအစ၊ စစ်အာဏာရှင်စနစ်ကို အနည်းနည်းအဖုံဖုံ ဆန့်ကျင်ခဲ့သည့် ဘူမိနက်သန်၊ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေး၏ အောင်မြေ။

ရန်ကုန်တက္ကသိုလ်၏ ဖွားဖက်တော် ၁၉၂၀ ပထမကျောင်းသားသပိတ်၊ လွတ်လပ်ရေးရသည်ထိ အရှိန်ညီးညီး ထိုးတက်သွားစေခဲ့သည့် ကိုအောင်ဆန်း၊ ကိုနုတို့၏ ၁၉၃၆ ကျောင်းသားသပိတ်တို့မှစကာ ၁၉၆၂ ဆဲဗင်းဇူလိုင်နှင့် ကျောင်းသားသမဂ္ဂ အဆောက်အအုံသမိုင်း၊ ၁၉၇၄ ဒီဇင်ဘာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ဈာပနတိုက်ပွဲ၊ ၁၉၈၈ ဖွန်၊ ဩဂုတ် ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံသမိုင်း စသည်တို့သည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ အထိမ်းအမှတ် ဝိညာဉ်များအဖြစ် ရှင်သန်နေပေသည်။

ရန်ကုန်တက္ကသိုလ်သည် သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ မြန်မာနိုင်ငံ၏ အမျိုးသားရေးအမွေအနှစ်အဖြစ် ကြီးကျယ်ခမ်းနားစွာတည်ရှိနေသည်။ လယ်တီဆရာတော်၏ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့တို့ကို ဤတက္ကသိုလ်က ချီးမြှင့်ပေးခဲ့ဖူးသည်။

ရန်ကုန်တက္ကသိုလ်၏ ဆောင်ပုဒ်ကိုက ယဉ်ကျေးလှပပေ၏။ "နတ္ထိ သမံ ဝိဇ္ဇာ မိတ္တံ" ပညာနှင့်တူသော မိတ်ဆွေမရှိ။ ပညာကဲ့သို့သော ယုံကြည်စိတ်ချရသော ချစ်ခင်ပေါင်းဖက်အပ်သော မိတ်ဆွေကို မိမိတို့ ဘယ်မှာရှာ၍မှ ရနိုင်မည်မဟုတ်ချေ။

ယနေ့တိုင် ရန်ကုန်တက္ကသိုလ်ဝင်းတွင်းသို့ ဝင်သွားလိုက်သည်နှင့် သစ်ပုပ်ပင်၊ တောင်ပိန္နဲပင်၊ ကံ့ကော်တော၊ ရေတမာတန်းတို့နှင့်အတူ အပင်ကြီး၊ အပင်လတ်၊ အပင်ငယ်စသည့် ပင်မျိုးစုံလင်တို့က စိမ်းမြလန်းဆန်းမှုများဖြင့် ကြိုဆိုနေလိမ့်မည်။ အင်းလျားရေပြင်ကျယ်၏ ငြိမ်ဆိတ်နူးညံ့မှုက လာရောက်သူအားလုံးကို နှလုံးစိတ်ဝမ်း အေးမြသွားစေလိမ့်မည်။

ရန်ကုန်တက္ကသိုလ်၏ သဘာဝအလှများက မြင်ရသူတို့ မူးမေ့သွားလောက်အောင် ဖမ်းစားနိုင်သလို ရန်ကုန်တက္ကသိုလ်က ဖန်တီးထုတ်လုပ်လိုက်သည့် အနုပညာစုံသည် မြန်မာပြည်တစ်လွှား မွှေးပျံ့နေစေခဲ့၏။ မွှေးပျံ့နေဆဲလည်းဖြစ်၏။ နိုင်ငံတကာကို ပျံ့နှံ့ရောက်ရှိနေသည့် ရန်ကုန်တက္ကသိုလ်၏ ပန်းချီကားများ၊ ပန်းပုရုပ်များသည် မြန်မာ့အနုပညာလက်ရာများအဖြစ် ဂုဏ်ယူစရာ။ ရန်ကုန်တက္ကသိုလ်က မွေးထုတ်လိုက်ပြီး နယ်နိမိတ်တံတိုင်းများကို ဖြတ်သန်းကျော်ကြားခဲ့သော လူထုအသည်းစွဲခဲ့ရသည့် သီချင်းများ၊ ရုပ်ရှင်များ၊ စာအုပ်စာပေများ၊ အငြိမ့်ခွင်များ။

ရန်ကုန်တက္ကသိုလ်မှထွက်ပေါ်ကာ ကမ္ဘာတစ်ခွင် တွင်ကျယ်ခဲ့သည့် ထိပ်သီးနိုင်ငံရေးခေါင်းဆောင်ကြီးများ၊ နိုင်ငံတကာကို ဝင်ဆံ့ကျယ်ပြန့်ခဲ့ကြသည့် မြန်မာ့ပညာရှင်ကြီးများ၊ အထင်ကရစာပေနှင့် အနုပညာရှင်ကြီးများ၊ ကျော်ကြားထင်ရှားခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအနုပညာနယ်ပယ်တို့က ဦးဆောင်ကြသူများ အများအပြားရှိခဲ့ပါသည်။ ထိုသူများအတွက်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားတို့ အစဉ်အမြဲ ဂုဏ်ယူနေကြရပေသည်။

ယင်းသို့ ကြီးကျယ်ခမ်းနားခဲ့သော သမိုင်းဖြစ်စဉ်များ၊ သမိုင်းလူများ၊ သမိုင်းရေမြေသဘာဝများ၏ အရင်းအမြစ်ဖြစ်ရာ ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်ခဲ့သည်မှာ နှစ်တစ်ရာရှိခဲ့ပြီ။ အသက်ရာချီရှည်လျားခဲ့ပြီဖြစ်သည့် အမိတက္ကသိုလ်သည် ယနေ့ထိလည်း ပျိုမြစ်နေဆဲ။ အနာဂတ်သမိုင်းမော်ကွန်းထိုးရန် သမိုင်းအစဉ်အလာသစ်များကို ဆက်လက်ဖြည့်စွက် မှတ်တမ်းတင်ရန် အဆင်သင့် ဖြစ်နေဆဲ၊ အင်အားအပြည့်ရှိနေဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ် ငြိမ်းချမ်းသာယာလှပရေးအတွက် ပညာတတ်များ၊ ပညာရှင်များ၊ နိုင်ငံကို ဦးဆောင်ဦးရွက်ပြုမည့်သူများကို ဆက်လက်မွေးထုတ်ပေးနေဦးမည့် ပညာနယ်မြေအဖြစ် ယခုနှစ်တစ်ရာမှသည် နောင် အနှစ်ရာထောင်ချီကာ အစွန့်ရှည်ပါစေသတည်း။ ။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID-19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- အမျိုးသားသွေးဌာနမှ COVID-19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID-19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉–၅၁၃၀၄၁၈
  - ၀၉–၅၄၀၂၀၉၈
  - ၀၉–၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အသိပေးနှိုးဆော်ချက်

COVID-19 ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် Stay at Home အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်၊ ယခုကာလသည် ရွေးကောက်ပွဲအကြိုကာလအချိန်အခါလည်းဖြစ်သဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရလျက်ရှိပါသည်။

သို့သော် မကြာမီရက်များတွင် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိပြီး ယင်းကာလကို အကြောင်းပြု၍ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ ထိန်းချုပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့


## သီပေါမြို့နယ်၌ အထူးရဲများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**သီပေါ အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အထူးရဲများအား ကိုဗစ်–၁၉ရောဂါပိုး ရှိ၊ မရှိ Rapid Antigen Diagnostic များဖြင့် စစ်ဆေးခြင်းအား ယနေ့နံနက်ပိုင်းတွင် ၂၅၀၀ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

သီပေါမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် အထူးရဲတပ်ဖွဲ့ဝင် ၁၁၁ ဦးရှိရာ ၂၅၀၀ ဘုန်းကြီးကျောင်းတိုက်သစ်ဓမ္မာရုံ၊ ပေါ်ကြိုဘုရားကြီး ရဲစခန်းနှင့်နမ့်လန်အထကတို့၌ သုံးနေရာခွဲ၍ သင်တန်းပေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါအထူးရဲတပ်ဖွဲ့ဝင်များအား ကိုဗစ်–၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးရာ ၁၁၁ ဦးလုံး ပိုးတွေ့ရှိခြင်းမရှိကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးအောင်ထံမှ သိရသည်။

စိုင်း(သီပေါ)



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေး ဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျဝန်ထမ်းများ၊ Volunteer များအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေး ဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ ဖြန့်ဖြူးရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးမောင်မောင်ဝင်း၊ ဦးကျော်မျိုး၊ ဦးမြင့်ကြိုင်၊ ဦးစိုးအောင်နှင့်အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးများနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများသည် Virtual Meeting (Zoom) ဖြင့် တက်ရောက်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျဝန်ထမ်းများ၊ Volunteer များအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေး ဗဟိုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### အလေးထားဆောင်ရွက်

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နေသကဲ့သို့ မကြာမီ ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အထွေထွေရွေးကောက်ပွဲ၌ မဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျသူများနှင့် Volunteer များအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ အချိန်မီ ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများအား ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ရောက်ရှိလာပါက ပစ္စည်းများ လက်ခံရယူခြင်း၊ ယင်းပစ္စည်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေလွှဲပြောင်းခြင်း စသည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲကြပ်မတ်ရန် မိမိမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်ရာ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသည့် ဗဟိုကော်မတီဝင်များဖြင့် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ၊ ဖြန့်ဖြူးရေးစီမံချက်ရေးဆွဲပြီး လုပ်ငန်းများ အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ COVID-19 ကာကွယ်ရေး ပစ္စည်းများသည် တရုတ်နိုင်ငံမှ အောက်တိုဘာလ တတိယပတ်အတွင်း လေယာဉ်ခါက်ရေ ၄၀ ခန့်ဖြင့် ရန်ကုန်နှင့် မန္တလေးလေဆိပ်များသို့ ဖြန့်ခွဲရောက်ရှိမည်ဖြစ်ရာ ယမန်နေ့ အောက်တိုဘာ ၁၇ ရက်မှ စတင်ရောက်ရှိလာပြီဖြစ်ပါကြောင်း။

### ကြိုတင်စီမံ ဆောင်ရွက်

အဆိုပါ ပစ္စည်းများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာမဲရုံများအရောက် အချိန်မီ ပို့ဆောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါပစ္စည်းများမှာ ပမာဏများပြားသဖြင့် လေဆိပ်များသို့ ရောက်ရှိလာမည့် ပစ္စည်းအမျိုးအမည်နှင့် ပမာဏအား ကြိုတင်သိရှိနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရန်ကုန်လေဆိပ်နှင့် မန္တလေးလေဆိပ်၌ တာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေပေးရမည့် အရေအတွက်ပေါ်မူတည်၍ လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပို့လျှံပစ္စည်းများအား စာရင်းအင်းနှင့်တကွ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ စနစ်တကျပြန်လည်အပ်နှံမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးတို့ အနေဖြင့် သက်ဆိုင်ရာလေဆိပ်များသို့ ရောက်ရှိမည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်တို့ကို လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖြန့်ဝေပေးရမည့် ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်တို့ကို လည်းကောင်း ပြန်လည်စိစစ်ညှိနှိုင်း၍ အတည်ပြု ပြန်ကြားပေးရန် ဆွေးနွေးလိုပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်ထား

ထို့ပြင် သက်ဆိုင်ရာ လေဆိပ်များတွင် ပစ္စည်းလက်ခံခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ ငွေပေးချေခြင်းနှင့် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များ၊ လေဆိပ်တွင် ပစ္စည်းများခေတ္တထိန်းသိမ်းထားရေး ကိစ္စရပ်များကို ရန်ကုန်လေဆိပ်နှင့် မန္တလေးလေဆိပ်တို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းလက်ခံ၊ ဖြန့်ဖြူးရေးလုပ်ငန်းကော်မတီတွင် ပါဝင်သည့် ဆက်စပ်ဝန်ကြီးဌာနများမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လေဆိပ်များသို့ ရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများအား ပစ္စည်းများ စတင်ရောက်ရှိသည့်ရက်မှစ၍ အမြန်ဆုံးဆက်လက်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ထားရာ ယင်းပစ္စည်းများ အဆင်ပြေစွာ သယ်ယူဖြန့်ဝေနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အလိုက် ကြိုတင်စီစဉ်ထားရှိကြရန် လိုအပ်ပါကြောင်း၊ လေကြောင်းဖြင့် သယ်ယူရမည့် တိုင်းဒေသကြီး/ ပြည်နယ်များအတွက်လည်း လေယာဉ်ရရှိရေး ညှိနှိုင်းဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များကလည်း သက်ဆိုင်ရာ လေဆိပ်များသို့ပစ္စည်းများ လာရောက်ထုတ်ယူရာတွင် ကော်မတီဖွဲ့စည်း၍ တာဝန်ပေးအပ်ထားသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ/ မရှိ ကြိုတင်စစ်ဆေးခြင်း၊ မော်တော်ယာဉ်များ ကြံ့ခိုင်ရေး ကြိုတင်စစ်ဆေးထားရှိခြင်းတို့ ဆောင်ရွက်ထားရှိရန် လိုအပ်မည့်အပြင် လေဆိပ်မှ ပစ္စည်းများ ထုတ်ယူပြီး သယ်ယူရာ လမ်းတစ်လျှောက်ရှိ မြို့နယ်များသို့ တစ်ပါတည်း ဖြန့်ဝေနိုင်ရေးအတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

လမ်းခရီးတစ်လျှောက် သယ်ယူရာတွင် ကြန့်ကြာမှု မရှိစေရေးနှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများ အချင်းချင်း ဆက်သွယ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ မိမိဒေသအတွင်း ပို့ဆောင်ဖြန့်ဖြူးရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များကို စနစ်တကျမှတ်တမ်းတင်၍ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပစ္စည်းများ ခေတ္တထိန်းသိမ်းထားရှိခြင်း၊ ဒေသအသီးသီးသို့ ပြန်လည်သယ်ဆောင်ခြင်းတို့ ဆောင်ရွက်ရာတွင် ပျက်စီး၊ ဆုံးရှုံးမှု၊ လျော့နည်း၊ ပျောက်ဆုံးမှု မရှိစေရေး စနစ်တကျ စိစစ်လက်ခံသယ်ဆောင်သွားကြရန်နှင့် ပစ္စည်းလက်ခံ/ ထုတ်ပေး ၊ လက်ကျန် စာရင်းများအား စာရင်းဇယား စနစ်တကျထားရှိဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသော ကော်မတီဝင်များအနေဖြင့် တရုတ်နိုင်ငံမှ ပစ္စည်းပေးပို့မည့်နေ့အလိုက် ခရီးစဉ်များနှင့် ဆင်းသက်မည့် လေဆိပ်၊ လေယာဉ် တစ်စင်းချင်းအလိုက် ပါရှိမည့် ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ခွဲဝေပေးမည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ လေဆိပ်များတွင် လာရောက်ထုတ်ယူရာ၌ တွေ့ကြုံနိုင်မည့် အခက်အခဲများ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်း၊ ဦးစားပေးအစီအစဉ်အလိုက် အဆင်ပြေနိုင်ခြင်း ရှိ/ မရှိ စသည်တို့ကို အသေးစိတ် ဆွေးနွေးပေးစေလိုပါကြောင်း၊ အဓိကအားဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်ရက် မရောက်မီ သုံးရက်ခန့် ကြိုတင်၍ သက်ဆိုင်ရာ မဲရုံအသီးသီးသို့ အရောက်ပို့ဆောင်ရမည်ဖြစ်သည့်အတွက် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ လိုအပ်သည့် အကြံပြုချက်များဖြင့် ဆွေးနွေးပေးနိုင်ပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### အချိန်မီဖြန့်ဖြူး

ထို့နောက် ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ Virtual Meeting (Zoom) ဖြင့် တက်ရောက်ကြသည့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တာဝန်ခံဝန်ကြီးများက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လက်ခံ/ဖြန့်ဖြူးရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ဒေသအလိုက် မဲရုံများနှင့် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၊ ပစ္စည်းလိုအပ်ချက်များ၊ သယ်ယူဖြန့်ဖြူးရာတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စေလွှတ်ဆောင်ရွက်မည့်အခြေအနေ၊ သယ်ယူဆောင်ရွက်မည့် အစီအစဉ်များနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ သက်ဆိုင်ရာ မဲရုံများသို့ အချိန်မီ ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

### တက်ညီလက်ညီ ကြိုးပမ်း

ယင်းနောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယခုလုပ်ငန်းစဉ်သည် နိုင်ငံတော်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ဖြန့်ဝေပေးပို့မည့် COVID-19 ကာကွယ်ရေးပစ္စည်းများအား အထွေထွေရွေးကောက်ပွဲ မကျင်းပမီ သတ်မှတ်ကာလအတွင်း သတ်မှတ်နေရာ အသီးသီးသို့ ပျက်စီးဆုံးရှုံးမှု မရှိစေဘဲ ရောက်ရှိစေရေးအတွက် အားလုံးက ကဏ္ဍအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်း လိုအပ်ချက်များ၊ လုပ်ငန်းအခက်အခဲများအား အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများ၊ Volunteer များအတွက် တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ဖြစ်သည့် လက်အိတ်၊ Mask ၊ FaceShield နှင့် PPE ဝတ်စုံတို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည့် ပစ္စည်းများအား ရန်ကုန်၊ ပဲခူး၊ တနင်္သာရီ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်၊ ကယား၊ မွန်၊ ရခိုင်ပြည်နယ်တို့သို့ လည်းကောင်း၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည့် ပစ္စည်းများအား ပြည်ထောင်စုနယ်မြေ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်၊ ချင်း၊ ရှမ်းပြည်နယ်တို့သို့ လည်းကောင်း သတ်မှတ်ကာလအတွင်း အချိန်မီဖြန့်ဖြူး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်- ကိုကိုးကျွန်းခရီးစဉ် ဒုတိယအခေါက် ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်-ကိုကိုးကျွန်း ဒုတိယအခေါက် ခရီးစဉ်ကို သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV.CHARITES ရေယာဉ်ဖြင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်း အမှတ် (၃) ဆိပ်ခံတံတားမှ ထွက်ခွာသည်။ **(ယာပုံ)**

အဆိုပါခရီးစဉ်တွင် ရေယာဉ်ဝန်ထမ်း ၁၂ ဦးအပါအဝင် ဒေသခံခရီးသည် ၁၁ ဦး၊ YESC ဝန်ထမ်းခုနစ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီမှ သုံးဦး၊ ကျန်းမာရေးဝန်ထမ်း လေးဦး၊ တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခုနစ်ဦး၊ ရဲတပ်ဖွဲ့မှ ခုနစ်ဦး၊ ACKM ဆိုလာ ကုမ္ပဏီမှ ၁၆ ဦး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သုံးဦး လိုက်ပါခဲ့ကြသည်။

ခရီးစဉ်တွင် လိုက်ပါမည့်သူများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ Coronavirus Disease 2019 (COVID–19)နှင့် ပတ်သက်၍ ၁၄ ရက် Quarantine ဝင်ရောက်ခဲ့သောသူများ ဖြစ်သည်။

ထို့အတူ သင်္ဘောပေါ်၌ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ အပါအဝင် စုစုပေါင်း တန် ၂၂၀ ခန့် တင်ဆောင်သွားကြောင်း သိရသည်။

အဆိုပါရေယာဉ်ထွက်ခွာရာသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



❁ *ရှေ့ဖုံးမှ*

မြန်မာသံရုံးများမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျဆန္ဒမဲများပေးခဲ့ကြကြောင်း သိရသည်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံးသုံးရုံးနှင့် ပြင်ပမဲရုံခွဲ တစ်ခုတို့၌ မဲဆန္ဒရှင် စုစုပေါင်း ၃၀၁၅ ဦးခန့် ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဘန်ကောက်မြို့ရှိ မြန်မာသံရုံး၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။



စင်ကာပူရှိ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။



ဒူဘိုင်းမြို့ရှိ ပြင်ပမဲရုံခွဲ၌ ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

# ပြည်သူသာလျှင် အဓိက

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း မြို့နယ်၊ ရပ်ကျေးကော်မရှင်များနှင့် တွေ့ဆုံဆွေးနွေး

ရေတာရှည် အောက်တိုဘာ ၁၈

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု နတ်ရေတွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း သာသနမမ္မရက္ခိတဗိမာန်ဓမ္မာရုံ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက မြို့နယ် ရပ်ကျေးကော်မရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။** *(ယာပုံ)*



တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးချုပ်က မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲပေးခွင့် ရှိသူအားလုံး လွတ်လပ်စွာ မဲပေးနိုင်ရေးနှင့် အခက်အခဲများ ရှိပါက ဌာနဆိုင်ရာများ အနေဖြင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးစိန်ထွန်းက မြို့နယ်အတွင်းရှိ မဲရုံများ၊ တပ်နယ်မဲရုံများ၊ အသက် ၆၀ နှင့် အထက် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ရှိနေကြသူများအား ကြိုတင်မဲ ရယူခြင်းနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်း၊ ဆင့်ပွားသင်တန်းပေးမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ နန္ဒာညီဆွေက ကျန်းမာရေးဦးစီးဌာနအနေဖြင့် မဲရုံအလိုက် ကိုဗစ်ကပ်ရောဂါ သတ်မှတ်စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

### ဖြည့်စွက်ရှင်းလင်း

ရွေးကောက်ပွဲကာလအတွင်း မဲရုံများ လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေးနှင့် လျှပ်စစ်မီးမရှိသည့် မဲရုံများအား မီးလင်းနိုင်ရေးအတွက် အစီအမံများနှင့်ပတ်သက်၍ ရေတာရှည်မြို့ မြို့ပြအင်ဂျီနီယာမှူး ဦးဖြိုးစည်သူက ဆွေးနွေးခဲ့ပြီး ဝန်ကြီးချုပ်က ဖြည့်စွက် ရှင်းလင်းသည်။ **ကိုလွင်(ဆွာ)**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ကူညီသည့် ဆေးရုံသုံးလက်အိတ်များနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၈**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထောက်ပံ့ကူညီသည့် ဆေးရုံသုံးလက်အိတ်များနှင့် လူသားချင်း စာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။




ယနေ့ခရီးစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Mr. Stephen Anderson က " ယနေ့ခရီးစဉ်မှာတော့ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ JICA, ICRC, UKAID တို့လို အဖွဲ့အစည်းတွေရဲ့ ကျွမ်းကျင်ပညာရှင်တွေ၊ အထောက်အပံ့ပေးရေးဝန်ထမ်းတွေ လိုက်ပါလာပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ ကိုဗစ်- ၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ WHO က ဝယ်ယူထားတဲ့ တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်းတွေကို သယ်ဆောင်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအတွက်ရော ကမ္ဘာ့အရပ်ရပ်မှာပါ နိုင်ငံတကာ လေကြောင်းခရီးစဉ်တွေ ပြန်ပြီး မလည်ပတ်နိုင်မီ အချိန်အထိ အခုလို ဝန်ဆောင်မှုပေးသွားနိုင်ဖို့ WFP အနေနဲ့ ဆက်လက် ကြိုးစားသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

ယနေ့ခရီးစဉ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီမည့် ဆေးရုံသုံးလက်အိတ်အစုံ ၄၃၀၀၀ နှင့် အတူ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် JICA, ICRC, UKAID စသည့်အဖွဲ့အစည်းများမှ သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင် ဝန်ထမ်းများ လိုက်ပါလာကြသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် ကုလသမဂ္ဂ၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လေကြောင်း ပျံသန်းမှုအကူအညီ အစီအစဉ်ကို မေ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယင်းအစီအစဉ်အရ ယနေ့တွင် ၂၄ ကြိမ်မြောက် ခရီးစဉ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

WFP ၏ အဆိုပါအစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေးဗဟိုဌာန (Logistics Hubs) များနှင့် ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများဆီသို့ ကူညီကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေခြင်း ဖြစ်သည်။

**ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

**❒ *ရှေ့ဖုံးမှ***

ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံးတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် အမေရိကန်ပြည်ထောင်စုမှ ၅၁ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ၆၁ ဦး စုစုပေါင်း ၁၁၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အမေရိကန်ပြည်ထောင်စုရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လျက် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကယ်ဆယ်ရေးလေယာဉ် ခုနစ်ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ကျောက်ဖြူ အောက်တိုဘာ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၁၀၅၉ ဒသမ ၆၇၈ သန်းဖြင့် မြေသားလမ်း(၂/၀)မိုင်၊ ဒီရေတာ မြေဖို့ခြင်းလုပ်ငန်း (၀/၆)မိုင်၊ ကျောက်ချောလမ်း(၄/၁)မိုင်၊ ၂၅ ပေ ကွန်ကရစ်တံတားတစ်စင်း၊ ရေထုတ်ပြွန်တံတားရှစ်စင်း၊ ပိုက်ပြွန်တံတားလေးစင်းနှင့် ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းနှစ်ခုတို့အား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအနက် ဆင်ဘုတ်ကျေးရွာအုပ်စု၊ လူချေတောင်ရင်း ကျွန်းချောင်စပါးထားဆိပ်ကမ်းထိ မြေသားလမ်း(၂/၀)မိုင်၊ ကျောက်လမ်း (၂/၀)မိုင်၊ ရေထုတ်ပြွန်တံတားနှစ်စင်း၊ ပိုက်ပြွန်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ယင်းကျေးရွာချင်းဆက် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းကြောင့် ကျွန်းကြီး- သိုင်းချောင်း- တံတားဦး- ငသိုင်းချောင်း ကျေးရွာချင်းဆက်လမ်းကို ဖြတ်ကာ ကျောက်ဖြူ - မအီ- တောင်ကုတ် ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်စပ်သွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများအနေဖြင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ကုန်စည်စီးဆင်းမှု ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# နိုင်ငံတော်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်သူ့အကျိုးပြု ပညာရေးဆိုင်ရာ မှတ်တိုင်များ

## အပိုင်း(၁) အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ

ပညာရေးဝန်ကြီးဌာနသည် ပညာရေးအရည်အသွေးရှိရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) အရ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ငန်းစဉ် ၁၂ ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးများနှင့် တိုင်းရင်းသားဒေသများ၌ ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်ဧပြီလမှစ၍ ကျောင်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းကို သတ်မှတ်ထားသည့် ကျောင်းသားဦးရေ ပြည့်မီခြင်း သို့မဟုတ် သွားလာရေးခက်ခဲသည့် ဒေသများတွင် ပင်မကျောင်းနှင့် ၂ မိုင်အထက် ကွာဝေးခြင်း သို့မဟုတ် မြေပြန့်ဒေသများတွင် ပင်မကျောင်းနှင့် ၃ မိုင်အထက် ကွာဝေးခြင်းနှင့် အထက်တန်းကျောင်းအဆင့် တိုးမြှင့်ခြင်းဖြစ်ပါက သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီခြင်း သို့မဟုတ် ပင်မကျောင်းနှင့် ၁၀ မိုင်အထက် ကွာဝေးခြင်းတို့ဖြင့် ပြင်ဆင်သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ပါသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် (ယခု နိုင်ငံတော်သမ္မတ) နှင့် တာဝန်ရှိသူများ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်းအခမ်းအနားတွင် ပြခန်းများ လှည့်လည်ကြည့်ရှုစဉ်။ (၂၃-၂-၂၀၁၇)




ကျောင်းသား ကျောင်းသူများ ပညာသင်ယူရန် အခွင့်အလမ်း ရရှိစေရေးအတွက် ကျောင်းများကို အဆင့်တိုးမြှင့်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကျောင်းပေါင်း ၁၉၀၀၀ ကျော် တိုးခဲ့ရာမှ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကျောင်းပေါင်း ၂၄၀၀၀ ကျော် အဆင့်တိုးတက်ခဲ့ပါသည်။

အခြေခံပညာကျောင်းများကို ကျောင်းသား ကျောင်းသူများ တက်ရောက် သင်ယူနိုင်ရန် ကျောင်းအဆင့် တိုးမြှင့်ပေးသကဲ့သို့ ကျောင်းသစ်များလည်း ဖွင့်လှစ်ပေးရာ ၂၀၂၀-၂၁ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၄၇၇၆၀ အထိ ဖွင့်လှစ်လျက်ရှိပါသည်။




| စဉ် | ကျောင်းအဆင့် | ကျောင်းသားဦးရေ (ယခင် နှင့် ယခု) | ထူးခြားသောအခြေအနေ (ယခု) |
|---|---|---|---|
| ၁ | အမက (ခွဲ) | မူဆင့်သင်ကျောင်းသား **(၅၅)ဦးမှ (၁၀၀)ဦးအထိ** (တွဲ)မ/ကအမကကျောင်းများ | မြေပြန့်ဒေသတွင် အနီးဆုံးကျောင်းနှင့် **(၃)မိုင် အထက်** ကွာဝေးခြင်း၊ သွားလာရေး ခက်ခဲသော တောင်တန်း/ မြစ်ချောင်း ပေါ်များသည့် ဒေသဖြစ်ပါက မူဆင့်သင် ကျောင်းသား၊ ကျောင်းသူ **(၂၀) ဦး မှ (၅၅) ဦးအထိ** (သို့မဟုတ်) အနီးဆုံးကျောင်းနှင့် **(၂)မိုင်အထက်** ကွာဝေးခြင်း။ |
| ၂ | အမက | မူဆင့်သင်ကျောင်းသား**(၅၅)ဦးနှင့် အထက်**မူ(ခွဲ)(သို့)**(၁၀၀)ဦးနှင့် အထက်**ရှိ တွဲမ/ကအမက ကျောင်းများ | မြေပြန့်ဒေသတွင် အနီးဆုံးကျောင်းနှင့် **(၃)မိုင် အထက်** ကွာဝေး ခြင်း (သို့မဟုတ်)သွားလာရေးခက်ခဲသော တောင်တန်း/ မြစ်ချောင်းပေါ်များသည့်ဒေသဖြစ်ပါက အနီးဆုံးကျောင်းနှင့် **(၂)မိုင်အထက်** ကွာဝေးခြင်း၊ လက်ရှိ ကျောင်းအဆင့်သက်တမ်း(၂)နှစ်ရှိခြင်း (ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ကျောင်း များမပါ) |
| ၃ | မူလွန် | မူဆင့်သင်ကျောင်းသား **(၂၅၀)နှင့်အထက်** အမကကျောင်းများ | မြေပြန့်ဒေသတွင် **အနီးဆုံးအလယ်တန်းဆင့်သင်ကျောင်းနှင့် (၃)မိုင် အထက်** ကွာဝေးခြင်း (သို့မဟုတ်) သွားလာရေး ခက်ခဲသော တောင်တန်း/ မြစ်ချောင်းပေါ်များသည့် ဒေသဖြစ်ပါက **အနီးဆုံး အလယ်တန်းဆင့်သင်ကျောင်းနှင့် (၂)မိုင်** အထက်ကွာဝေးခြင်း၊ လက်ရှိ ကျောင်းအဆင့်သက်တမ်း (၂)နှစ်ရှိခြင်း (ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျောင်း များမပါ) |
| ၄ | အလက (ခွဲ) | လယ်ဆင့်သင် ကျောင်းသား**(၂၀၀)နှင့် အထက်**လ(တွဲ)/မူ(လွန်)များ | မြေပြန့်ဒေသတွင် **အနီးဆုံး အလယ်တန်းဆင့်သင်ကျောင်းနှင့် (၃)မိုင် အထက်** ကွာဝေးခြင်း (သို့မဟုတ်) သွားလာရေး ခက်ခဲသော တောင်တန်း/ မြစ်ချောင်းပေါ်များသည့်ဒေသဖြစ်ပါက **အနီးဆုံး အလယ်တန်းဆင့်သင် ကျောင်းနှင့် (၂)မိုင်** အထက်ကွာဝေးခြင်း၊ လက်ရှိ ကျောင်းအဆင့်သက်တမ်း(၂) နှစ်ရှိခြင်း (ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်းမှ ကျောင်း များမပါ) |
| ၅ | အလက | အလယ်တန်းဆင့်သင် ကျောင်းသား**(၂၄၀)နှင့် အထက်** လ(ခွဲ)/လ(တွဲ)/ မူလွန်များ | မြေပြန့်ဒေသတွင် **အနီးဆုံးအလယ်တန်းဆင့်သင်ကျောင်းနှင့် (၃)မိုင် အထက်** ကွာဝေးခြင်း (သို့မဟုတ်) သွားလာရေး ခက်ခဲသော တောင်တန်း/ မြစ်ချောင်းပေါ်များသည့်ဒေသ ဖြစ်ပါက **အနီးဆုံး အလယ်တန်းဆင့်သင်ကျောင်းနှင့် (၂)မိုင် အထက်**ကွာဝေးခြင်း၊ လက်ရှိ ကျောင်းအဆင့်သက်တမ်း (၂)နှစ်ရှိခြင်း (ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျောင်း များမပါ) |
| ၆ | အထက (ခွဲ) | လယ်ဆင့်သင် ကျောင်းသား**(၃၀၀) နှင့် အထက်**ရှိ အလကများ၊ ထက်ဆင့်သင် ကျောင်းသား ဦးရေ **(၁၀၀)ဦးနှင့် အထက်** တွဲ(ထ)များ | မြေပြန့်ဒေသတွင် **အနီးဆုံးအထက်တန်းဆင့်သင်ကျောင်း နှင့် (၃)မိုင် အထက်** ကွာဝေးခြင်း (သို့မဟုတ်) သွားလာရေး ခက်ခဲသော တောင်တန်း/ မြစ်ချောင်းပေါ်များသည့် ဒေသဖြစ်ပါက **အနီးဆုံး အထက်တန်းဆင့်သင်ကျောင်းနှင့် (၂)မိုင် အထက်** ကွာဝေးခြင်း၊ လက်ရှိကျောင်းအဆင့်သက်တမ်း (၂)နှစ်ရှိခြင်း (ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်းမှ ကျောင်း များမပါ) |
| ၇ | အထက | အထက်တန်းအဆင့်သင် ကျောင်းသား**(၂၀၀)ဦးနှင့်အထက်ရှိ** ထ(ခွဲ)ကျောင်း၊ | သတ်မှတ် **ကျောင်းသားဦးရေ ပြည့်မီမှသာ** ကျောင်း အဆင့်တိုးရန် (သို့မဟုတ်) သွားလာရေး ခက်ခဲသော တောင်တန်း/ မြစ်ချောင်း ပေါ်များသည့်ဒေသဖြစ်ပါက **အနီးဆုံးအထက်တန်းဆင့်သင်ကျောင်းနှင့် (၁၀)မိုင် အထက်**ကွာဝေးခြင်း၊ လက်ရှိကျောင်းအဆင့်သက်တမ်း (၂)နှစ်ရှိခြင်း (ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးအတွင်းမှ ကျောင်း များမပါ) |





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စတင်ဆောင်ရွက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ပညာသင်ယူမှု အခွင့်အလမ်းများ ပိုမိုရရှိရေးအတွက် အခြေခံပညာကျောင်းများကို အောက်ပါအတိုင်း အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါသည်-

**၂၀၁၅-၁၆ ပညာသင်နှစ်မှ ၂၀၁၉-၂၀ ပညာသင်နှစ်အထိ တိုးမြှင့်ပေးခဲ့သော အဆင့်အလိုက် ကျောင်းများစာရင်း**

| ပညာသင်နှစ် | တိုးမြှင့်ပေးခဲ့သည့်ကျောင်းအဆင့်များ | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ထက် | လယ် | မူ | ထက်ခွဲ | လယ်ခွဲ | မူလွန် | မူခွဲ | ပေါင်း |
| ၂၀၁၅-၁၆ | ၁၄၇ | ၃၁၅ | ၆၈၀ | ၃၇၅ | ၁၇၁၂ | ၂၇၄၂ | ၉၁၅ | ၆၈၈၆ |
| ၂၀၁၆-၁၇ | ၄၈ | ၆၀ | ၂၃၆ | ၃၁၉ | ၉၀၇ | ၁၂၄၂ | ၅၀၈ | ၃၃၂၀ |
| ၂၀၁၇-၁၈ | ၁၁၃ | ၁၆၁၂ | ၈၄၀ | ၁၇၃ | ၇၃၅ | ၉၆၈ | ၄၅၉ | ၅၁၀၀ |
| ၂၀၁၈-၁၉ | ၁၁၅ | ၂၀၁၀ | ၈၆၄ | ၅၈၆ | ၁၀၇၆ | ၁၀၀၈ | ၅၂၈ | ၆၃၈၆ |
| ၂၀၁၉-၂၀ | ၂၅၄ | ၁၁၆၈ | ၇၇၀ | ၁၀၄၇ | ၉၁၉ | ၁၀၆၂ | ၄၃၁ | ၅၆၅၁ |

| ကျောင်း | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း |
|---|---|---|---|---|
| **၂၀၁၅-၁၆ ပညာသင်နှစ်** | **၃၉၈၉** | **၁၃၉၈၄** | **၂၉၆၃၄** | **၄၇၆၀၇** |
| အခြေခံ | ၃၅၁၃ | ၁၃၃၅၈ | ၂၈၆၁၃ | ၄၅၄၈၄ |
| ဘုန်းတော်ကြီးသင် | ၂ | ၅၇၆ | ၉၆၀ | ၁၅၃၈ |
| ကိုယ်ပိုင်ကျောင်း | ၄၇၄ | ၅၀ | ၆၁ | ၅၈၅ |
| **၂၀၁၆-၁၇ ပညာသင်နှစ်** | **၄၃၀၈** | **၁၄၉၉၁** | **၂၈၈၆၉** | **၄၈၁၆၈** |
| အခြေခံ | ၃၈၃၂ | ၁၄၃၀၄ | ၂၇၈၇၁ | ၄၆၀၀၇ |
| ဘုန်းတော်ကြီးသင် | ၂ | ၆၃၇ | ၉၃၇ | ၁၅၇၆ |
| ကိုယ်ပိုင်ကျောင်း | ၄၇၄ | ၅၀ | ၆၁ | ၅၈၅ |
| **၂၀၁၇-၁၈ ပညာသင်နှစ်** | **၄၅၈၈** | **၁၅၈၀၆** | **၂၈၃၇၇** | **၄၈၇၇၁** |
| အခြေခံ | ၄၀၀၂ | ၁၅၁၀၃ | ၂၇၃၈၉ | ၄၆၄၉၄ |
| ဘုန်းတော်ကြီးသင် | ၂ | ၆၃၆ | ၉၀၉ | ၁၅၄၇ |
| ကိုယ်ပိုင်ကျောင်း | ၅၈၄ | ၆၇ | ၇၉ | ၇၃၀ |
| **၂၀၁၈-၁၉ ပညာသင်နှစ်** | **၅၃၂၇** | **၁၆၂၃၉** | **၂၇၈၉၀** | **၄၉၄၅၆** |
| အခြေခံ | ၄၅၉၂ | ၁၅၅၁၇ | ၂၆၉၂၂ | ၄၇၀၃၁ |
| ဘုန်းတော်ကြီးသင် | ၂ | ၆၄၆ | ၈၇၉ | ၁၅၂၇ |
| ကိုယ်ပိုင်ကျောင်း | ၇၃၃ | ၇၆ | ၈၉ | ၈၉၈ |
| **၂၀၁၉-၂၀ ပညာသင်နှစ်** | **၆၅၃၁** | **၁၆၃၀၂** | **၂၇၂၆၃** | **၅၀၀၉၆** |
| အခြေခံ | ၅၆၄၈ | ၁၅၅၃၁ | ၂၆၂၉၃ | ၄၇၄၇၂ |
| ဘုန်းတော်ကြီးသင် | ၂ | ၆၉၀ | ၈၃၈ | ၁၅၃၀ |
| ကိုယ်ပိုင်ကျောင်း | ၈၈၁ | ၈၁ | ၁၃၂ | ၁၀၉၄ |

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (ဘောဂဝတီ) စံပြကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ကျင်းပမှုအပြီး ကလေးငယ်များ စာပေသင်ကြားလေ့လာမှု ကြည့်ရှုအားပေးစဉ်။


## ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ကျောင်းအဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းကို သတ်မှတ်ထားသည့် ကျောင်းသားဦးရေ ပြည့်မီခြင်း သို့မဟုတ် သွားလာရေးခက်ခဲသည့် ဒေသများတွင် ပင်မကျောင်းနှင့် ၂ မိုင်အထက် ကွာဝေးခြင်း သို့မဟုတ် မြေပြန့်ဒေသများတွင် ပင်မကျောင်းနှင့် ၃ မိုင်အထက် ကွာဝေးခြင်းနှင့် အထက်တန်းကျောင်းအဆင့် တိုးမြှင့်ခြင်းဖြစ်ပါက သတ်မှတ်ကျောင်းသားဦးရေပြည့်မီခြင်း သို့မဟုတ် ပင်မကျောင်းနှင့် ၁၀ မိုင်အထက် ကွာဝေးခြင်းတို့ဖြင့် ပြင်ဆင်သတ်မှတ်ပြီး ဆောင်ရွက်ခဲ့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးစဉ်။

| ဆရာ | ထက်ပြ | လယ်ပြ | မူပြ | ပေါင်း |
|---|---|---|---|---|
| **၂၀၁၅-၁၆ ပညာသင်နှစ်** | **၄၁၀၁၉** | **၉၉၅၁၈** | **၂၂၉၂၄၂** | **၃၆၉၇၇၉** |
| အခြေခံ | ၃၆၃၈၆ | ၉၄၂၁၉ | ၂၁၉၇၈၇ | ၃၅၀၃၉၂ |
| ဘုန်းတော်ကြီးသင် | ၂၈၃ | ၂၉၀၆ | ၇၈၅၅ | ၁၁၀၄၄ |
| ကိုယ်ပိုင်ကျောင်း | ၄၃၅၀ | ၂၃၉၃ | ၁၆၀၀ | ၈၃၄၃ |
| **၂၀၁၆-၁၇ ပညာသင်နှစ်** | **၄၃၉၈၁** | **၁၀၃၈၈၆** | **၂၅၉၁၈၀** | **၄၀၇၀၄၇** |
| အခြေခံ | ၃၉၄၇၈ | ၉၉၄၃၁ | ၂၅၁၉၆၀ | ၃၉၀၈၆၉ |
| ဘုန်းတော်ကြီးသင် | ၁၅၃ | ၂၀၆၂ | ၅၆၂၀ | ၇၈၃၅ |
| ကိုယ်ပိုင်ကျောင်း | ၄၃၅၀ | ၂၃၉၃ | ၁၆၀၀ | ၈၃၄၃ |
| **၂၀၁၇-၁၈ ပညာသင်နှစ်** | **၄၇၈၅၅** | **၁၁၁၄၁၉** | **၂၅၆၄၀၇** | **၄၁၅၆၈၁** |
| အခြေခံ | ၄၂၃၇၀ | ၁၀၆၃၅၀ | ၂၄၈၆၆၇ | ၃၉၇၃၈၇ |
| ဘုန်းတော်ကြီးသင် | ၁၅၄ | ၂၁၁၁ | ၅၅၉၆ | ၇၈၆၁ |
| ကိုယ်ပိုင်ကျောင်း | ၅၃၃၁ | ၂၉၅၈ | ၂၁၄၄ | ၁၀၄၃၃ |
| **၂၀၁၈-၁၉ ပညာသင်နှစ်** | **၄၉၅၁၀** | **၁၂၀၁၅၈** | **၂၅၁၀၉၄** | **၄၂၀၇၆၂** |
| အခြေခံ | ၄၂၆၁၆ | ၁၁၄၅၆၈ | ၂၄၃၀၆၈ | ၄၀၀၂၅၂ |
| ဘုန်းတော်ကြီးသင် | ၁၄၈ | ၂၂၂၃ | ၅၅၀၁ | ၇၈၇၂ |
| ကိုယ်ပိုင်ကျောင်း | ၆၇၄၆ | ၃၃၆၇ | ၂၅၂၅ | ၁၂၆၃၈ |
| **၂၀၁၉-၂၀ ပညာသင်နှစ်** | **၆၁၉၈၉** | **၁၃၆၁၉၈** | **၂၅၆၅၁၉** | **၄၅၄၇၀၆** |
| အခြေခံ | ၅၄၀၉၄ | ၁၃၀၁၅၈ | ၂၄၈၁၈၇ | ၄၃၂၄၃၉ |
| ဘုန်းတော်ကြီးသင် | ၁၄၁ | ၂၃၂၇ | ၅၂၆၉ | ၇၇၃၇ |
| ကိုယ်ပိုင်ကျောင်း | ၇၇၅၄ | ၃၇၁၃ | ၃၀၆၃ | ၁၄၅၃၀ |




အခြေခံပညာကျောင်း ဦးရေသည် ၂၀၁၅-၁၆ ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၉-၂၀ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအရေအတွက် ၂၁၆၉ ကျောင်း ပိုမိုတိုးတက်လာပြီး အထက်တန်းကျောင်းပေါင်း ၂၁၃၅ ကျောင်း ပိုမိုတိုးတက်လာပါသည်။ အလယ်တန်း၊ အထက်တန်းပညာ ပိုမိုသင်ယူနိုင်မည့်အခွင့်အလမ်းများ ရရှိသည့်အတွက် ၂၀၁၅-၁၆ ပညာသင်နှစ်နှင့်နှိုင်းယှဉ်ပါက အထက်တန်းကျောင်းသားဦးရေ ၃၁၃၈၀၈ ဦးနှင့် အလယ်တန်းကျောင်းသားဦးရေ ၃၉၃၉၆၁ ဦး ပိုမိုတိုးတက်သင်ယူလာနိုင်ခဲ့ပြီး မူလတန်းတွင် သက်လွန်ကျောင်းသားကလေးငယ်များ လျော့ပါးသွားပြီး အတန်းနှင့် ကိုက်ညီသည့် အသက်အရွယ်အလိုက် အဆင့်အလိုက် ပညာသင်ယူလာနိုင်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

| ကျောင်းသား | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း |
|---|---|---|---|---|
| **၂၀၁၅-၁၆ ပညာသင်နှစ်** | **၉၃၆၁၈၈** | **၂၈၉၃၆၄၁** | **၅၄၂၉၈၆၇** | **၉၂၅၉၆၉၆** |
| အခြေခံ | ၈၄၀၇၀၆ | ၂၇၉၅၁၁၂ | ၅၂၃၁၈၁၅ | ၈၈၆၇၆၃၃ |
| ဘုန်းတော်ကြီးသင် | ၆၁၆၇ | ၇၂၀၆၅ | ၁၇၄၀၃၁ | ၂၅၂၂၆၃ |
| ကိုယ်ပိုင်ကျောင်း | ၈၉၃၁၅ | ၂၆၄၆၄ | ၂၄၀၂၁ | ၁၃၉၈၀၀ |
| **၂၀၁၆-၁၇ ပညာသင်နှစ်** | **၁၀၁၀၀၉၂** | **၂၉၅၉၀၆၉** | **၅၃၉၅၃၁၁** | **၉၃၆၄၄၇၂** |
| အခြေခံ | ၉၂၆၅၃၆ | ၂၈၄၆၈၁၂ | ၅၁၄၃၂၃၀ | ၈၉၁၆၅၇၈ |
| ဘုန်းတော်ကြီးသင် | ၆၁၄၄ | ၈၁၄၄၉ | ၂၁၉၄၄၁ | ၃၀၇၀၃၄ |
| ကိုယ်ပိုင်ကျောင်း | ၇၇၄၁၂ | ၃၀၈၀၈ | ၃၂၆၄၀ | ၁၄၀၈၆၀ |
| **၂၀၁၇-၁၈ ပညာသင်နှစ်** | **၁၀၅၃၄၇၁** | **၃၁၀၆၃၂၁** | **၅၄၂၇၈၁၂** | **၉၆၈၇၆၀၄** |
| အခြေခံ | ၁၀၄၉၄၄၄ | ၂၉၈၆၄၁၃ | ၅၁၆၃၃၀၂ | ၉၁၉၉၁၅၉ |
| ဘုန်းတော်ကြီးသင် | ၆၁၇၃ | ၈၂၉၉၁ | ၂၂၀၀၂၁ | ၃၀၉၁၈၅ |
| ကိုယ်ပိုင်ကျောင်း | ၉၇၈၅၄ | ၃၆၉၁၇ | ၄၄၄၈၉ | ၁၇၉၂၆၀ |
| **၂၀၁၈-၁၉ ပညာသင်နှစ်** | **၁၂၃၅၅၇၈** | **၃၁၉၂၈၄၆** | **၅၂၇၇၉၈၉** | **၉၇၀၆၄၁၃** |
| အခြေခံ | ၁၁၀၃၁၀၆ | ၃၀၆၀၇၈၆ | ၅၀၀၄၂၀၃ | ၉၁၆၈၀၉၅ |
| ဘုန်းတော်ကြီးသင် | ၅၉၃၉ | ၈၈၂၇၀ | ၂၁၅၇၂၉ | ၃၀၉၉၃၈ |
| ကိုယ်ပိုင်ကျောင်း | ၁၂၆၅၃၃ | ၄၃၇၉၀ | ၅၈၀၅၇ | ၂၂၈၃၈၀ |
| **၂၀၁၉-၂၀ ပညာသင်နှစ်** | **၁၂၄၉၉၉၆** | **၃၂၈၇၆၀၂** | **၅၁၇၈၇၇၅** | **၉၇၁၆၃၇၃** |
| အခြေခံ | ၁၀၉၅၂၉၅ | ၃၁၄၄၅၉၈ | ၄၈၉၈၆၁၄ | ၉၁၃၈၅၀၇ |
| ဘုန်းတော်ကြီးသင် | ၁၂၄၂၄ | ၉၅၄၄၅ | ၂၀၈၀၇၅ | ၃၁၅၉၄၄ |
| ကိုယ်ပိုင်ကျောင်း | ၁၄၂၂၇၇ | ၄၇၅၅၉ | ၇၂၀၈၆ | ၂၆၁၉၂၂ |

# မြန်မြန်စစ်၊ မြန်မြန်သိ၊ မြန်မြန်ကုသ၊ မြန်မြန်ပျောက်



မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် စမ်းသပ်နိုင်တဲ့ test kit တွေကို သုံးပြီဆိုရင် ရောဂါပိုးရှိတာတွေ ပိုပြီးတော့ တွေ့လာမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မြန်စစ်လိုက်တဲ့အခါကျတော့ မြန်မြန်သိရတယ်။ အဲဒါကြောင့်လည်း စိတ်ခတ်မကျပါနဲ့။ ဒီလို မြန်မြန်သိရတဲ့အခါကျတော့ စောစောစီးစီး ကုသမှုပေးနိုင်တယ်။ ပျောက်နှုန်းက ပိုပြီးတော့ ကောင်းလာမယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၁၈

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## နွားထိုးကြီးမြို့၌ ရွေးကောက်ပွဲကာလ တာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဖွင့်

နွားထိုးကြီး အောက်တိုဘာ ၁၈

နွားထိုးကြီးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလတွင် လုံခြုံရေးတာဝန် ထမ်းဆောင်မည့် အထူးရဲများအား သင်တန်းပို့ချခြင်းကို အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ အထက (နွားထိုးကြီး) ၌ ဖွင့်လှစ်လျက်ရှိသည်။ (အောက်ပုံ)

အောက်တိုဘာ ၁၈ ရက်က အဆိုပါသင်တန်းကျောင်း၌ နွားထိုးကြီးမြို့နယ် ပြင်စည်ရဲစခန်းမှူး ရဲအုပ်ဇော်မင်းထွန်း ကြီးကြပ်မှုဖြင့် အထူးရဲ ၂၂၀ တို့သည် သင်တန်းကျောင်းခန်းမ၊ ထမင်းစားဆောင်နှင့် အိပ်ဆောင်တို့ကို ကိုဗစ်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဌေးမြင့်မောင်



## ၁၈-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၄၅၆၃၃ | ၅၄၃၂၄၇၄ | ၂၂၄၂၉၅ |
| ၂။ | အိန္ဒိယ | ၇၅၀၄၇၄၃ | ၆၆၀၆၂၉၁ | ၁၁၄၁၅၄ |
| ၃။ | ဘရာဇီး | ၅၂၂၄၃၆၂ | ၄၆၃၅၃၁၅ | ၁၅၃၆၉၀ |
| ၄။ | ရုရှား | ၁၃၉၉၃၃၄ | ၁၀၇၀၅၇၆ | ၂၄၁၈၇ |
| ၅။ | စပိန် | ၉၈၂၇၂၃ | စိစစ်ဆဲ | ၃၃၇၇၅ |
| ၆။ | အာဂျင်တီးနား | ၉၇၉၁၁၉ | ၇၉၁၁၇၄ | ၂၆၁၀၇ |
| ၇။ | ကိုလံဘီယာ | ၉၅၂၃၇၁ | ၈၄၇၄၆၇ | ၂၈၈၀၃ |
| ၈။ | ပြင်သစ် | ၈၆၇၁၉၇ | ၁၀၄၆၉၆ | ၃၃၃၉၂ |
| ၉။ | ပီရူး | ၈၆၅၅၄၉ | ၇၇၄၃၅၆ | ၃၃၇၀၂ |
| ၁၀။ | မက္ကဆီကို | ၈၄၇၁၀၈ | ၆၁၅၆၈၀ | ၈၆၀၅၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၆၁၈၆၇ | ၂၈၅၃၂၄ | ၁၂၅၁၁ |
| ဖိလစ်ပိုင် | ၃၅၆၆၁၈ | ၃၁၀၁၅၈ | ၆၆၅၂ |
| စင်ကာပူ | ၅၇၉၁၁ | ၅၇၇၉၈ | ၂၈ |
| မြန်မာ | ၃၆၀၂၅ | ၁၇၀၇၆ | ၈၈၀ |
| မလေးရှား | ၂၀၄၉၈ | ၁၃၂၆၂ | ၁၈၇ |
| ထိုင်း | ၃၆၈၆ | ၃၄၈၁ | ၅၉ |
| ဗီယက်နမ် | ၁၁၃၄ | ၁၀၃၁ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၃ | ၂၈၀ | ၀ |
| ဘရူနိုင်း | ၁၄၇ | ၁၄၃ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၈-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၇-၁၀-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၈၇)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၈၈ |
| | | မင်္ဂလာဒုံ | ၈၆ |
| | | လှိုင်သာယာ | ၈၂ |
| | | လှိုင် | ၇၉ |
| | | မြောက်ဥက္ကလာပ | ၇၄ |
| | | ရွှေပြည်သာ | ၄၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၄၂ |
| | | ကြည့်မြင်တိုင် | ၃၉ |
| | | သန်လျင် | ၃၈ |
| | | သင်္ဃန်းကျွန်း | ၃၆ |
| | | တာမွေ | ၃၄ |
| | | ပန်းပဲတန်း | ၃၀ |
| | | ဒေါပုံ | ၃၀ |
| | | ဗိုလ်တထောင် | ၂၈ |
| | | မရမ်းကုန်း | ၂၇ |
| | | မှော်ဘီ | ၂၆ |
| | | ဗဟန်း | ၂၄ |
| | | ဒလ | ၂၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၁ |
| | | သာကေတ | ၂၁ |
| | | မင်္ဂလာတောင်ညွန့် | ၂၁ |
| | | တောင်ဥက္ကလာပ | ၁၈ |
| | | အင်းစိန် | ၁၅ |
| | | လမ်းမတော် | ၁၅ |
| | | တွံတေး | ၁၄ |
| | | ကျောက်တံတား | ၁၄ |
| | | လသာ | ၁၄ |
| | | ရန်ကင်း | ၁၁ |
| | | စမ်းချောင်း | ၁၁ |
| | | ကျောက်တန်း | ၁၁ |
| | | အလုံ | ၉ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၉ |
| | | ထန်းတပင် | ၆ |
| | | ကမာရွတ် | ၅ |
| | | ကော့မှူး * | ၄ |
| | | ဒဂုံ | ၄ |
| | | သုံးခွ | ၄ |
| | | ပုဇွန်တောင် | ၃ |
| | | လှည်းကူး | ၁ |
| | | ခရမ်း | ၁ |
| | | တိုက်ကြီး | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | | စုစုပေါင်း | ၁,၀၆၃ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | မင်းလှ | ၂၀ |
| | | ဝေါ | ၁၆ |
| | | ပဲခူး | ၁၅ |
| | | ညောင်လေးပင် | ၇ |
| | | ကြို့ပင်ကောက် | ၄ |
| | | ဖြူး | ၃ |
| | | ပြည် | ၃ |
| | | သံတောင်ကြီး | ၁ |
| | | အုတ်ဖို | ၁ |
| | | စုစုပေါင်း | ၇၀ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၂၈ |
| | | မဟာအောင်မြေ | ၁၃ |
| | | အောင်မြေသာစံ | ၇ |
| | | အမရပူရ | ၃ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | ချမ်းမြသာစည် | ၂ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | ပျော်ဘွယ် | ၂ |
| | | ဝမ်းတွင်း | ၂ |
| | | မလှိုင် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | မြင်းခြံ | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | စုစုပေါင်း | ၆၆ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၁၀ |
| | | ညောင်တုန်း | ၈ |
| | | မြောင်းမြ | ၇ |
| | | ဖျာပုံ | ၃ |
| | | ဝါးခယ်မ | ၃ |
| | | ကျောင်းကုန်း | ၂ |
| | | ကြံခင်း | ၁ |
| | | ဇလွန် | ၁ |
| | | စုစုပေါင်း | ၃၅ |
| ၅။ | ရခိုင်ပြည်နယ် | စစ်တွေ | ၃၅ |
| | | ပေါက်တော | ၆ |
| | | အမ်း | ၄ |
| | | ဘူးသီးတောင် | ၄ |
| | | တောင်ကုတ် | ၄ |
| | | မောင်တော | ၃ |
| | | မြောက်ဦး | ၃ |
| | | ကျောက်တော် | ၁ |
| | | ဂွ | ၁ |
| | | စုစုပေါင်း | ၆၁ |
| ၆။ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၁ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | တန့်ဆည် | ၅ |
| | | ဝက်လက် | ၁ |
| | | တမူး | ၁ |
| | | အရာတော် | ၁ |
| | | စုစုပေါင်း | ၈ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၅၃ |
| | | ပေါင် | ၁၅ |
| | | ကျိုက်မရော | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၉။ | နေပြည်တော် | ပျဉ်းမနား | ၂ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၀။ | ရှမ်းပြည်နယ် | နမ့်မတူ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁။ | ချင်းပြည်နယ် | ဖလမ်း * | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၄ |
| | | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | ကချင်ပြည်နယ် | ဖားကန့် | ၂ |
| | | ဝိုင်းမော် | ၁ |
| | | စုစုပေါင်း | ၃ |
| | (၁၇-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၈၇) ဦး |

* မှော်ဘီမြို့နယ်မှ (၁) ဦးနှင့် ဖလမ်းမြို့နယ်မှ (၂) ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သဖြင့် အသွားအလာကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၁၇-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၈၇) ဦးတွင် အနံ့မရရှိသူ (၃၅၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



# မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဆရာ၊ ဆရာမများအား ကျန်းမာရေးစစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၁၈**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများတွင် တာဝန်ထမ်းဆောင်ရန် နေရပ်အသီးသီးမှ ပြန်လည်ရောက်ရှိလာပြီး ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် စောင့်ကြည့်မှုခံယူနေသော ဆရာ၊ ဆရာမများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိကို ယမန်နေ့က အမက(ဟောင်ကွေ့)၌ တို့ဖတ်နမူနာများစစ်ဆေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ တို့ဖတ်နမူနာများ စစ်ဆေးရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူး ရဲဝင်းနိုင်၊ မြို့နယ်ကျန်းမာရေးမှူး ဦးမြတ်စိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့သည်။

အမက(ဟောင်ကွေ့) ကန့်သတ်စောင့်ကြည့်စခန်း၌ တို့ဖတ်နမူနာများ စစ်ဆေးရယူနိုင်ရန်အတွက် ကန့်သတ် စောင့်ကြည့်ရေးစခန်းအသီးသီးရှိ ဆရာ၊ ဆရာမများကို မျိုးဆက်သစ်ရောင်နီ ပရဟိတလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ဇော်ထွန်း၊ ဦးမိုးဝင်းနှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင် ဦးအောင်ချမ်းပြည့်၊ ဦးထက်မြတ်ထွန်းတို့က မော်တော်ယာဉ်များဖြင့် အသွား၊ အပြန် ကူညီပို့ဆောင်ပေးကာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၄၂) ဦးအနက် ရောဂါအခံရှိသူ (၂၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၂,၂၄၁) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နမ့်ခမ်းမြို့သို့ ကျန်းမာရေးထောက်ခံစာပါရှိမှသာလျှင် ခရီးသွားပြည်သူများကို ဝင်ရောက်ခွင့်ပြု

**နမ့်ခမ်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ ခရီးသွားလာပြည်သူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့ အဝင်/အထွက် စစ်ဆေးရေးဂိတ်တို့၌ ကြိုတင်ကာကွယ်စစ်ဆေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းကစတင်ပြီး ရောဂါကင်းရှင်းကြောင်း ကျန်းမာရေးထောက်ခံစာပါရှိမှသာလျှင် မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုသည်။

ရောဂါကြိုတင်ကာကွယ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ''မူဆယ်မြို့က ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိလူနာအချို့ဟာ ခရီးသွားရာဇဝင်မရှိခြင်း၊ ရောဂါပိုးရှိလူနာထိတွေ့မှုမရှိဘဲ မြို့တွင်းအချင်းချင်း ရောဂါကူးစက်မှုရှိလာတဲ့အတွက် မူဆယ်ဘက်နှင့် တခြားဒေသက ပြန်လာကြတဲ့ ယာဉ်တွေနဲ့ ခရီးသွားပြည်သူတွေကို မူဆယ်မြို့မှ ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ပါလာမှသာ မြို့ထဲကို ဝင်ရောက်ခွင့်ပြုမှာဖြစ်ပြီး အဆိုပါထောက်ခံချက်မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ ခရီးသွားရာဇဝင်နှင့် နမ့်ခမ်းမြို့မှာ သွားရောက်နေထိုင်မယ့်နေရာ၊ မှတ်ပုံတင်နံပါတ်နှင့် ဖုန်းနံပါတ်တွေကို အတိအကျ ကောက်ယူသွားမယ်၊ ထောက်ခံချက်များမပါဘဲ လာရောက်သူတိုင်းကို နမ့်ခမ်းမြို့အတွင်း ပေးမဝင်ဘဲ ပြန်လည်စေလွှတ်ခြင်းကို ယနေ့က စတင်ပြီး ဆောင်ရွက်နေပါတယ်''ဟု စစ်ဆေးရေးဂိတ် တာဝန်ကျသူတစ်ဦးက ပြောသည်။

စစ်ဆေးရေး လုပ်ငန်းများကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် NMBG ပရဟိတလူမှုကူညီရေးအသင်းတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**



# အင်းယားစင်တာမှ ရောဂါကင်းစင်သူ ၃၀၈ ဦးအား နေအိမ်အရောက်ပြန်လည်ပို့ဆောင်ပေး

**ရန်ကုန် အောက်တိုဘာ ၁၈**

အင်းယားစင်တာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်တိုဘာ ၁၀ ရက်မှ စတင်၍ အတည်ပြုလူနာများကို လက်ခံကုသ စောင့်ရှောက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံ ကုသစောင့်ရှောက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၆ ရက်မှ ယနေ့အထိ ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရောဂါကင်းစင်သူ ၃၀၈ ဦးအား စင်တာမှ စီစဉ်မှုဖြင့် နေအိမ်များအရောက် ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ အင်းယားစင်တာတွင် စင်တာမှ ဆင်းခွင့်ရသူများအပါအဝင် ယနေ့အထိ ကိုဗစ်အတည်ပြုလူနာ ၅၄၇ ဦးကို စောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် တေးသံရှင်များဖြစ်ကြသော အာဇာနည်၊ မီမီဝင်းဖေ၊ ကော်နီ၊ တင်ဇာမော်၊ ချောစုခင်၊ ဆုန်သင်းပါရ်တို့က အင်းယားစင်တာမှ ဆရာဝန်များ၊ သူနာပြုများ၊ စေတနာ့ဝန်ထမ်းများနှင့် လူနာများကို စိတ်ဓာတ်ခွန်အားများ မြှင့်တင်ပေးသည့်အနေဖြင့် Clean Zone များမှ လာရောက်နှုတ်ဆက်ကြပြီး တေးသီချင်းများဖြင့် ဖျော်ဖြေပေးခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၇ ရက်က Zoom Application အသုံးပြုပြီး စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုး၊ GFatt နှင့် Snare အဖွဲ့ဝင်များဖြစ်ကြသော နေဝင်း၊ ဖြိုးလေးတို့ကလည်း ကိုဗစ်-၁၉ လူနာများနှင့် တရင်းတနှီး အပြန်အလှန် နှုတ်ဆက်စကားများ ပြောဆိုကြပြီး တေးသီချင်းများ သီဆိုခဲ့ကြသည်။

အင်းယားစင်တာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုဖြင့် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၁၀၀၀၀ ဦးဆောင် မတည်ထားပြီး ရွှေသံလွင်ကုမ္ပဏီ (Skynet)ကလည်း ငွေကျပ်သိန်း ၃၀၀၀ ထည့်ဝင်ကာ ၅၁၆ ခုတင်ဖြင့် အောက်တိုဘာ ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **ကိုကျော်**



# အမျိုးသားဓာတ်အားရရှိရေးစီမံကိန်းဖြင့် ရွာမကန်ကျေးရွာ လျှပ်စစ်မီးစတင်ရရှိ

**မင်းဘူး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ရုံးအောက်ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေး အတွက် အမျိုးသားဓာတ်အားရရှိရေး စီမံကိန်း (NEP) Phase- 1 ဖြင့် ဆောင်ရွက်နေသည့် ကျေးရွာများ အနက် အောက်တိုဘာ ၁၇ ရက်က မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာအုပ်စု၊ ရွာမကန်ကျေးရွာတွင် လျှပ်စစ်မီးလင်းပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း မင်းဘူး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးရဲမြင့်ထွန်းထံမှ သိရသည်။



အမျိုးသားဓာတ်အားရရှိရေး စီမံကိန်း(NEP)ကို ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ၂၀၃၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံးရှိ ကျေးရွာများ ဓာတ်အားရရှိရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျေးရွာ မီးလင်းရေးအတွက် လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၁၆၀၀ နှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ တပ်ဆင် တည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားဓာတ်အားရရှိရေး စီမံကိန်း (NEP)အနေဖြင့် တာဝန်ယူ တပ်ဆင် တည်ဆောက်ပေးခဲ့ပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၈၀၀ ကို ကျေးရွာနေ ပြည်သူလူထုထည့်ဝင်ငွေဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ နေအိမ်များ အိမ်သုံးမီတာ လျှောက်ထားတပ်ဆင်ခြင်းများကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်ထွန်းက ရှင်းလင်းပြောကြားသည်။

မင်းဘူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအောက်ရှိ Phase-1 ပထမ အဆင့် ဆောင်ရွက်သော ကျေးရွာငါးရွာတွင် ယခုမီးလင်းခဲ့သော ရွာမကန်ကျေးရွာအပါအဝင် လက်ပံတော၊ လက်ပံတပင်၊ တပင်ရွာ စသည့် ကျေးရွာလေးရွာတို့တွင် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရေမျက်ကျေးရွာတွင် ဓာတ်အားလိုင်း တည်ဆောက်ဆဲဖြစ်ကြောင်း မင်းဘူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

○ *ကျော့ဖုံးမှ*

“ကျွန်တော်တို့ ကျန်းမာရေးစစ်ဆေးရေးအဖွဲ့တွေက PPE ဝတ်စုံကို အကြာကြီး မဝတ်နိုင်တော့ ကြားမှာ ခဏနားရတာ ရှိပါတယ်။ Test Kit နဲ့ စစ်ဆေးမှုက ၁၅ မိနစ်နဲ့ အဖြေသိနိုင်တာရှိသလို မိနစ် ၃၀ မှ အဖြေသိရတာမျိုးလည်း ရှိတယ်။ တစ်ခါတစ်ရံ Test Kit က ဝေဝါးနေတာမျိုးရှိရင် နောက်တစ်ကြိမ် ပြန်စစ်ရတာလည်း ရှိပါတယ် ”ဟု လှည်းကူးမြို့နယ် ကုသရေးဦးစီးဌာနမှူး ဆရာဝန်ကြီး ဒေါက်တာရန်နိုင်ဆွေက ပြောသည်။

အဆိုပါ စစ်ဆေးမှုရလဒ်တွင် Nagative အဖြေထွက်သူအား တိုင်းဒေသကြီးမှ ထုတ်ပေးထားသည့်စာရွက်တွင် အချက်အလက်ဖြည့်သွင်း၍ ယခုစစ်ဆေးသည့်အချိန်၌ ကိုဗစ်ရောဂါပိုး မတွေ့ရှိရကြောင်း လက်မှတ်ထုတ်ပေးပြီး Positive တွေ့ရှိပါက လှည်းကူးဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုကဲ့သို့ ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်- ၁၉ ရောဂါ ပိုး ရှိ မရှိ စစ်ဆေးခြင်းသည် အခမဲ့ စစ်ဆေးပေးခြင်းဖြစ်ပြီး ယင်းစစ်ဆေးရာတွင်အသုံးပြုသည့် Test Kit တန်ဖိုးကျသင့်ငွေကျပ်တစ်သောင်းကို ဆန်းငွေရောင်ကုမ္ပဏီလီမိတက်နှင့် Sai Lun Tire Myanmarတို့က လှူဒါန်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

◆ *ကျော့ဖုံးမှ*

အမှတ်ပေးဇယားကို ရမှတ် ၁၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်ထား နိုင်ခဲ့သည်။ အေစီမီလန်အသင်းသည် အဆိုပါ လေးပွဲတွင် ရဂိုးက ကိုးဂိုးအထိ ရှိလာခဲ့ပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်ဂိုးက တစ်ဂိုးသာရှိထားသည်။ အဆိုပါ ပွဲစဉ်ကို ပွဲကြည့်ပရိသတ်တစ်ထောင်ခန့် ဝင်ရောက်ကြည့်ရှုခွင့်ပြုခဲ့ကြောင်း သိရသည်။ အေစီမီလန်တိုက်စစ်မှူး အီဗရာဟီမိုဗစ်သည် ကိုဗစ်- ၁၉ ကူးစက်ခံရမှုကြောင့် သီးခြားကန့်သတ်စောင့်ကြည့်ရှုခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီးနောက် ယခုပွဲစဉ်ကို ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းပါဝင်ကစားခွင့်ရရှိသည့်ပွဲစဉ်မှာပင် အေစီမီလန်အသင်း ရရှိခဲ့သည့် နှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် ယမန်နှစ်က အေစီမီလန်အသင်းနှင့် စီးရီးအေပြိုင်ပွဲတွင် တွေ့ဆုံခဲ့သည့် နှစ်ကြိမ်စလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ အင်တာမီလန်အသင်း၏ လာမည့်ပွဲစဉ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မိုချန်ဂလာဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို အောက်တိုဘာ ၂၂ ရက်တွင် အင်တာမီလန်အိမ်ကွင်း၌ပင် လက်ခံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အေစီမီလန်အသင်းက အောက်တိုဘာ ၂၃ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် ဆဲလ်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **အောင်ဇော်**

# တီးတိန်မြို့နယ်အတွင်း စတုတ္ထစက်ဝန်းမြစိမ်းရောင် စီမံကိန်းချေးငွေထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စတုတ္ထစက်ဝန်း မြစိမ်းရောင်စီမံကိန်းကို ကျေးရွာ ၃၄ ရွာ၊ ယူနစ် ၃၀ တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အတွက် လည်ပတ်ရန်ပုံငွေအား စီမံကိန်းစတုတ္ထစက်ဝန်းသို့ ရောက်ရှိနေပြီဖြစ်သော ဂမ်ပိုင်ကျေးရွာနှင့် တွီးဗျဲလ်း+ ဆွောင်းဒေါ့ ကျေးရွာတို့တွင် ယမန်နေ့က ချေးငွေများ ထုတ်ပေးခဲ့သည်။ ထိုသို့ ထုတ်ပေးရာတွင် ဂမ်ပိုင်ကျေးရွာရှိ အသင်းဝင် ၄၀ အတွက် ချေးငွေကျပ် ၄၀ ဒသမ ၃ သန်းကို လည်းကောင်း၊ တွီးဗျဲလ်း+ ဆွောင်းဒေါ့ကျေးရွာရှိ အသင်းဝင် ၇၀ အတွက် ချေးငွေကျပ် ၃၆ ဒသမ ၉ သန်းကိုလည်းကောင်း ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လည်ပတ်ရန်ပုံငွေအား လေလွင့်ဆုံးရှုံးမှုမရှိစေရန် ကျေးရွာကြော်ငြာဆိုင်းဘုတ်များတွင် တစ်ပတ်ကြော်ငြာကပ်ထားပြီး ကန့်ကွက်သူမရှိမှ ထုတ်ပေးခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရေးတို့အတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းချုပ်သည့် ဥပဒေလမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း တီးတိန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ သိရသည်။

**လျှန်ပီး(သတင်းစဉ်)**

# အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၅) ပဲလေ့စ်နှင့် ဘရိုက်တန်တို့ တစ်ဖက် တစ်ဂိုးစီသရေကျပြီး မန်ယူဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၅) အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် ပဲလေ့စ်နှင့် ဘရိုက်တန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်းပွဲချိန် ၁၉ မိနစ်တွင် အိမ်ရှင်ပဲလေ့စ်အသင်း ပယ်နယ်တီအခွင့်အရေးရရှိကာ တိုက်စစ်မှူးဇာဟာက အမှားအယွင်းမရှိ ဦးဆောင်ဂိုးအဖြစ် ပြောင်းလဲပေးခဲ့သည်။ ဘရိုက်တန်အသင်းသည် ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ချေပဂိုးရရှိရန် ဖိအားပေးကစားခဲ့ရာ မိနစ် ၉၀ တွင် လူစားဝင်ကစားသမား အယ်လီစတာက အဖိုးတန်ချေပဂိုးကို ဘရိုက်တန်အတွက် သွင်းယူပေးခဲ့သည်။ ပရီမီယာလိဂ်နှစ်ပွဲဆက် ရှုံးပွဲများဖြင့် အမှတ်လိုနေသည့် အသင်းနှစ်သင်း တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲပြီးချိန်တွင် သရေတစ်မှတ်စီဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပရီမီယာလိဂ်ပွဲစဉ် (၅) အောက်တိုဘာ ၁၈ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ခဲ့ကြသည့် ပွဲစဉ်၌ မန်ယူအသင်းသည် အဝေးကွင်းတွင် နယူးကာဆယ်ကို လေးဂိုး- တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ရှက်ဖီးလ်ယူနိုက်တက်နှင့် ဖူလ်ဟမ်မှာ တစ်ဖက် တစ်ဂိုးစီသရေကျခဲ့သည်။ **သီဟ**

# မချမ်းဘောမြို့နယ် မန်နိုကျေးရွာ မလိခမြစ်ထဲတွင် လေယာဉ်ပျက်ကိုယ်ထည်တွေ့ရှိ



**မချမ်းဘော အောက်တိုဘာ ၁၈**

မချမ်းဘောမြို့နယ် မန်နိုကျေးရွာ မလိခမြစ်ထဲတွင် လေယာဉ်ပျက်ကိုယ်ထည်ကို ယမန်နေ့က တွေ့ရှိကြောင်း သိရသည်။ အဆိုပါလေယာဉ်နှင့် ပတ်သက်၍ "၁၉၆၃-၁၉၆၄ ခုနှစ်ခန့်တွင် နေထိုင်ခဲ့သော အဘိုးအဘွားများက ထိုအချိန်က လေယာဉ်ကိုယ်ထည်မှာ ရေပေါ်၌ ပေါ်ကြောင်း၊ နောင်သားတို့သမီးတို့ ခေတ်မှာ ပြန်ပေါ်လာမလား စောင့်ကြည့်ကြပါ" ဟု မှာကြားခဲ့ကြောင်း အသက်၇၈ နှစ်ရှိ ဒေသခံ ရပ်မိရပ်ဖ ဦးဖုန်ရှန်အောင်ဇီ ထံမှ သိရသည်။

အဆိုပါလေယာဉ်ကို ဒေသခံ ရေငုပ်သမားများက ရေငုပ်ကြည့်ရာ လေယာဉ်ကိုယ်ထည်၌ ဂျပန်အလံဟု ယူဆရသောအရာကို မြင်ရကြောင်း သိရသည်။ အဆိုပါ လေယာဉ်နှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သက်ဆိုင်ရာ ဌာနသို့တင်ပြထားပြီး ယနေ့တွင် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မချမ်းမြေ**

# မိုင်းဆတ်နှင့် မိုင်းခုတ် မြို့နယ်တို့တွင် ငွေကျပ်သိန်း ၇၈၀၀ တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် ညနေပိုင်းက မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ မိုင်းဆတ်-ကျိုင်းတုံ ကားလမ်း မိုင်တိုင်အမှတ် ၉၆ ကီလိုမီတာအနီးတွင် မသင်္ကာဖွယ် မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းမော်တော်ယာဉ်သည် လမ်းယာဘက်ရှိ တံတားအုတ်ခုံကို ဝင်ရောက်တိုက်မိ ရပ်တန့်သွားပြီး ယာဉ်ပေါ်မှ လူနှစ်ဦးမှာ လမ်း၏ ဝဲဘက်လျှိုအတွင်းသို့ ထွက်ပြေးသွားသောကြောင့် ယာဉ်ကို ဆက်လက်ရှာဖွေရာ ယာဉ်အတွင်းမှ ဆာလာအိတ်များဖြင့်ထည့်ထားသည့် ငွေကျပ်သိန်း ၇၈၀၀ တန်ဖိုးရှိ အိုက်စ် ၃၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မိုင်းဆတ်-ကျိုင်းတုံ ကားလမ်း၌ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်နှင့် အိုက်စ်များ။

**ရဲပြန်ကြား**

# ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စုတွင် ခြိမ်းခြောက်လုယက်မှုဖြစ်

**ဘိုကလေး အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ရွှေထူးကျေးရွာရှိ နေအိမ်တစ်အိမ်သို့ ယမန်နေ့ညပိုင်းတွင် အမျိုးသားနှစ်ဦးက ဓားရှည်များ ကိုင်ဆောင်၍ ငွေမပေးပါက သတ်ပစ်မည်၊ နေအိမ်မီးရှို့မည်ဟု ခြိမ်းခြောက်ပြီး ငွေနှင့် ဖုန်းနှစ်လုံး လုယက်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၁၀ နာရီက ရွှေထူးကျေးရွာရှိ လင်မယားနှစ်ဦးနေထိုင်သော အိမ်သို့ အမျိုးသားနှစ်ဦး မျက်နှာကို ပုဆိုးများစည်းကာ ဓားရှည်များကိုင်ဆောင်လျက် အိမ်ရှင်လင်မယားအား ငွေပေးရန်နှင့် မပေးပါက သတ်ပစ်မည်၊ နေအိမ်ကို မီးရှို့မည်ဟု ခြောက်လှန့်သဖြင့် ငွေကျပ် သုံးသိန်းနှင့် ဖုန်းနှစ်လုံး ပေးခဲ့ရကြောင်း၊ ကျေးရွာသူ/ကျေးရွာသားများက ဝိုင်းဝန်းဖမ်းဆီးစဉ် ၎င်းတို့နေအိမ်ရှေ့ ချောင်းကမ်းစပ်မှ လုယက်သူများနှင့် ပါလာသူနှစ်ဦးက အသင့်ပါလာသည့် လေးခွ၊ ဂျင်ကလိများဖြင့် ကျေးရွာသူ/ ကျေးရွာသားများအား ပြန်လည်ပစ်ခတ်ခဲ့ပြီး ၎င်းတို့စီးနင်းလာသည့် စက်လှေဖြင့် မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။

၎င်းတို့ ပစ်ခတ်မှုကြောင့် ကျေးရွာသားအချို့ ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ပစ်ခတ်သူများအား ကျေးရွာသားများ လိုက်လံဖမ်းဆီးစဉ် လုယက်သူလေးဦးအနက်တစ်ဦးမှာ လမုအုပ်ကြီးကျေးရွာနေ သန်းဇော် ဖြစ်ကြောင်း သိရှိရသဖြင့် အိမ်ရှင်က တရားလိုပြုလုပ်၍ သန်းဇော်ပါ လေးဦးအား ကြိမ်ချောင်းနယ်မြေရဲစခန်းတွင် ယနေ့နံနက် ၈ နာရီက တိုင်တန်းခဲ့သဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

# မန့်ဟီးရိုးမြို့၌ ယာဉ်တစ်စီး ရွှေလီမြစ်အတွင်း အရှိန်လွန်ထိုးကျပြီး လေးဦးသေဆုံး၍ ကလေးငယ်တစ်ဦးပျောက်ဆုံးနေ

**မန့်ဟီးရိုး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မန့်ဟီးရိုးမြို့ နောင်ဟင်ကျေးရွာ ရွှေလီမြစ်ဆိပ် စက်လှေဆိပ်တွင် ယနေ့နံနက် ၉ နာရီက စုစုပေါင်းလူခုနစ်ဦး လိုက်ပါလာသော ဆွစ်ယာဉ်ငယ်တစ်စီးသည် ကမ်းစပ်မှ အရှိန်လွန်ကာ ရွှေလီမြစ်အတွင်း ထိုးကျသွားကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်ပေါ် လိုက်ပါလာသူ ခုနစ်ဦးအနက်မှ ယာဉ်မောင်းနှင့် အမျိုးသမီး နှစ်ဦး အပါအဝင် သုံးဦးမှာ ရေကူးလွတ်မြောက်လာခဲ့၍ ကရုဏာနာရေးလူမှုကူညီရေးအသင်း (မူဆယ်) ယာဉ်ဖြင့် မူဆယ်မြို့ ပြည်သူ့ဆေးရုံ ကြီးသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူလျက်ရှိစဉ် အမျိုးသမီးတစ်ဦးမှာ သေဆုံး သွားသည်။

ဆက်လက်၍ ယာဉ်အတွင်း ပိတ်မိနေသည့် အမျိုးသမီး သုံးဦးနှင့် ကလေးငယ် တစ်ဦးတို့ကို မန့်ဟီးရိုးမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူဆယ်မြို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကရုဏာနာရေးလူမှုကူညီရေးအသင်းနှင့် ဒေသခံပြည်သူများက ရွှေလီမြစ်အတွင်း လှည့်လည်ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ အမျိုးသမီး သုံးဦး (သေဆုံး) နှင့် မော်တော်ယာဉ်တို့ကို မွန်းလွဲ ၁ နာရီခွဲခန့်က ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး ကလေးငယ်တစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



**သန့်ဇင် (မူဆယ်)**

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ အိုလံပစ်ဝင်ခွင့်အတွက် ကျင်းပမည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပမည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။

သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ၂၀၁၉ ခုနှစ်ကတည်းက ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် မတ်လကတည်းက ပြိုင်ပွဲများယှဉ်ပြိုင်မှု ရပ်နားထားရခြင်းဖြစ်သည်။ ယင်းကပ်ရောဂါကြောင့် တိုကျိုအိုလံပစ်ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်မှာလည်း အိုလံပစ်ဝင်ခွင့်အတွက် ရမှတ်များ တွက်ချက်မည့် ပြိုင်ပွဲများကျင်းပမှုကို ယခုနှစ်အတွင်း ရပ်နားခဲ့သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က နောက်ဆုံးထုတ်ပြန်ထားမှုအရ အိုလံပစ်ဝင်ခွင့်အတွက် ရမှတ်များတွက်ချက်မှု ပြိုင်ပွဲများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ မေ ၂ ရက်အထိ သတ်မှတ်ထားပြီး ကျင်းပမည့် ပြိုင်ပွဲများကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ သက်ထားသူဇာသည် အောက်တိုဘာ ၁၃ ရက်မှ ၁၈ ရက်အထိ ဒိန်းမတ်နိုင်ငံ၌ ကျင်းပမည့် HSBC BWF World Tour Super 750 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလာရန် ခက်ခဲသောကြောင့် ယှဉ်ပြိုင်ရန်စာရင်းပေးသွင်းပြီးမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က နောက်ဆုံးထုတ်ပြန်ထားသည့် အိုလံပစ်ဝင်ခွင့်အတွက် အဆင့်သတ်မှတ်ချက်တွင် ၂၇ နေရာ၌ ရပ်တည်နေသောကြောင့် အလားအလာကောင်းများရှိနေပြီး အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်ထားသည့်ကာလတွင် ပြိုင်ပွဲများ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဖားကန့်၌ ကျောက်တူးနေစဉ် ကမ်းပါးပြိုပြီး လူနှစ်ဦးသေဆုံး

**ဖားကန့် အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ အောက်တိုဘာ ၁၇ ရက်က ရေမဆေးကျောက်တူးနေစဉ် ကမ်းပါးပြိုပြီး လူနှစ်ဦး ပြုတ်ကျသေဆုံးကြောင်း ဆိပ်မူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဆိပ်မူကျေးရွာအုပ်စု ကောင်စံကျေးရွာအနီးရှိ တစ်သုံးလုံးကုမ္ပဏီ လုပ်ကွက်ဟောင်း ကျင်းဟောင်းဒိုင်ကျန်၏ အမြင့်ပေ ၅၀ ခန့်တွင် ကျောက်တူးနေသူ ရေမဆေးသမားနှစ်ဦးအပေါ်သို့ အမြင့်ပေ ၁၅၀ ခန့်မှ ကျောက်ကျောကမ်းပါးယံ ရုတ်တရက်ပြိုကျပြီး ရိုက်ချသဖြင့် ရေမဆေးကျောက်တူးသူနှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

သေဆုံးသူနှစ်ဦးမှာ တောင်းကော့ကျေးရွာမှ ဦးတူးအောင် (၂၈) နှစ်နှင့် ဦးဂွမ်းမိုင် (၃၄) နှစ်တို့ဖြစ်ပြီး သေဆုံးသူ၏ ရုပ်အလောင်းများကို ဆိပ်မူကျေးရွာ သင်္ဂြိုဟ်လူမှုကူညီရေးအသင်းယာဉ်ဖြင့် ဖားကန့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ဖြစ်ပွားသည့် လူသတ်မှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၁၈**

လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အတွင်းပဒံ ကျေးရွာရှိ မြောက်ပိုင်းခရိုင်လမ်းဦးစီးဌာန VIP နားနေဆောင်တွင် အောက်တိုဘာ ၁၁ ရက် ညနေပိုင်းက ဦးစိုးညိမ်း (၆၄) နှစ်မှာ လက်နှစ်ဖက်ကို စွပ်ကျယ်ဖြင့် ချည်နှောင်ထားပြီး ပါးစပ်ထဲတွင် မျက်နှာသုတ်ပဝါထည့်လျက် ပြင်ပဒဏ်ရာမရှိ သေဆုံးနေသည်ကို တွေ့ရှိ၍ အစ်မဖြစ်သူ ဒေါ်-----က လှိုင်သာယာ(အနောက်ပိုင်း)မြို့မရဲစခန်းသို့ တရားလိုပြုလုပ် တိုင်တန်းခဲ့သည်။

အမှုအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ဆိပ်ကမ်းသာလမ်း ရွှေသံလွင်သဲကွင်း (ကျူး) နေ ကျော်ကျော် (ခ) ကျော်ကြီး (ခ) ခေါ်လေး နှင့် ဇင်မင်းထွန်း (ခ) ဇင်မင်း တို့ဖြစ်ကြောင်း သတင်းရရှိခဲ့သည်။ အမှုမှ ပြစ်မှုကျူးလွန်သူ ဇင်မင်းထွန်း (ခ) ဇင်မင်း ကို အောက်တိုဘာ ၁၆ ရက်က လည်းကောင်း၊ ကျော်ကျော် (ခ) ကျော်ကြီး (ခ) ခေါ်လေး ကို အောက်တိုဘာ ၁၇ ရက်က လည်းကောင်း ၎င်းတို့နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ကို စစ်ဆေးရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်းနှင့် သေဆုံးသူ ဦးစိုးညိမ်းနေသည့် အခန်းအတွင်းရှိ ဗီရိုအတွင်းမှ ငွေကျပ် ၈၀၀၀၀ နှင့် ရွှေထည်ပစ္စည်း သုံးမျိုး ယူဆောင်ခဲ့ကြောင်း ထွက်ဆိုစစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့ နှစ်ဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# အီရန်အပေါ် ကုလသမဂ္ဂ၏ လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးပြော

**တီဟီရန် အောက်တိုဘာ ၁၈**

အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂက အချိန်ကြာမြင့်စွာ ချမှတ်ထားခဲ့သည့် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို ဖယ်ရှားပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အီရန်နှင့် အင်အားကြီး နိုင်ငံများအကြား ၂၀၁၅ ခုနှစ်က ချုပ်ဆိုခဲ့သည့် နျူကလီးယားသဘောတူစာချုပ်အရ ၂၀၀၇ ခုနှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်ခဲ့သည့် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုသည် အောက်တိုဘာ ၁၈ ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ အောက်တိုဘာ ၁၈ ရက်မှစတင်ကာ အီရန်အပေါ် ချမှတ်ထားသည့် လက်နက်ကုန်သွယ်ပို့ဆောင်မှုဆိုင်ရာ ကန့်သတ်ချက်မှန်သမျှ အလိုအလျောက် ပျက်ပြယ်သွားပြီဖြစ်ကြောင်းနှင့် ယခုအချိန်မှစတင်ကာ အီရန်သည် အခြားနိုင်ငံများနှင့် စစ်လက်နက်ရောင်းဝယ်မှုနှင့် တပ်ဆင်မှုများကို စတင်လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အီရန်သည် နှစ်ပေါင်းများစွာကြာအောင် ဒဏ်ခတ်ပိတ်ဆို့မှုများ ခံခဲ့ရပြီးနောက် သက်တမ်းကြာနေပြီဖြစ်သည့် ၎င်း၏ ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်းများကြောင့် အခက်အခဲဖြစ်လျက်ရှိရာ တရုတ်၊ ရုရှားနှင့် အခြားနိုင်ငံများမှ တိုက်လေယာဉ်များနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရယူလိုဟန်ရှိကြောင်း သိရသည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စုက အီရန်အပေါ် ဖိအားပေးမှုများ အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

ပြီးခဲ့သည့်လအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နှင့် လက်နက်ကုန်သွယ်မှုတွင် ပါဝင်သည့် အဖွဲ့အစည်းများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအပေါ် ဒဏ်ခတ်ပိတ်ဆို့သည့် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

လက်နက်ကုန်သွယ်မှုကိစ္စနှင့် ပတ်သက်၍ အီရန်နှင့် အမေရိကန်တို့ ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်လက်ဖြစ်ပွားဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက ဟော်မုဇ်ရေလက်ကြားအနီး ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတစ်ခုတွင် အီရန်တပ်ဖွဲ့ဝင်များ ပါဝင်လေ့ကျင့်နေစဉ်။

# ကမ္ဘောဒီးယားနိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုကြောင့် ၂၄ ဦးသေဆုံး

**ဖနောင်ပင် အောက်တိုဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ရာ လူ ၂၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း အပူပိုင်းမုန်တိုင်းဝင်ရောက်ခဲ့မှုကြောင့် နောက်ဆက်တွဲသက်ရောက်မှုအနေဖြင့် ရက်သတ္တတစ်ပတ်ကျော်ကြာအောင် မိုးအဆက်မပြတ် ရွာသွန်းခဲ့သည်။ မြို့တော်ဖနောင်ပင် အပါအဝင် ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းတွင် မြစ်ရေလျှံမှုကြောင့် ရေဘေးသင့်မှုများ ခံစားခဲ့ရကြောင်း သိရသည်။

မြစ်ရေကြီးမှုကြောင့် နေအိမ် ၆၀၀၀၀ ခန့် ရေနစ်မြုပ်ခဲ့ပြီး ဒေသခံပြည်သူ ၂၆၀၀၀ ကျော်ကို ရေဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အောက်တိုဘာ ၁၆ ရက်က ဖနောင်ပင်မြို့၌ ရိုက်ကူးထားသည့် သတင်းဓာတ်ပုံများတွင် ရေဘေးသင့်နေရာများမှ ပြည်သူများအား လှေများဖြင့် ကယ်ဆယ်ရွှေ့ပြောင်းနေသည့် မြင်ကွင်းကို တွေ့ရသည်။ နိုင်ငံတစ်ဝန်းရှိ နေရာဒေသအများအပြားတို့တွင် မိုးဆက်လက်ရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားရာ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများ ပိုများလာနိုင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားအာဏာပိုင်များက ရေဘေးသင့်ပြည်သူများအား မြို့စောင်များနှင့် အခြားသက်သာချောင်ချိရေး အကူအညီများ ဖြန့်ဝေပေးလျက်ရှိပြီး သတိဖြင့်နေထိုင်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဖနောင်ပင်မြို့စွန်ရှိ ရေနစ်မြုပ်နေသည့်လမ်းပေါ်တွင် ဒေသခံများကို တွေ့ရစဉ်။

## အသက်ရှူထုတ်လိုက်သည့်လေမှတစ်ဆင့် ကိုဗစ်-၁၉ ပိုင်းရပ်စ်စစ်ဆေးသည့်နည်းကို ဂျပန်တီထွင်

**တိုကျို အောက်တိုဘာ ၁၈**

အသက်ရှူထုတ်လိုက်သည့်လေထဲမှ ကိုဗစ်-၁၉ စစ်ဆေးသည့်နည်းစနစ်တစ်ခုကို ဂျပန်တက္ကသိုလ်တစ်ခုနှင့် ကုမ္ပဏီတစ်ခုက တီထွင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးသည့်နည်းစနစ်တစ်ခု၏ ကနဦးပုံစံကို တိုဟိုကူတက္ကသိုလ်နှင့် အနုစိတ်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ ရှီမက်ဇူက တီထွင်ခဲ့သည်။ အဆိုပါနည်းစနစ်တွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမတစ်ပိုင်းတွင် အသက်ရှူထုတ်သည့်လေကို ငါးမိနစ်ခန့်စုပ်ယူခြင်းဖြစ်သည်။ ဒုတိယတစ်ပိုင်းမှာ ရှူထုတ်လိုက်သည့်လေတွင်ပါလာသည့် မည်သည့်ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားကိုမဆို သေသွားအောင်ပြုလုပ်ကာ ဗိုင်းရပ်စ်တွင်ပါသည့် ပရိုတိန်းဓာတ်ကို ထုတ်ယူမည်ဖြစ်ပြီး တတိယတစ်ပိုင်းမှာ ယင်းပရိုတိန်းဓာတ်ကို ဓာတ်ခွဲစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းဖြင့် စစ်ဆေးချက်အဖြေကို အချိန်တစ်နာရီအတွင်းရရှိနိုင်ကြောင်း တီထွင်သူများက ပြောသည်။ ၎င်းတို့သည် လူနာ ၁၀ ဦးခန့်ပါဝင်သည့် လက်တွေ့စမ်းသပ်မှုကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး နောက်ထပ်လူနာများဖြင့် လက်တွေ့စမ်းသပ်မှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းကို တီထွင်သူများက စစ်ဆေးကိရိယာ၏ အရွယ်အစားပိုမိုသေးငယ်အောင် ဆက်လက်လုပ်ဆောင်ကာ လက်တွေ့အသုံးချသွားမည်ဖြစ်ကြောင်း တီထွင်ထုတ်လုပ်သူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်နိုင်ငံတွင် မြေပြိုမှုဖြစ်ပွားရာ တပ်မတော်သားသုံးဦးသေဆုံးပြီး ၁၉ ဦးပျောက်ဆုံးနေ

**ဟန္နိုင်း အောက်တိုဘာ ၁၈**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွမ်ထရီပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ တပ်မတော်သားသုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။

ကွမ်ထရီပြည်နယ် ဟုမ်ဟွာ တောင်တန်းဒေသရှိ စစ်အခြေစိုက်စခန်းတွင် အောက်တိုဘာ ၁၈ ရက် အစောပိုင်းက မြေပြိုမှုဖြစ်ကြောင်းသိရသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် သေဆုံးသူအလောင်းသုံးလောင်းကို တွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးဆက်လက်ဆောင်ရွက်နေကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ယခုရက်သတ္တပတ်အစောပိုင်းက ဗီယက်နမ်အလယ်ပိုင်း သွာသိန်ဟွီပြည်နယ်၌ ဖြစ်ပွားခဲ့သည့် မြေပြိုမှုတစ်ခုတွင် ကယ်ဆယ်ရေးအဖွဲ့ဝင် ၁၃ ဦး ပါဝင်သည့်အဖွဲ့တစ်ဖွဲ့က အခြားသူများကို ကယ်ဆယ်ရန်ကြိုးပမ်းရင်း သေဆုံးခဲ့ရကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက်တွင် အရေးပေါ်အစည်းအဝေးပြုလုပ်ခဲ့မှုအတွင်း သဘာဝဘေးကယ်ဆယ်ရေးကော်မတီက သဘာဝဘေးအန္တရာယ် သတိပေးနှိုးဆော်ချက် အဆင့် ၄ သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မက္ကဆီကို၌ တုပ်ကွေးရောဂါကာကွယ်ဆေး တင်ဆောင်လာသည့်ထရပ်ကား ခိုးယူခံရ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၈**

မက္ကဆီကိုနိုင်ငံတွင် အစိုးရဆေးရုံသို့ ပို့ဆောင်မည့် တုပ်ကွေးရောဂါကာကွယ်ဆေးများ တင်ဆောင်လာသည့် ထရပ်ကားတစ်စီး ခိုးယူခံရမှုဖြစ်ပွားခဲ့ကြောင်း မက္ကဆီကို ကျန်းမာရေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီက အောက်တိုဘာ ၁၆ ရက်က ပြောကြားသည်။

နိုင်ငံအတွင်း ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ကင်ဆာရောဂါကုသသည့်ဆေးဝါးများ ခိုးယူခံရမှု ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။ ထရပ်ကားဖြင့် သယ်ဆောင်လာသည့် ကာကွယ်ဆေးတစ်သောင်းကျော် ပျောက်ဆုံးနေသည်ဟု ကော်မတီက ပြောသည်။

ကာကွယ်ဆေးများ ပျောက်ဆုံးမှုဖြစ်စဉ် အသေးစိတ်ကို ပြောကြားခြင်း မရှိသေးသော်လည်း ပျောက်ဆုံးသွားသည့်ကာကွယ်ဆေးများမှာ ဆေးဝါးလုံခြုံရေး အာမခံချက် မရှိတော့ကြောင်းနှင့် ဆေးရုံ၊ ဆေးခန်းများနှင့် အများပြည်သူဝယ်ယူသုံးစွဲရန်မသင့်ကြောင်း ကျန်းမာရေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီက တိုက်တွန်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၄ ရက်တွင်လည်း ဓာတ်ခွဲခန်းတစ်ခုမှ ကင်ဆာရောဂါကု ဆေးဝါးများကို လက်နက်ကိုင်လူတစ်စုက ခိုးယူမှုဖြစ်ပွားခဲ့ကြောင်း မက္ကဆီကို အမှုစစ်ဌာနက ပြောကြားခဲ့သည်။ မက္ကဆီကို၌ ကလေးသူငယ်များအတွက် ကင်ဆာရောဂါကုသဆေးများပြတ်လပ်မှုနှင့် တုပ်ကွေးရာသီ ရောက်ရှိလာမည်ကို စိုးရိမ်နေရပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့်အတူ တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထပ်မံခံစားရသည့် အခြေအနေကို ကာကွယ်ရန် တုပ်ကွေးရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



မက္ကဆီကိုစီးတီး၌ အစားအသောက်အခမဲ့ ပေးဝေသည့်နေရာတစ်ခုကို တွေ့ရစဉ်။

# အမေရိကန် သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးမှုများ များပြား



မဲပေးရမည့်နေရာကို လမ်းညွှန်ထားသော ဆိုင်းဘုတ်ကို တွေ့ရစဉ်။

**ဝါရှင်တန် အောက်တိုဘာ ၁၈**

အမေရိကန် သမ္မတရွေးကောက်ပွဲ ကျင်းပရန် နှစ်ပတ်အလိုတွင် လူပေါင်း ၂၂ သန်းထက်မနည်းသည် မဲပေးမှုများ ပြုလုပ်ပြီးကြပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် ပြည်နယ် အများစုတွင် စာတိုက်မှတစ်ဆင့် မဲပေးမှုများ လွယ်ကူအောင် ပြုလုပ်ထားသည်။

လူပေါင်း ၂၂ သန်း ထက်မနည်းသည် အောက်တိုဘာ ၁၆ ရက်ကတည်းက မဲပေးမှုများ လုပ်ဆောင်ခဲ့ကြပြီး ၁၇ သန်းကျော်မှာ စာတိုက်မှတစ်ဆင့် မဲပေးခြင်းကို လုပ်ဆောင်ခဲ့ကြသည်ဟု အေပီသတင်းဌာနတွင် ဖော်ပြထားသည်။

အဆိုပါပမာဏသည် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲကျင်းပစဉ်က ကြိုတင်မဲပေးမှု၏ ၃၈ ရာခိုင်နှုန်းနှင့် ညီမျှသည်။ မဲပေးမှု ပုံစံပြောင်းလဲမှုနှင့် ပတ်သက်ပြီး တိုင်းပြည်တစ်ဝန်း ပြဿနာများ ပေါ်ပေါက်လျက်ရှိသည်။

အချို့သော မဲပြားများကို လူမှားပို့မိခြင်းနှင့် အချို့သော မဲဆန္ဒရှင်များမှာ စောစီးစွာ လာရောက်ကြသည့်အတွက် မဲထည့်ရန် လူများတန်းစီကာ စောင့်ဆိုင်းရခြင်းတို့ ပေါ်ပေါက်ခဲ့သည်။

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဂျိုးဘိုင်ဒင်၏ မဲဆွယ်စည်းရုံးသူများကမူ ပြည်သူများစောစီးစွာ မဲပေးကြရန် တောင်းဆိုခဲ့သည်။

စာတိုက်မှ မဲပေးခြင်းကို ကန့်ကွက်ကြသည့် သမ္မတထရမ့်၏ အုပ်စုများကလည်း စောစီးစွာ မဲပေးကြရန် တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်နိုင်ငံတွင် လူပေါင်းထောင်နှင့်ချီ၍ အစိုးရ၏ မူဝါဒများကို ဆန့်ကျင်ဆန္ဒပြ


လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

**ဘေရွတ် အောက်တိုဘာ ၁၈**

လက်ဘနွန်နိုင်ငံတွင် လက်ရှိအုပ်ချုပ်သူ လူတန်းစားကို ဆန့်ကျင်ကန့်ကွက်ရန်အတွက် အောက်တိုဘာ ၁၇ ရက်တွင် လူပေါင်းထောင်နှင့်ချီ၍ ဆန္ဒပြရန် စုဝေးခဲ့ကြသည်။

### ချီတက်ခဲ့ကြ

လက်ဘနွန်အလံများ ကိုင်ဆောင်ကာ အာဏာရနိုင်ငံရေးအလွှာကို ဆန့်ကျင်သည့် ကြွေးကြော်သံများဖြင့် ချီတက်ခဲ့ကြသည်။

တိုင်းပြည်၏ နိုင်ငံရေးစနစ်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲရန်နှင့် တိုင်းပြည်ကို နောက်ထပ်ပျက်စီးမှုများမှ ကယ်တင်နိုင်မည့် အမှီအခိုကင်းသော အစိုးရအဖွဲ့ ဖွဲ့စည်းရန် တောင်းဆိုခဲ့ကြသည်။

### စီးပွားရေးအခြေအနေ ပိုမိုဆိုးရွား

လက်ဘနွန်နိုင်ငံသည် သမိုင်းတွင် အဆိုးရွားဆုံးသော စီးပွားရေးနှင့် ဘဏ္ဍာရေး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

ထို့အပြင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် စီးပွားရေး အခြေအနေမှာလည်း ပိုမိုဆိုးရွားလျက်ရှိသည်။

### အလုပ်လက်မဲ့ဖြစ်

ထောင်နှင့်ချီသည့်ကုမ္ပဏီများ ပျက်စီးသွားသည့်အတွက် လူပေါင်း ထောင်နှင့်ချီ၍ အလုပ်လက်မဲ့ ဖြစ်ခဲ့ရသည်။

လက်ဘနွန်လူမျိုး ၅၀ ရာခိုင်နှုန်းကျော်မှာ ဆင်းရဲလာသည်ဟု ကမ္ဘာ့ဘဏ်၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

# အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့ သံတမန်ဆက်ဆံရေး တရားဝင်ထူထောင်

**ဂျေရုဆလင် အောက်တိုဘာ ၁၈**

အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် သံတမန် ဆက်သွယ်မှုကို ပြန်လည်စတင်မည်ဟု အောက်တိုဘာ ၁၈ ရက်က မနာမာ၌ ပြုလုပ်သည့် အခမ်းအနားတွင် အစ္စရေး အရာရှိများက ပြောသည်။

အမေရိကန်၏ စီစဉ်ပေးမှုဖြင့် အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် ပြီးခဲ့သည့်လက ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသားလုံခြုံရေး အကြံပေးအကြီးအကဲဖြစ်သူ မီယာဘန်ဆာဘတ်က အစ္စရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့ပြီး တဲအဗစ်မြို့မှ မနာမာမြို့သို့ တစ်ရက်ကြာ ခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။

အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် အောက်တိုဘာ ၁၅ ရက်တွင် အိမ်ဖြူတော်၌ ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ခြင်း သဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နှစ်နိုင်ငံသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အပြည့်အဝ ထူထောင်ခြင်းအတွက် ပူးတွဲကြေညာချက်ကို ထုတ်ပြန်မည်ဖြစ်သည်။

အောက်တိုဘာ ၁၈ ရက် အခမ်းအနားအပြီးတွင် အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် အပြန်အလှန် သံရုံးများ ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည်။

လာမည့်လများတွင် ဘာရိန်းနိုင်ငံ မနာမာမြို့တွင် အစ္စရေးသံရုံးကို ဖွင့်လှစ်သွားမည်ဟုလည်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ယူအေအီးနှင့် ဘာရိန်းနိုင်ငံတို့သည် အစ္စရေးနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်သည့် တတိယနှင့် စတုတ္ထ နိုင်ငံတို့ ဖြစ်ကြသည်။

၁၉၇၉ ခုနှစ်တွင် အီဂျစ်နိုင်ငံသည် အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေးဦးဆုံး ပြုလုပ်ခဲ့ပြီး ယင်းနောက် ၁၉၉၄ ခုနှစ်တွင် ဂျော်ဒန်နိုင်ငံက အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ပြုလုပ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန် အနောက်ပိုင်းတွင် ပေါက်ကွဲမှုကြောင့် ၁၆ ဦး သေဆုံးပြီး ၉၀ ဒဏ်ရာရ

**ကဘူးလ် အောက်တိုဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဂေါလ်ပြည်နယ် မြို့တော် ဖီရော့ဇ်ကိုရှ်ရှိ ရဲစခန်းအပြင်ဘက်တွင် အင်အားပြင်းထန်သည့် ပေါက်ကွဲမှု အောက်တိုဘာ ၁၈ ရက်က ဖြစ်ပွားခဲ့ရာ လူ ၁၆ ဦးထက်မနည်း သေဆုံးပြီး ၉၀ ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

### အပြောင်းအလဲရှိလာနိုင်

အပျက်အစီးများအောက်တွင် အသက်ရှင် ကျန်ရစ်သူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည့်အတွက် ဒဏ်ရာရသေဆုံးသူစာရင်းမှာ အပြောင်းအလဲရှိလာနိုင်သည်။

ဒဏ်ရာရရှိသူအများစုမှာလည်း စိုးရိမ်ရသည့် အခြေအနေတွင် ရှိသည်။ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ ရဲစခန်းနှင့် အစိုးရရုံးများအနီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ ပြောသည်။

### ကြောက်ရွံ့ထိတ်လန့်စေ

အသေခံဗုံးခွဲမှုဟု ယူဆရပြီး ပေါက်ကွဲမှုကြောင့် မီးခိုးငွေ့များကို ကောင်းကင်ထက်တွင် အတိုင်းသားတွေ့မြင်နေရသည့်အတွက် ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေသည်။

ကြိုတင်ကာကွယ်သည့်အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားပြီး မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။

**ဆင်ဟွာ**

# အာမေနီးယားနှင့် အဇာဘိုင်ဂျန်တို့ အပစ်အခတ်ရပ်စဲရေး အသစ်ကို သဘောတူ

**ဘာကူ အောက်တိုဘာ ၁၈**

အဇာဘိုင်ဂျန်နှင့် အာမေနီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် အောက်တိုဘာ ၁၇ ရက်က အပစ်အခတ်ရပ်စဲရေးထပ်မံကြိုးပမ်းရန် သဘောတူခဲ့ကြသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရို့မ်နှင့် အောက်တိုဘာ ၁၇ ရက်က ဖုန်းဖြင့် ဆွေးနွေးပြီးနောက် အဆိုပါ နိုင်ငံခြားရေးဝန်ကြီးများသည် ကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။

အကျဉ်းသားလဲလှယ်ခြင်းစသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများအတွက် အပစ်အခတ်ရပ်စဲရေးကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

အဇာဘိုင်ဂျန်ရှိ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဂန်ဂျာမြို့ တိုက်ခိုက်ခံရခြင်းကြောင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု အဇာဘိုင်ဂျန်ဘက်က ပြောကြားခဲ့သည်။

အဇာဘိုင်ဂျန်သမ္မတ အီဟာမ်အေလီယက်ဗ်က အာမေနီးယားနိုင်ငံကို စစ်ရာဇဝတ်ကောင်အဖြစ် စွပ်စွဲခဲ့ပြီး ပြန်လည်လက်တုံ့ပြန်သွားမည်ဟုလည်း ကတိပြုခဲ့သည်။

အဇာဘိုင်ဂျန်ကို ထောက်ခံသည့် တူရကီနိုင်ငံကမူ ၎င်းတို့၏ သဘောထားတင်းမာမှုအတိုင်း ရပ်တည်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**


ဂန်ဂျာမြို့တွင် အပျက်အစီးများကြားမှ ကယ်ဆယ်ရေးလုပ်သားများကို အောက်တိုဘာ ၁၇ ရက်က တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇ ဒသမ ၅ သန်းနီးပါးရှိလာ

နယူးဒေလီ အောက်တိုဘာ ၁၈

အိန္ဒိယနိုင်ငံတွင် အောက်တိုဘာ ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၁၈၇၁ ဦးကို စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၇၄၉၄၅၅၁ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် နောက်ဆုံးရ အချက်အလက်များအရ သိရသည်။

အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၀၃၃ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၁၄၀၃၁ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ရောဂါ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူနေသူ ၇၈၃၃၁၁ ဦးရှိပြီး ရောဂါပျောက်ကင်းသွားသူ ၆၅၉၇၂၀၉ ဦး ဖြစ်သည်။

အိန္ဒိယအစိုးရသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ စစ်ဆေးမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး အရှိန်အဟုန်မြှင့်တင်ရန် အလေးပေးလျက်ရှိသည်။

ဆင်ဟွာ

### ပါရီမြို့အပါအဝင် ပြင်သစ်ရှိ အခြားနေရာများတွင် ညမထွက်ရအမိန့်ထုတ်ပြန်

ပါရီ အောက်တိုဘာ ၁၈

ပါရီမြို့ အပါအဝင် ကိုဗစ်-၁၉ ကူးစက်မှု များပြားနေသည့် နေရာအချို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။

အောက်တိုဘာ ၁၇ ရက် ည ၉ နာရီမှ စတင်ကာ နံနက် ၆ နာရီအထိ မြို့တော်ပါရီနှင့် အခြားဒေသ ရှစ်ခုတို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်ထားပြီး အဆိုပါအမိန့်သည် သတင်းလေးပတ်ထက်မနည်း ကြာမြင့်မည်ဖြစ်သည်။

ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့်အတွက် ညစာဝန်ဆောင်မှုပေးသည့် စားသောက်ဆိုင်များတွင်လည်း စိုးရိမ်မှုများ တိုးလျက်ရှိသည်။

ပြင်သစ်နိုင်ငံတွင် အောက်တိုဘာ ၁၇ ရက်က ကိုဗစ်-၁၉ ကူးစက်မှုစံချိန်တင် တိုးလာခဲ့ပြီး ကူးစက်မှုပေါင်း ၃၂၀၀၀ ကျော်ရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ်- ၁၉ ကြောင့် လူနေထိုင်မှုဘဝ၊ ကျန်းမာရေးနှင့် အစားအစာလည်ပတ်စီးဆင်းမှုအပေါ် ရိုက်ခတ်မှုများ

## ထွန်းသစ်စ

ကိုဗစ်- ၁၉ ရောဂါဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူ့အသက်ပေါင်းများစွာကို အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်စေပါတယ်။ ထို့အတူ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ အစားအစာစနစ်နဲ့ ကမ္ဘာ့အလုပ်အကိုင်တွေပေါ်မှာလည်း မမျှော်မှန်းနိုင်တဲ့ စိန်ခေါ်မှုတွေကို ဖြစ်စေပါတယ်။ ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ မပြေလည်မှုတွေဟာလည်း အလွန်ကိုပဲ ဆိုးရွားလှပါတယ်။ ကမ္ဘာ့လူဦးရေသန်းချီ အလွန်အမင်းဆင်းရဲမှုတွေနဲ့ ကြုံတွေ့နေရသလို အစာအာဟာရချို့တဲ့သူ အရေအတွက်ဟာလည်း သန်း ၆၉၀ နီးနီးရှိပါတယ်။ ဒါကနောက်ဆုံးပမာဏ မဟုတ်သေးဘဲ ၂၀၂၀ ပြည့်နှစ်အကုန်မှာ နောက်ထပ် ၁၃၂ သန်းထပ်ပြီး မြင့်တက်လာဖို့ ရှိပါသေးတယ်။



ဖိလစ်ပိုင်နိုင်ငံ အန်တီပိုလိုမြို့ရှိ ဈေးတစ်ခုတွင် ဈေးရောင်းရင်းဖြင့် ကိုဗစ်- ၁၉ ကာလကို ဖြတ်သန်းနေသည့် လမ်းဘေးဈေးသည်အမျိုးသမီးတစ်ဦး။

### ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရ

သန်းချီတဲ့ကုမ္ပဏီတွေ လုပ်ငန်းစုတွေဟာ ဆက်လက်တည်မြဲနိုင်ဖို့အရေး ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ထို့အတူပဲ ကမ္ဘာ့လုပ်သားအင်အား ၃ ဒသမ ၃ ဘီလီယံရဲ့ ထက်ဝက်နီးပါးဟာ ရှင်သန်နေထိုင်မှုဘဝတွေ ပျောက်ဆုံးတော့မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ စီးပွားရေးသမားအများစု လူမှုရေး အစောင့်အရှောက်မရှိခြင်း၊ အရည်အသွေးပြည့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှု မရခြင်း၊ ငွေကြေးလည်ပတ်မှုမရှိခြင်းတို့ကြောင့် တောင့်ခံပြီး ရုန်းကန်နေရပါတယ်။ တချို့မှာ စီးပွားရေးလုပ်ငန်းတွေကို အပြီးတိုင်ပိတ်သိမ်းလိုက်ရတဲ့ အနေအထားရှိပါတယ်။ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် အသွားအလာကန့်သတ်ပိတ်ဆို့လိုက်တာကြောင့် အများစုမှာ ဝင်ငွေမရှိတော့ဘဲ သူတို့မိသားစုနဲ့ သူတို့ကိုယ်တိုင် ထမင်းနပ်မှန်အောင် စားနိုင်ဖို့ အနိုင်နိုင် ကြိုးစားနေကြရပါတယ်။ အများစုအတွက်တော့ ဝင်ငွေမရှိရင် အစားအစာမရှိနိုင်သလို အနည်းငယ်မျှသော အစားအစာကလေးကလည်း အာဟာရပြည့်ဝမှု မဖြစ်နိုင်ပါဘူး။

### ရိုက်ခတ်မှုတွေဖြစ်စေ

ကိုဗစ်- ၁၉ ရောဂါဟာ အစားအစာလည်ပတ်မှုစနစ်ကြီးတစ်ခုလုံးကို ရိုက်ခတ်မှုတွေ ဖြစ်စေပါတယ်။ နယ်စပ်တွေပိတ်လိုက်ခြင်း၊ ကုန်သွယ်ရေးတွေအပေါ် ကန့်သတ်ပိတ်ဆို့လိုက်ခြင်းနဲ့ တခြားကန့်သတ်မှုအစီအမံတွေဟာ လယ်သမားတွေကို သူတို့ရဲ့ ပစ္စည်းတွေ ရောင်းချခြင်းနဲ့ သွင်းအားစုတွေကို ဝယ်ယူခြင်းတွေကိုလည်း ကန့်သတ်လိုက်သလိုပါပဲ။ အဲဒါတွေက ပြည်တွင်းနဲ့ နိုင်ငံတကာ ကုန်စည်စီးဆင်းမှုတွေကို အနှောင့်အယှက် အဟန့်အတားတွေ ဖြစ်ပေါ်စေပြီး ကျန်းမာရေးဘေးကင်းလုံခြုံရေးနဲ့ အစားအစာပေါ်များမှုတွေကို လျှော့ချကန့်သတ်လိုက်သလို ဖြစ်စေပါတယ်။ ကိုဗစ်- ၁၉ ကူးစက်ရောဂါက အလုပ်အကိုင်တွေကို အဆုံးသတ်စေပြီး သန်းချီတဲ့လူတွေရဲ့ ရှင်သန်နေထိုင်မှုတွေကို ဘေးအန္တရာယ် ကျရောက်စေပါတယ်။ များသောအားဖြင့် ဝင်ငွေနည်းတဲ့ နိုင်ငံတွေမှာ အိမ်ထောင်ဦးစီးတွေ အလုပ်မရှိရင်၊ နေမကောင်းရင်၊ ကွယ်လွန်သွားရင် သူတို့ကို မှီခိုနေထိုင်နေရသူတွေရဲ့ အစားအစာ၊ လုံခြုံမှုနဲ့ အာဟာရပြည့်ဝမှုအာမခံချက်တွေဟာ ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

### အလုပ်အကိုင်ဆင်းရဲနွမ်းပါးမှုနဲ့ ရင်ဆိုင်နေရ

လယ်ယာလုပ်သား သန်းပေါင်းများစွာဟာ ကမ္ဘာကြီးကို အကျိုးပြုနေရင်း တဖြည်းဖြည်းနဲ့ အလုပ်အကိုင်ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးအဆင့်ကို ရင်ဆိုင်နေရသလို အာဟာရချို့တဲ့ခြင်းနဲ့ ကျန်းမာရေးညံ့ခြင်း၊ လုံခြုံမှုမရှိခြင်း၊ အလုပ်သမားကာကွယ်စောင့်ရှောက်မှုမရှိခြင်းနဲ့ တခြားအလွဲသုံးမှုပုံစံတွေကိုလည်း ရင်ဆိုင်နေရပါတယ်။ ဝင်ငွေနိမ့်ခြင်း၊ ပုံမှန်ဝင်ငွေနည်းခြင်း၊ လူမှုရေးအထောက်အပံ့ မရှိခြင်းတို့ကြောင့် လယ်သမားအများစုဟာ သူတို့အလုပ်ကို ဆက်လုပ်ဖို့ အတော့်ကို မာန်တင်းနေရပါတယ်။ တစ်ခါတစ်ရံမှာ သူတို့ဟာ စိတ်ချလုံခြုံမှုမရှိတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရပါတယ်။ ဒါကြောင့် သူတို့တွေ အပါအဝင် သူတို့ကို မှီခိုနေရတဲ့ သူတို့မိသားစုတွေဟာ နောက်ထပ်ကျပ်တည်းမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ သူတို့ဟာ သူတို့ရဲ့ အရင်ကတည်းကမှ နည်းနေတဲ့ ဝင်ငွေတွေ လျော့သွားမယ်ဆိုရင် နောက်ထပ်နည်းလမ်းတစ်ခုကို မတတ်သာဘဲ လုပ်လိုက်ရပါတော့တယ်။ အဲဒါကတော့ ပိုင်ဆိုင်တာလေးတွေကို ဈေးအနိမ့်ခံပြီး ရောင်းချရတာ၊ ကြိုတင်ချေးငွေရယူရတာတွေပဲ ဖြစ်ပါတယ်။ လယ်ယာလုပ်သားတွေ အပါအဝင် အခြေခံထုတ်လုပ်သူမှ အစားအစာ ထုတ်လုပ်နိုင်တဲ့အထိ ပါဝင်သူတွေရဲ့ ဘေးကင်းလုံခြုံမှုနဲ့ ကျန်းမာရေးအာမခံချက်ပေးနိုင်မှုတွေကို ဒီလိုအချိန်မှာ လုပ်ပေးပြီး ပြည်သူ့ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်မှုတွေ လုပ်ဆောင်သွားမယ်ဆိုရင် သူတို့ရဲ့ နေထိုင်မှုဘဝတွေနဲ့ အစားအစာလုံခြုံမှု ရှိမှုဟာ ပိုမိုတိုးတက်ကောင်းမွန်လာမှာပဲ ဖြစ်ပါတယ်။

> "ကိုဗစ်–၁၉ ရောဂါဟာ အစားအစာလည်ပတ်မှုစနစ်ကြီး တစ်ခုလုံးကို ရိုက်ခတ်မှုတွေ ဖြစ်စေပါတယ်။ နယ်စပ်တွေ ပိတ်လိုက်ခြင်း၊ ကုန်သွယ်ရေးတွေအပေါ် ကန့်သတ်ပိတ်ဆို့ လိုက်ခြင်းနဲ့ တခြားကန့်သတ်မှု အစီအမံတွေဟာ လယ်သမားတွေကို သူတို့ရဲ့ ပစ္စည်းတွေ ရောင်းချခြင်းနဲ့ သွင်းအားစုတွေကို ဝယ်ယူခြင်းတွေကိုလည်း ကန့်သတ် လိုက်သလိုပါပဲ"

### ပြဿနာတွေ စုပြုံလာ

ကိုဗစ်- ၁၉ ကာလမှာ အစားအစာလုံခြုံစိတ်ချရမှုပဋိပက္ခ၊ ကျန်းမာရေး၊ အလုပ်အကိုင်နဲ့ လုပ်သားအရေးစတဲ့ ပြဿနာတွေဟာ စုပြုံလာပါတော့တယ်။ အလုပ်နေရာဘေးကင်းစိတ်ချရမှုနဲ့ ကျန်းမာရေး အလေ့အထတွေ၊ ကောင်းမွန်တဲ့ အလုပ်ရရှိမှု၊ အလုပ်သမားအခွင့်အရေးကို ကာကွယ်ပေးနိုင်မှုတွေဟာ အကျပ်အတည်းကာလ လူသားဆိုင်ရာရှုထောင့်က ကြည့်မယ်ဆိုရင် အလွန်ကို ကောင်းမွန်လှပါတယ်။ လူ့အသက်တွေကို ကယ်ဆယ်ဖို့ လူမှုကာကွယ်စောင့်ရှောက်မှုတွေ လုပ်ဆောင်တဲ့နေရာမှာ ချက်ချင်းလုပ်ဆောင်သင့်တာနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သင့်တာတွေဟာ ကမ္ဘာ့ကျန်းမာရေးကို ခြုံငုံမိဖို့ လိုအပ်ပြီး အထူးသဖြင့် တကယ့်ဘေး ဒုက္ခအကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့နေရာတွေ၊ လူတွေကို ထောက်ပံ့ပေးဖို့လည်း လိုအပ်လှပါတယ်။ ပုံစံအမျိုးမျိုးနဲ့ ပံ့ပိုး နိုင်မှုဟာ အလွန်ကိုပဲ အရေးကြီးပါတယ်။

### အလွန်ကိုပဲအရေးကြီး

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း သို့မဟုတ် အရေးပေါ်အခြေအနေနဲ့ ကြုံတွေ့နေတဲ့နိုင်ငံတွေဟာ ကိုဗစ်- ၁၉ ကြောင့် ဘေးဒုက္ခတွေနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံတွေပဲဖြစ်ပါတယ်။ အဲဒီအခြေအနေမှာ ကပ်ရောဂါကို ပြန်လည်တုံ့ပြန်ရမှာဖြစ်သလို တစ်ဖက်ကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လိုအပ်နေတဲ့သူတွေဆီကို ရောက်ရှိအောင်လုပ်ဖို့ အလွန်ကိုပဲ အရေးကြီးလှပါတယ်။

### အကောင်းဆုံး ပြန်လည်တည်ဆောက်ကြမယ်

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေတဲ့အချိန်မှာ ကမ္ဘာကြီးအနေနဲ့ သွေးစည်းညီညွတ်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အားနည်းချက်တွေရှိတဲ့ ကျွန်တော်တို့ရဲ့ လူမှုအသိုင်းအဝိုင်းမှာ အခုအချိန်ဟာ တကယ့်ကို ညီညွတ်ရမယ့်အချိန် ကျရောက်လာပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ အတူတကွရှိနေမှသာ ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ သက်ရောက်မှုတွေကို ကျော်လွှားနိုင်မှာဖြစ်သလို လူသားချင်းဆိုင်ရာဘေးဒုက္ခတွေနဲ့ အစာရေစာ ရှားပါးခြင်းဆိုင်ရာ ဘေးဒုက္ခတွေကိုလည်း ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒီအခွင့်အရေးတွေကို အသုံးချပြီး အကောင်းဆုံး ပြန်လည် တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ။

ကိုးကား - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၂၀ သာ**

**လိုတော့သည်။**

## ဝေးလံခက်ခဲသော ခေါင်လန်ဖူးမြို့နယ်အတွက် မဲရုံသုံးပစ္စည်းများ တပ်မတော်ရဟတ်ယာဉ်အသုံးပြုကာ ပို့ဆောင်ပေးလျက်ရှိ

**ပူတာအို အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဝေးလံခက်ခဲသော ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုရမည့် မဲရုံသုံးပစ္စည်းများကို အောက်တိုဘာ ၁၈ ရက်က ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့သို့ တပ်မတော်ရဟတ်ယာဉ်အသုံးပြုကာ ပို့ဆောင်ပေးလျက်ရှိသည်။ (ယာပုံ)



ခေါင်လန်ဖူး မြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ မဲရုံပေါင်း ၃၆ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၈၅၆၀ တို့ ဆန္ဒမဲပေးနိုင်ရေး မဲရုံသုံးပစ္စည်းများ အချိန်မီဖြန့်ဝေပေးနိုင်ရန်အတွက် မဲရုံသုံး ပစ္စည်းပေါင်း ၂၅ မျိုးအနက် မဲပုံးများ၊ မဲလက်မှတ်များ၊ ကြိုတင်မဲစာအိတ်များနှင့် မဲရုံသုံးပစ္စည်းများကို ပထမအကြိမ်အနေဖြင့် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့်မဲရုံသုံးပစ္စည်းများကိုလည်း ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တပ်မတော်ရဟတ်ယာဉ် အသုံးပြုကာ မဲရုံသုံးပစ္စည်းများ အဆင်ပြေချောမွေ့စွာရောက်ရှိနိုင်ရေးအတွက် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးနေမှုများကို ပူတာအိုနယ်မြေခံ စစ်ဗျူဟာမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ဖုန်ကန် (ပြန်/ဆက်)**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

## ကျောင်းကုန်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များ ပြည့်စုံမှန်ကန်မှုရှိစေရေး စစ်ဆေးဆောင်ရွက်

**ကျောင်းကုန်း အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြတ်ပညာခန်းမတွင် စစ်ဆေးဆောင်ရွက်သည်။

ယင်းသို့ စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်၌ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိသည့်အရေအတွက်အတိုင်း ပြည့်/မပြည့်၊ စွန်းထင်း/ စုတ်ပြဲနေသော ဆန္ဒမဲလက်မှတ်များ ပါဝင်မှု ရှိ/မရှိ၊ သတ်မှတ်မဲဆန္ဒနယ်၏ ဆန္ဒမဲလက်မှတ် ဟုတ်/မဟုတ်၊ ပါဝင်ရမည့် ကိုယ်စားလှယ်လောင်း အရေအတွက် မှန်/မမှန် နှင့် ကိုယ်စားလှယ်လောင်းများ၏ အမည်၊ အသုံးပြုသင်္ကေတ (Logo) များ မှန်ကန်မှု ရှိ/မရှိတို့အား ဖွင့်ဖောက်စစ်ဆေးခြင်း ဆောင်ရွက်သည်။

အဆိုပါ ဆန္ဒမဲလက်မှတ်များ ပြည့်စုံမှန်ကန်မှု ရှိစေရေးအတွက် ကျောင်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲတွင်ပါဝင်သည့် ဌာနများမှ ဝန်ထမ်းများက ဆန္ဒမဲလက်မှတ်များအား စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**


mVoter 2020

**"ရွေးချယ်မှန်ကန် မဲပေးဖို့ mVoter ကိုသုံးကြစို့"**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၀ / ၂၀၂၀)

*(ယမန်နေ့မှအဆက်)*

**ဒုတိယအကြိမ် Covid-19 Fund မှ ဒုတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၁၆၆ | ဒေါ်မြင့်မြင့်သိန်း ကျားပစပ် ရေလုပ်ငန်း | မကျီးကျွန်းကျေးရွာ၊ ရေမြစ်ကြီးအုပ်စု၊ ကျွန်းစုမြို့နယ် |
| ၁၆၇ | ဦးမြင့်ကို ငွေကြယ်ဖြူ ဝါစက် | ပပ – ၁၁/၇၇၊ သပြေလမ်း၊ (၆၀ x ၆၁) လမ်းကြား၊ စက်မှုဇုန် (၁)၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၁၆၈ | ရွှေဒင်္ဂါး ဂဏန်းကန် (ဦးကျော်ငွေး) | ကွင်းအမှတ် (၆၃၆ – ခ)၊ ဦးပိုင် ၃/၆၊ သဃ်န်းကြီးကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ် |
| ၁၆၉ | ဦးမင်းသိန်း ရေငံပုဇွန်မွေးမြူရေး | ငပုတောမြို့နယ်၊ ဝါးကုန်းကျေးရွာအုပ်စု၊ ကုန်းကြီးရွာ |
| ၁၇၀ | ဦးအောင်သူရရွှေ ငါးမွေးမြူရေးလုပ်ငန်း | ခမောက်စုကျေးရွာ၊ လေးမျက်နှာမြို့နယ်၊ ဟင်္သာတခရိုင် |
| ၁၇၁ | ရတနာလှိုင် အလုပ်ရုံ၊ ပင်လယ်ကမ်းဝေး ငါးဖမ်း ကျားပိုက်လုပ်ငန်းနှင့် ငပိကြိတ်စက်လုပ်ငန်း | အမှတ် (၅) ရပ်ကွက်၊ နောက်မီးကျေးရွာ၊ အမာမြို့၊ ဖျာပုံခရိုင် |
| ၁၇၂ | ဦးကျော်ငွေးဦး (ကင်းမွန်ငါးဖမ်းလုပ်ငန်း) | အမှတ်– ၉၆၊ ဗိုလ်ချုပ်လမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့ |
| ၁၇၃ | ဦးထွန်းထွန်းအောင် ငါးမွေးမြူရေးလုပ်ငန်း | သဲကုန်းမြို့နယ်၊ အမေတံခွန်တိုင်၊ ပြည်ခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၇၄ | ဦးညီညီထွေး ကမ်းနီးငါးဖမ်းလုပ်ငန်း | ကျောက်ဆင်ရွာ၊ လောင်းလုံမြို့နယ် |
| ၁၇၅ | ဦးမြင့်ဦး ငါးမွေးမြူရေးလုပ်ငန်း | သဲကုန်းကျေးရွာအုပ်စု၊ ကင်မလင်ကုန်းကွင်း၊ ကျောင်းကုန်းမြို့နယ် |
| ၁၇၆ | ဦးမင်းထိုက်(သန်းတိုး အလုပ်ရုံ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်း) | နောက်မီးကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၇၇ | ဦးမောင်သန်းဝင်း ငါး၊ ပုဇွန်မွေးမြူရေး | မြောက်ပြင်ကျေးရွာအုပ်စု၊ ပေါက်တောမြို့နယ်၊ ကွင်းအမှတ်–၁၁၅၅ |
| ၁၇၈ | ဦးသန်းဇော်ဦး ကမ်းနီးငါးဖမ်းလုပ်ငန်း | ကျေက်ဆင်ရွာ၊ လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်း |
| ၁၇၉ | ဦးသိန်းဇော် ကမ်းနီးငါးဖမ်းလုပ်ငန်း | ပန်းတင့်အင်းကျေးရွာအုပ်စု၊ပန်းတင့်အင်းကျေးရွာ၊လောင်းလုံမြို့နယ် |
| ၁၈၀ | ဦးစိန်ဝင်း ရေငံပုဇွန်မွေးမြူရေး | ငပုတောမြို့နယ်၊ ဝါးကုန်းကျေးရွာအုပ်စု၊ ကုန်းကြီးရွာ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၈၁ | ဒေါ်သက်စန္ဒာ ငါးဖမ်းလုပ်ငန်း | အမှတ်–၁၄၁၊ ဗိုလ်ဗထူးလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၁၈၂ | ဦးဇော်နီ ကမ်းနီးငါးဖမ်းလုပ်ငန်း | မောင်းမကန်ကျေးရွာ၊ လောင်းလုံးမြို့နယ် |
| ၁၈၃ | ဦးခေတ်သစ်မောင် (ရေငံ ပုဇွန်မွေးမြူရေးလုပ်ငန်း) | ဘုန်းစိုးကြီးကျေးရွာ၊ ဒီးဒူးကုန်းအုပ်စု၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၈၄ | ဦးတင်ဝင်း ငါးမွေးမြူရေးလုပ်ငန်း | ကမာစဲဘူတာ၊ အမှတ်(၂) ရပ်ကွက်၊ ကမာစဲစံပြကျေးရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၈၅ | ဦးမြတ်သူ (မြတ်ချမ်းသာ ပင်လယ်ကမ်းဝေးငါးဖမ်း လုပ်ငန်း) | နောက်မီးကျေးရွာ၊ အမာမြို့၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၈၆ | ဦးကျော်မှုတ (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | ဓမ္မစေတီရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၁၈၇ | ဦးကျော်ကျော်မိုး ကမ်းနီးငါးဖမ်းလုပ်ငန်း | ကျောက်ဆင်ကျေးရွာ၊ လောင်းလုံးမြို့နယ် |
| ၁၈၈ | ဦးမိုး (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) နှင့် ပြည်စုံ (ငပိကြိတ်လုပ်ငန်း) | နောက်မီးကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံခရိုင် |
| ၁၈၉ | ဦးရန်အောင်(ပင်လယ်ကမ်းနီး ငါးဖမ်းလုပ်ငန်း) | မကျည်းကျွန်းကျေးရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၁၉၀ | ဦးအောင်တိုးလွင် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အစင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၁၉၁ | Star Light သောက်ရေသန့် | အမှတ်(၁၁၇)၊ နွားကျော်ရပ်၊ တံတားဦး–မြို့သာလမ်းဘေး၊ တံတားဦးမြို့နယ်၊ ကျောက်ဆည်ခရိုင် |
| ၁၉၂ | Royal မမော် မောတောင် ကော်ဖီ | ငါးလုပ်ငန်းဦးစီးလမ်း၊ သာကေတရပ်ကွက်၊ မြိတ်မြို့ |
| ၁၉၃ | ဦးသောင်းငွေ(နေလှန်းဆားကြမ်းထုတ်လုပ်ငန်း) | ကုန်းတန်းကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၉၄ | ဦးမြင့်ထွန်း နေလှန်းဆားထုတ်လုပ်ရေး | ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ကြာကန်အုပ်စု၊ သဲကုန်းကျေးရွာ |
| ၁၉၅ | ဒေါ်အုံးမြင့် မုန့်တီဖိုလုပ်ငန်း | အမှတ်(၂၉)၊ ၈ လမ်း၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့ |
| ၁၉၆ | မေတ္တာရွှေ ဆန်စက်နှင့် ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်း | တောင်ငူ–မုပ္ပလင်လမ်း၊ မိုးကောင်းကျေးရွာ၊ ဇရပ်ကြီး၊ ထန်းတပင်မြို့ |
| ၁၉၇ | အောင်သုခ ဆန်စက် | သဲကောကျေးရွာ၊ ရေတာရှည်မြို့ |
| ၁၉၈ | Super Moon သောက်ရေသန့် လုပ်ငန်း | ရန်ကုန်–ပြည်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဇီးကုန်းမြို့ |
| ၁၉၉ | ဖိုးချမ်း ကပ်စေးနဲလုပ်ငန်း | အမှတ် ၂၄၂၊ သစ်ညိုကုန်း၊ ကွမ်းခြံရပ်၊ ပုသိမ် |
| ၂၀၀ | ဖေးဘရိတ် ဆီစက် | အမှတ် (၅) ရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ |
| ၂၀၁ | ကန့်(မ်) ဘော့(စ်) မုန့်မျိုးစုံလုပ်ငန်း | အမှတ် (၆/၁၁၀)၊ ရှမ်းတန်း ၅ လမ်း၊ မြို့သစ် (ဂ) ရပ်ကွက်၊ ပဲခူးမြို့ |
| ၂၀၂ | ဦးရောကျော်တင် (ဈာန် မွေးမြူရေး အစားအစာ) | (မ/၄)၊ သခင်စိုးလှကြီးလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ တပ်ကုန်းမြို့ |
| ၂၀၃ | ဒေါ်မြင့်မာဆန်း မွေးမြူရေးလုပ်ငန်း | အမှတ်(၁)ရပ်ကွက်၊ အလယ်ပိုင်း (၃)၊ ဟဲဟိုးမြို့၊ ကလောမြို့နယ် |
| ၂၀၄ | ထိပ်တန်း ဆန်စက် | သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်ရပ်ကွက်၊ ဘူတာလမ်း၊ သထုံမြို့ |
| ၂၀၅ | ကိုဉာဏ်လင်းနိုင် (အဏ္ဏဝါငွေး) ကမ်းဝေးငါးဖမ်းလုပ်ငန်း | နောက်မီးကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံမြို့နယ် |
| ၂၀၆ | ဖြိုးသိန်းသန်း ငါးဖမ်းလုပ်ငန်း | ၃ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့ |
| ၂၀၇ | ဒေါ်ရီရီဝင်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် (၁၃)၊ (၆) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဖျာပုံမြို့ |
| ၂၀၈ | ချမ်းမြေ့အောင် ဝါကြိတ်လုပ်ငန်း | စစ်ကိုင်း၊ အုန်းတော မြောက်ရွာ၊ အမှတ်(၁)ရပ်ကွက် |
| ၂၀၉ | မိုးယံဟိန်း (ပရိဘောဂလုပ်ငန်း) | အောင်ချမ်းသာရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၁၀ | ဦးတင့်လွင် နေလှန်းဆားကြမ်းထုတ်လုပ်ငန်း | မဲခရဲအုပ်စု၊ မဲခရဲကျေးရွာ၊ ငပုတောမြို့နယ် |
| ၂၁၁ | အိုကေ ဆားစက် | ရွှေဝက်လူး၊ အမှတ်(၉)နယ်မြေ၊ သဘော်ကျင်းရပ် |
| ၂၁၂ | အောင်ချမ်းသာ ငါးပုံဆန်စက် | လိပ်ချင်းကျေးရွာ၊ ရွှေဘိုမြို့နယ် |
| ၂၁၃ | "ကသစ်ဦး" စားသောက်ကုန်လုပ်ငန်း | အကွက်အမှတ် (L-12)၊ စကားဝါလမ်း၊ စက်မှုဇုန် |
| ၂၁၄ | အောင်သပြေ ဆန်စက်လုပ်ငန်း | ကျောင်းကုန်းရွာ၊ ဒေါင်းကျအုပ်စု၊ မြန်အောင်မြို့နယ် |
| ၂၁၅ | ဦးအောင်ကျော်ဆန်း နေလှန်းဆားထုတ်လုပ်ရေး | သမဲ့ဖြူကျေးရွာ၊ ချောင်းဝအုပ်စု၊ ငပုတောမြို့ |
| ၂၁၆ | ဦးဝင်းဆွေ ဆားကြမ်းလုပ်ငန်း | ကညင်ငူကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း |
| ၂၁၇ | ဦးထွန်းအေး (ဆန်စက်) | အတွင်းလမ်း၊ ပျဉ်းပင်ကန်ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂၁၈ | ရတနာသောင်း ဆန်စက် | တောင်မန်းကျေးရွာ၊ မင်းဘူး(စခရေ)မြို့နယ်၊ စကုမြို့ |
| ၂၁၉ | ရွှေနန်းတော် ဂျုံစက်လုပ်ငန်း | စီ–၂/ဘီ၊ စက်မှုဇုန်(၁)၊ ပန်းခြံလမ်း၊ ပြည်ကြီးတံခွန်၊ မန္တလေး |
| ၂၂၀ | လှသူဇာဝင်း ငါးပုံဆန်စက်လုပ်ငန်း | လိပ်ချင်းရွာ၊ ရွှေဘိုမြို့ |
| ၂၂၁ | ရွှေခြသေ့် ငါးမုန့်လုပ်ငန်း | အမှတ်(၆၂–၅၇)၊ ရွှေဘန်းလမ်း၊ ရှုပတောင်ရပ်ကွက်၊ စစ်တွေမြို့ |
| ၂၂၂ | Win အသားခြောက်လုပ်ငန်း | ပြည်သာယာ(၅)လမ်း၊ ပျော်ဘွယ်မြို့ |
| ၂၂၃ | ဒေါ်ထွေးစိန် (နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း) | ဝဲကလောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ် |
| ၂၂၄ | ရတနာ ဂျုံစက် | ၃၈ လမ်း၊ စက်မှုဇုန် (၁)၊ မုံရွာမြို့ |
| ၂၂၅ | Mega Farm စိန်တစ်လုံးသရက်ခြံ | (9F)၊ ပြည်နယ်အားကာတိုက်တန်း၊ ရောရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ၂၂၆ | Dawei Dragon Company Limited | အမှတ်(၂၅၃)၊ စံပယ်လမ်း၊ ခုံဝင်းနှပ်ရပ်၊ ထားဝယ်မြို့ |
| ၂၂၇ | ဦးသက်ဇော်ထွန်း ဝါစက်၊ ဆီစက် | (၄) လမ်း၊ ဈေးကုန်းရပ်ကွက်၊ အောင်လံမြို့ |
| ၂၂၈ | ဦးမင်လှိုဉာဏ် နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | အကွက် ၄/၂၈၊ နှစ်ကရင်ကျေးရွာ၊ ရေးမြို့နယ် |
| ၂၂၉ | ဒေါ်မော်မော်လွင် (အောင်ချမ်းသာ ဆားကြိတ်စက်) | ဆားကျင်းကျေးရွာ၊ လပွတ္တာမြို့နယ် |
| ၂၃၀ | ဦးဝင်းမြင့်အောင် နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ် |
| ၂၃၁ | ဒေါ်စုဇန်စိုး စိုက်ပျိုးရေးလုပ်ငန်း | အမှတ် (၅)၊ မိုးနည်းသွားလမ်း၊ နမ့်စန်မြို့ |
| ၂၃၂ | ကျော် သရက်စိုက်ပျိုးရေးလုပ်ငန်း | မင်းလယ်ကျေးရွာ၊ ကသာမြို့နယ် |
| ၂၃၃ | အောင်ရတနာ သရက်ခြံ စိုက်ပျိုးရေးလုပ်ငန်း | မင်းလယ်ရွာ၊ ကသာမြို့ |
| ၂၃၄ | ဒေါ်သူဇာလွင် ပဲ၊ ပြုပ်၊ ပြောင်း စိုက်ပျိုးရေးလုပ်ငန်း | ဗိုလ်ချုပ်လမ်း၊ ပန်းတနော်မြို့ |
| ၂၃၅ | ဦးဇော်မြင့် ဥစားကြက် မွေးမြူရေးလုပ်ငန်း | အမှတ်(၂၀၁)၊ အရှေ့ကုန်းလမ်း၊ မြဟေမာရပ်ကွက်၊ မြောင်းမြမြို့ |
| ၂၃၆ | TOP နို့နှင့်နို့ထွက်ပစ္စည်း၊ နွားမွေးမြူရေး၊ ကြက်မွေးမြူရေး၊ ကြက်စာရောင်းဆိုင် | ပဲရုံဆိပ်ကျေးရွာ၊ ညောင်တုန်းမြို့နယ် |
| ၂၃၇ | ဦးအေးမင်းဝင်း ကြက်မွေးမြူရေး | ကန်တစ်ရာ၊ နေဝန်းနီ၊ ကလိကျေးရွာ |
| ၂၃၈ | ဒေါ်လှယမင်းအေး (စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း) | အမှတ်(၁၂၅)၊ မရမ်းမြိုင်၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၃၉ | ဒေါ်သန်းသန်းထွေး ဥစားဘဲမွေးမြူရေး | ပျဉ်းကတိုးကုန်းအုပ်စု၊ ပုသိမ် |
| ၂၄၀ | ဒေါ်ချိုချိုမြင့် (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | ရကက(၁၂)၊ ရေချမ်းအိုး၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၁ | ဒေါ်အေးအေးသင်း ဝက်မွေးမြူရေးလုပ်ငန်း | ဟင်္သာကန်ရပ်ကွက်၊ ၃၃ လမ်း၊ ပေါင်းတည်မြို့ |
| ၂၄၂ | ဦးအောင်ကိုမင်း ဥစားကြက် မွေးမြူရေးလုပ်ငန်း | သမ္မာချိုင်၊ မုဆိုးကွင်ကျေးရွာအုပ်စု၊ မြောင်းမြမြို့ |
| ၂၄၃ | ငွေစံပါယ် မွေးမြူရေးလုပ်ငန်း | (၇) ရပ်ကွက်၊ ဆပ်ချောင်းကျေးရွာ၊ လပွတ္တာမြို့ |
| ၂၄၄ | ဖြိုးမောင်မောင် ဝက်မွေးမြူရေးလုပ်ငန်း | ကျောက်တန်းကျေးရွာ၊ကောလင်းမြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄၅ | လှိုင် နို့စားနွား မွေးမြူရေးလုပ်ငန်း | ၅/၂၉၊ ပညာဗောဓိ (၁) လမ်း၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့ |
| ၂၄၆ | ဒေါ်နွယ်နွယ်အေး (မွေးမြူရေးလုပ်ငန်း) | မယင်းလက်ပံခုံကျေးရွာ၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂၄၇ | Aqua Max သောက်ရေသန့် | ပြည်တော်အေး(၄)၊ အမှတ် (၄၂၀)၊ သရက်မြို့၊ မကွေးတိုင်း |
| ၂၄၈ | ဦးဇော်နိုင် (နေလှန်းဆားကြမ်းထုတ်လုပ်ငန်း) | အောင်ဆန်းလမ်း၊ စက်သစ်ရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ် |
| ၂၄၉ | ဦးထွန်းလွင် မြေပဲခွဲစက်၊ ဆီစက်လုပ်ငန်း | ပြည်လမ်း၊ ရွာတောင်ရပ်ကွက်၊ အောင်လံမြို့ |
| ၂၅၀ | ဦးစောစေးကဖော ကြက်မွေးမြူရေး | ရွှေမြင်တင်ကျေးရွာအုပ်စု၊ ဝက်လာချောင်၊ ပုသိမ်မြို့ |
| ၂၅၁ | ဦးစိုးမြင့်ဦး အသားစား/ဥစားကြက်မွေးမြူရေး | သစ်ပုတ်ကုန်း၊ ပုသိမ် |
| ၂၅၂ | ဒေါ်ခင်ဝင်းကြည် နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | ဘုန်းတော်ပြည့်ကျေးရွာ၊ ငပုတောမြို့နယ် |
| ၂၅၃ | ဦးဖေသန်း ကြက်မွေးမြူရေးလုပ်ငန်း | တိလောကေကျေးရွာအုပ်စု ၊ ညောင်ရွှေမြို့နယ် |
| ၂၅၄ | ဦးဟန်စိုးသူ ဆိတ်မွေးမြူရေးလုပ်ငန်း | ဒါးကကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ် |
| ၂၅၅ | ဒေါ်လီကြူ (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | တောင်လေးလုံးကျေးရွာ၊ ရွှေညောင်မြို့နယ်၊ တောင်ကြီး |
| ၂၅၆ | ဆန်းလှဝေ ဆန်စက် | ဘုရားကလေးကျေးရွာ၊ ဒေးဒရဲမြို့ |
| ၂၅၇ | ရွှေစကြာ ဆန်စက် | မြို့မလမ်း၊ မြို့မရပ်ကွက်၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၅၈ | ဒေါ်ကျင်စီငွေး စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းနှင့် ပလပ်စတစ်ခင်း နေလှန်းစားထုတ်လုပ်ရေး | (၉၄၈)၊ ပရော့ဝင်း၊ ပကျေးရွာ၊ မွန်ပြည်နယ်/ (၂၄၂)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့ |

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၂၅၉ | တက်နေလင်း ဆားစက် | အမှတ် (၁) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း |
| ၂၆၀ | ဂရိတ်ယူနတီ ကုမ္ပဏီလီမိတက် | ယုဇန (၁+၂)၊ ၃၁ လမ်း၊ ၇၇-၇၈ လမ်းကြား၊ ကဥ္စဏာမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| ၂၆၁ | ဒေါ်ညွန့်တင်(နေလှန်းဆားကြမ်းထုတ်လုပ်ရေး) | ဝဲကလောင်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ် |
| ၂၆၂ | ထွန်းသစ္စာ ဆန်စက် | လောင်းကြီးကျေးရွာ၊ လောင်းကြီးအုပ်စု၊ ပုတီးကုန်းမြို့ သဲကုန်းမြို့နယ် |
| ၂၆၃ | ဒေါ်ကျင်ဥ နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | ဒေါင့်ကြီးကျေးရွာ၊ ငပုတောမြို့နယ် |
| ၂၆၄ | စူပါဖိုက် ဆန်စက် | ဖိန်းကားကျေးရွာ၊ ရေဦးမြို့နယ် |
| ၂၆၅ | မြတ်ဆုမွန် ဆန်စက် | စကမြားကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၆၆ | ဝင်း ဆန်စက်နှင့်ဆန်စပါးရောင်းဝယ်ရေး | ရပ်ကွက်(၄)၊ ပေါက်တော၊ သဲကုန်းမြို့ |
| ၂၆၇ | အောင်အောင်ဇော် မှိုနှင့်ဆက်စပ်ပစ္စည်း | အမှတ်(၁၂၃)၊ ကွမ်တော့ယာကုန်းဘုံကျောင်းလမ်း၊ စမ်းကြီးမရပ်၊ မော်လမြိုင်မြို့ |
| ၂၆၈ | ဦးကျင်ယု နေလှန်းစားကြမ်း ထုတ်လုပ်မှုလုပ်ငန်း | ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ နောက်မီးကျေးရွာအုပ်စု |
| ၂၆၉ | ရွှေပိုး ဆန်စက်နှင့် ဆန်/စပါးရောင်းဝယ်ရေး | ပွဲသာကျေးရွာ၊ ထန်းတပင်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂၇၀ | "အောင်သန့်ဇင်" ဆန်စက်လုပ်ငန်း | ဝက်မှိုင်းကျေးရွာ၊ ကစ္ဆပနဒီတံတားအနီး၊ ကျောက်တော်မြို့နယ် |
| ၂၇၁ | ဂရိတ် ဆန်စက် | ကျောက်ဖြူကုန်းကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ ရမည်းသင်းခရိုင် |
| ၂၇၂ | ဦးကောင်းစံဟိန်း (သီဟို၊ မန်ဂျန်ရှား စိုက်ပျိုးရေး) | လှေကြီးတက်ကျေးရွာ၊ သာပေါင်းမြို့ |
| ၂၇၃ | ဦးမင်းသီဟ မှိုနှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်ရေး | အမှတ်(၈၉/ဘီ)၊ နီလာလမ်း၊ ရတနာထွန်းပွဲရုံနယ်မြေ၊ မော်လမြိုင်မြို့ |
| ၂၇၄ | ဒေါ်ကျင်ရွှေ နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | နှစ်ကရင်ကျေးရွာ၊ ရေးမြို့နယ် |
| ၂၇၅ | ကြယ်နီ ဂျုံစက် | အကွက်အမှတ် (K-17)၊ စကားဝါလမ်း၊ စက်မှုဇုန်၊ မြင်းခြံမြို့ |
| ၂၇၆ | တာရာလင်း ရေခဲမုန့်လုပ်ငန်း | ၁၀ လမ်း၊ ဈေး ၂ ရပ်ကွက်၊ ပေါင်းတည်မြို့ |
| ၂၇၇ | ရွှေပြည်စိုး ဆန်စက် | အမှတ်(၄) ရပ်ကွက်၊ မြန်အောင်မြို့ |
| ၂၇၈ | ဦးသောင်းငွေ နွားမွေးမြူရေးလုပ်ငန်း | နတ်ပေးကျေးရွာ၊ ကန့်ဘလူမြို့နယ် |
| ၂၇၉ | ဦးအောင်ကြီး (ကြက်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း) | ပုလဲတင့်ရွာ၊ ပေါင်လင်းကျေးရွာအုပ်စု၊ ဟိုပုံးမြို့နယ် |
| ၂၈၀ | Shan Honey ပျားမွေးမြူရေးလုပ်ငန်း | တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့နယ် |
| ၂၈၁ | ဦးအင်းလျား ရေငံပုစွန် မွေးမြူရေး | ချောင်းဝကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၈၂ | ဒေါ်နန်းမေထူး အသားစား ကြက်မွေးမြူရေးလုပ်ငန်း | နားခံကျေးရွာ၊ မိုးနဲမြို့ |
| ၂၈၃ | ဒေါ်နန်းစံမြင့် ရှန်ကျင်း ကြက်မွေးမြူရေး နှင့် စိုက်ပျိုးရေးလုပ်ငန်း | ဘားအံ-သထုံကားလမ်းဘေး၊ အထက်ကောရင်းကျေးရွာ၊ ဘားအံမြို့၊ ကရင်ပြည်နယ် |
| ၂၈၄ | ရွှေပြည်ဟိန်း ကြက်မွေးမြူရေးလုပ်ငန်း | ကြည်သာကျေးရွာ၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ပုသိမ်မြို့ |
| ၂၈၅ | ဦးသက်အောင် ဒေသနွားမွေးမြူရေး | ကျုံကဒူးရေနက်ကွင်း၊ ရေသိုးညောင်ဝိုင်း၊ အိမ်မဲမြို့ |
| ၂၈၆ | ကျားမင်း ဆီစက် | အကွက်အမှတ် (G-6)၊ စက်မှုဇုန်၊ မြင်းခြံမြို့ |
| ၂၈၇ | ဇမ္ဗူထွန်း ဆန်စက် | ပျဉ်းမအိုင်ကျေးရွာ၊ ဝက်ထီးကန်အုပ်စု၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၂၈၈ | ဦးကျော်မြင့်ချို (ပြည်တံခွန်- မုန့်ဟင်းခါး နှင့် ခေါက်ဆွဲလုပ်ငန်း) | ခန်းလတ်ရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ် |
| ၂၈၉ | ဦးငွေဌေး ဆီစက်လုပ်ငန်း | အမှတ်(က/၃၈)၊ ပါရမီရပ်၊ စစ်ကိုင်းမြို့ |
| ၂၉၀ | ပြည်တော်ထွန်း ဆန်စက်လုပ်ငန်း | ဇရပ်ကြီးကျေးရွာ၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၂၉၁ | ရတနာအောင် ဆီစက် | ရွာရှည်မြောက်ရွာ၊ တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၂ | ရွှေရောင်ဝင်းဝင်း ဆန်စက် | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ |
| ၂၉၃ | ဖြိုးသန်းကျော် ဆန်စက် | ပိတောက်ရွှေဝါလမ်း၊ ၊ အမှတ် (၁) ရပ်ကွက်၊ အင်္ဂပူမြို့ |
| ၂၉၄ | ဦးမြင့်ကို ဆီစက် | အပ်ချုပ်စုရပ်ကွက်၊ မိုးဇာတိုက်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉၅ | ဓမ္မရတနာ ဆီစက် | အမှတ် (၂) ရပ်ကွက်၊ စိုင်ပြင်မြို့၊ ဒီပဲယင်းမြို့နယ်၊ ရွှေဘိုခရိုင် |
| ၂၉၆ | ဦးအေးမော် ဆီစက် | မြို့မ (၁) လမ်း၊ ပုတီးကုန်း၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၂၉၇ | သမာဓိ ဆန်စက်နှင့် ဆန်ထွက်ပစ္စည်း ရောင်းဝယ်ရေး | ဈေးကွက်သစ်ရပ်ကွက်၊ သာဂရမြို့ |
| ၂၉၈ | Three Bees ပျားမွေးမြူရေး | အမှတ်(၃၉)၊ ၃၈ လမ်း၊ စက်မှုဇုန် (၁)၊ မုံရွာမြို့ |
| ၂၉၉ | ဖူလုံ ပါရမီ မုန့်လုပ်ငန်း | အမှတ်(၉၃)၊ တက္ကသိုလ်ပတ်လမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့ |
| ၃၀၀ | သုခသိဒ္ဓိ ဆန်စက် | ခင်တဲကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း |
| ၃၀၁ | ကျော်စေတနာ ဆန်ကြိတ်ခွဲစက်လုပ်ငန်း | အင်ငူလမ်း၊ မအူကုန်းကျေးရွာ၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၀၂ | ရှိုင်း အဆင့်မြင့် အမှုန့်ကြိတ်လုပ်ငန်း | အမှတ် (၅) ရပ်ကွက်၊ သီရိနန္ဒာလမ်း၊ ပခုက္ကူမြို့ |
| ၃၀၃ | သရဖူ ဆီစက် | ပိတောက်လမ်း၊ စက်မှုဇုန် (၂)၊ မုံရွာမြို့ |
| ၃၀၄ | ဒေါ်ဝေဝေမြင့် စိတ်ကြိုက်အုန်းကြော်လုပ်ငန်း | အမှတ် (၂) လမ်း၊ အောင်မင်္ဂလာရပ်၊ မုံရွာမြို့ |
| ၃၀၅ | ဦးသန်းထိုက် ကမ်းဝေးငါးဖမ်းလုပ်ငန်း | အစင်ကျေးရွာ၊ ရေးမြို့နယ် |
| ၃၀၆ | သန်းတစ်ရာ အဆင့်မြင့် ဆန်စက်လုပ်ငန်း | အမှတ်(၁၇/၁၈)၊ သစ္စာလမ်း နှင့် ဗဟိုလမ်း၊ စက်မှုဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၇ | ဆန်းသစ်စ ဆန်စက် | အမှတ်(၁/၁၅၈)၊ ဘူတာလမ်း၊ ကတုတ်ဘုရားကြီးကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၀၈ | ဖြူစင် ဆန်စက် | အောင်ချမ်းသာရပ်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၀၉ | အောင်ခြင်းမင်္ဂလာ ဆန်စက် | ညောင်လှကျေးရွာ၊ ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၀ | ရွှေပင် ဆီစက် | အကွက် ၁၁-၁၃၊ ၄၅-လမ်း၊ စက်မှုဇုန်၊ မုံရွာမြို့ |
| ၃၁၁ | စွမ်း ဆန်စက် | အမှတ်(၄၃၁)၊ ကုန်းတန်းကျောင်းလမ်း၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ် |
| ၃၁၂ | ဦးအောင်မျိုးထွန်း ဆန်စက် | ဖုတ္တန်းတောကျေးရွာ၊ ဒီပဲယင်းမြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၃ | မိုးကောင်းကင် ဆန်စက် | ဘူတာလမ်း၊ မဇလီကုန်းမြို့၊ အင်္ဂပူမြို့နယ် |
| ၃၁၄ | အာကာကြယ်စင် ဆန်စက် | ချောညောင်ပင်လမ်း၊ ပေါင်းနားရပ်၊ စလင်းမြို့ |
| ၃၁၅ | အလင်းရောင် ဆန်စက်လုပ်ငန်း | ရေကြည်ကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ ကန့်ဘလူခရိုင် |
| ၃၁၆ | မိဘဂုဏ်ရည် ဆန်စက် | ရွာမိဿာကျေးရွာ၊ ရေဦးမြို့နယ် |
| ၃၁၇ | နန်းမြင့် နို့ဆီချက်နှင့် ကပ်စေးနဲလုပ်ငန်း | ဟံသာဝတီအုပ်စု၊ တောင်ဈေးကြီးရပ်၊ တံတားဦးမြို့နယ်၊ ကျောက်ဆည်ခရိုင် |
| ၃၁၈ | ပြည်တော်မိုး ဆန်စက် | ဈေးရုံဘိုတဲရပ်၊ ငပွေးလေးကျေးရွာ၊ ကောလင်းမြို့နယ်၊ ကသာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၁၉ | ဧရာအောင် စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်း | အုတ်ဖြတ်လမ်း၊ ဘိုးဘွားစုရပ်ကွက်၊ ဖြူးမြို့၊ တောင်ငူခရိုင် |
| ၃၂၀ | နဂါးကမ္ဘာ ဆန်စက် | မင်းသားကြီးလမ်း၊ ဂန္ဓာမာစက်မှုဇုန်၊ ပြည်မြို့ |
| ၃၂၁ | သီရိဇေယျာ ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး | ရန်ကုန်-ပြည်လမ်း၊ ကျွန်းကလေး၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၃၂၂ | ရမ်ဘို ဖိနပ်ချုပ်လုပ်ငန်း | အမှတ် ၁၃ ရပ်ကွက်၊ မြစန္ဒာလမ်း၊ ပခုက္ကူ |
| ၃၂၃ | ရွှေမင်းသား ဆန်စက် | ၁၉-၂၀ လမ်းကြား၊ စက်မှုဇုန်၊ မုံရွာ |
| ၃၂၄ | မိဘရိပ် ဆန်စက် | စံပြရပ်ကွက်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၃၂၅ | အေးမေတ္တာ ဆန်စက် | ရွှေသရဖူလမ်းနှင့် ပုလဲသွယ်လမ်းဒေါင့်၊ စက်မှုဇုန်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၂၆ | မိသားစု ဆန်စက် (ဦးချစ်ဆွေ) | ၂၈၂၊ ရပ်စောက်သွားလမ်း၊ လှိုင်ဘုံသာ (၁)၊ ကုန်းလှိုင်ရပ်ကွက်၊ ရွှေညောင်မြို့ |
| ၃၂၇ | စိန် ဆန်စက် | အမှတ်(၁၄၂)၊ ငပြုကလေးရွာမလမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၂၈ | မျိုးမြန်မာ ဆန်စက် | ဇီးကုန်းကျေးရွာ၊ ကန့်ဘလူမြို့နယ် |
| ၃၂၉ | အောင်သုခ ဆန်စက် | အမှတ် (၁) ရပ်ကွက်၊ ကျောက်စစ်လမ်း၊ ထူးကြီးမြို့၊ အင်္ဂပူမြို့နယ် |
| ၃၃၀ | စွမ်းပြည့်အောင် ဆန်စက် | သီရိမင်္ဂလာမြောက်ပိုင်း၊ ပေါင်းနားရပ်၊ စလင်းမြို့ |
| ၃၃၁ | စွယ်စုံ ပီလောပီနံမှုန့် ထုတ်လုပ်ရေးလုပ်ငန်း | တာသစ်ကြီးလမ်း၊ အောင်ဆန်းရပ်၊ ကျုံပျော်မြို့နယ် |
| ၃၃၂ | ရွှေဟင်္သာ ဆန်စက် | ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ သာစည်ကျေးရွာ၊ ရန်ကုန်-ပြည်လမ်း |
| ၃၃၃ | ဦးတင်ကြိုင် (ခနအောင်) ဆန်စက် | အပြင်သာစည်လမ်း၊ သာစည်ရပ်ကွက်၊ နတ်တလင်းမြို့၊ သာယာဝတီခရိုင် |
| ၃၃၄ | ခိုင်ဦး ငါးပုံဆန်စက် | ဈေးရုံဗိုလ်တဲရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း |
| ၃၃၅ | ရွှေတောင်သူ ဆန်စက် | သုဝဏ္ဏာရပ်၊ ကောလင်းမြို့၊ ကသာခရိုင် |
| ၃၃၆ | နေလရောင် ဆန်စက် | ဈေးရုံ၊ ဘိုတဲရပ်၊ ကောလင်းမြို့ |
| ၃၃၇ | စိန်မင်းသားနှင့် Top One မုန့်မျိုးစုံ လုပ်ငန်း | အောင်ချမ်းသာရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း |
| ၃၃၈ | ငွေခနကြွယ် ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေး | အမှတ်(၆၂)၊ လမ်းမတော်လမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၃၃၉ | ချမ်းမြေ့လင်း ဆန်စက် | ရှားခဲကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင် |
| ၃၄၀ | ရွှေကမ္ဘာ ဆန်စက်လုပ်ငန်း | ချားလျှားကုန်းရွာ၊ ရန်ကုန်-ပြည်လမ်း၊ သဲကုန်းမြို့ |
| ၃၄၁ | ရွှေတောင်သူ ဆားကြိတ်စက်၊ အိုင်အိုဒင်းဆား ထုတ်လုပ်ရေး | ရွှေညို့မဆိပ်ကမ်း၊ အမှတ်(၄၄)၊ ပိတောင်ရွှေဝါလမ်း၊ အရှေ့ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့ |
| ၃၄၂ | ရွှေမြင့်မိုရ်စံ ဆန်စက် | ဥယျာဉ်ကျစ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃၄၃ | တော်ဝင် ငါးပုံဆန်စက် | ပေပင်ကြီးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်း |
| ၃၄၄ | ဒေါ်ခင်ခင်သန်း (ရွှေငါး မဆလာလုပ်ငန်း) | ထီးတန်းလမ်းနှင့် ရွှေသာလမ်းထောင့်၊ အိုးတန်းရပ်၊ စစ်တွေမြို့ |
| ၃၄၅ | ဧရာထွဋ်ခေါင် ဆန်စက် | ဒါးကကျေးရွာ၊ ကန်ကြီးထောင့်မြို့၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၄၆ | တိုးတက်ဝေ ဆန်စက် | တင်းတိမ်ရုံစံပြကျေးရွာ၊ ရေဦးမြို့နယ် |
| ၃၄၇ | အောင်ဇေယျာမြင့် စက်နို့ဆီ | ရွှေလုံ-ပျော်ဘွယ်မြို့ |
| ၃၄၈ | ဒေါ်နီနီဝင်း "ဝင်းဝင်း" ဆန်စက် | ကောလင်းမြို့နယ်၊ ကုက္ကိုလ်ကုန်းကျေးရွာ၊ (၉)လမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၄၉ | ကြယ်ညီနောင် ဆန်စက် | အောင်ချမ်းသာရပ်ကွက်၊ ရေဦးမြို့ |
| ၃၅၀ | ရွှေအင်အား ဆန်စက် | အနောက်လမ်း၊ မင်းကွက် (၂) ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၃၅၁ | "ရွှေ" ငါးမုန့်ကြော်လုပ်ငန်း | ၂၄၁ (ဏ)၊ ကချင်လမ်း၊ ပုလဲဒီပါရပ်ကွက်၊ ရေပုန်းနယ်မြေ |
| ၃၅၂ | ရွှေကြိုးကြာ ပဲခွဲစက်၊ ခေါက်ဆွဲစက်၊ ပဲမှုန့်စက် | အမှတ်(၁၀၁)၊ ငါးထပ်ကြီးဘုရားလမ်း၊ နန္ဒဝန်ရပ်၊ ဂ-၃၃/၃၅/၃၇/၃၉၊ ပါရမီလမ်း၊ စစ်ကိုင်းမြို့ |
| ၃၅၃ | ဇေယျာသီရိ ဆန်စက် | ပန်းသီရိဒေါရပ်၊ လှိုင်ကော်မြို့ |
| ၃၅၄ | ရွှေဝါမြေ ဆီစက် | တောမကျေးရွာ၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၅ | ရတနာဝင်း ဆန်စက် | ကုက္ကိုစုကျေးရွာ၊ ရေဦးမြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၆ | ဇီဝဖိုးသဘာဝဌက်သိုက် မွေးမြူရေးလုပ်ငန်း | အမှတ်(၁၂)၊ ကမ်းနားလမ်း၊ ထားဝယ်စုရပ်၊ မြိတ်မြို့ |
| ၃၅၇ | ရွှေကိန္နရီ ဆန်စက် | အောင်မင်္ဂလာရပ်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၅၈ | ဦးဒီနေ့စ်ကူးမား ဆန်စက်နှင့် ဆန်၊ စပါးရောင်းဝယ်ရေး | မြို့မ (၃) လမ်း၊ ညောင်ပင်သာ၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၅၉ | စိုးသီဟ ဆန်စက် | သံတံတားလမ်း၊ ကျောင်းကြီးတန်းရပ်ကွက်၊ အုတ်ဖိုမြို့ |
| ၃၆၀ | ဣန္ဒိတံ ဆန်စက် | ရွှေပြည်ကြီးစက်ဝန်းလမ်း၊ မင်းရွာ၊ သနပ်ပင်မြို့၊ ပဲခူးတိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# Stay at home အစီအစဉ်တွင် အကျုံးဝင်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*(ယမန်နေ့မှအဆက်)*

၈-၁၀-၂၀၂၀ ရက်နေ့မှ ၁၃-၁၀-၂၀၂၀ ရက်နေ့အထိ လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀% ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့် စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာန အမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ ငွေ(ကျပ်) |
|---|---|---|---|---|
| ၄၈၈ | 13041.33.7.2.28 | Earth Renewable Energy Co,Ltd(6%) | ၉၆ | ၇,၉၀၄,၄၀၀.၀၀ |
| ၄၈၉ | 13041.33.7.2.31 | KST Groups of Co,Ltd(6%) | ၄၀ | ၂,၆၆၆,၈၀၀.၀၀ |
| ၄၉၀ | 13041.33.7.2.40 | International Power Generation Public Co,Ltd | ၁၃ | ၁,၅၆၀,၀၀၀.၀၀ |
| ၄၉၁ | 13041.33.7.2.51 | Qutiq Myanmar Co,Ltd | ၅ | ၅၅၈,၃၃၃.၃၃ |
| ၄၉၂ | 13041.33.7.2.73 | King Asia Myanmar Co,Ltd | ၆၇ | ၅,၅၂၀,၀၀၀.၀၀ |
| ၄၉၃ | 13041.33.7.2.77 | U Book Educations Co,Ltd | ၁၄ | ၁,၅၀၀,၀၀၀.၀၀ |
| ၄၉၄ | 13041.33.7.2.81 | Country Light | ၅ | ၄၃၆,၀၀၀.၀၀ |
| ၄၉၅ | 13041.33.7.2.83 | Be The First ကုမ္ပဏီလီမိတက် | ၃၁ | ၂,၆၄၀,၀၀၀.၀၀ |
| ၄၉၆ | 13041.33.7.2.84 | UMG ICT Co,Ltd | ၂၄ | ၂,၁၇၉,၂၀၀.၀၀ |
| ၄၉၇ | 13041.33.7.2.85 | Openmind ကုမ္ပဏီလီမိတက် | ၁၈ | ၁,၇၂၆,၀၀၀.၀၀ |
| ၄၉၈ | 13041.33.8.2.7 | Beautybynaychi Limited | ၄ | ၄၈၀,၀၀၀.၀၀ |
| ၄၉၉ | 13041.33.8.2.30 | Pacific High Technology Services Co.,Ltd | ၆၃ | ၃,၈၉၆,၀၀၀.၀၀ |
| ၅၀၀ | 13041.33.8.2.35 | Newhe Agrotechnique Myanmar Co,Ltd | ၉ | ၉၆၈,၀၀၀.၀၀ |
| ၅၀၁ | 13041.38.1.2.581 | Eternal Co.Ltd | ၃၉ | ၂,၇၆၀,၀၀၀.၀၀ |
| ၅၀၂ | 13041.38.2.2.192 | IGM Co.Ltd | ၂၅ | ၂,၉၃၀,၀၀၀.၀၀ |
| ၅၀၃ | 13041.38.2.2.225 | ရွှေတောင်(Junction Square) | ၂၂၅ | ၁၃,၆၃၄,၃၈၃.၆၀ |
| ၅၀၄ | 13041.38.2.2.282 | SAVOY HOTEL CO.,LTD | ၃၇ | ၃,၉၆၀,၃၀၀.၀၀ |
| ၅၀၅ | 13041.38.1.2.3 | Proven Technology Industry Co., Ltd. | ၁၁၉ | ၁၀,၇၈၆,၄၀၀.၀၀ |
| ၅၀၆ | 13041.38.3.2.126 | ဆိုလာဝရိုက်စက် ကုမ္ပဏီ | ၃၈ | ၄,၄၀၂,၀၀၀.၀၀ |
| ၅၀၇ | 13041.38.4.2.54 | Marketech Integrated Construction | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၅၀၈ | 13041.38.4.2.75 | Innovative Myanmar Enterpreneurs | ၃၆ | ၂,၆၆၀,၀၀၀.၀၀ |
| ၅၀၉ | 13041.38.5.2.42 | Maia Travels and Tours Co;ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၁၀ | 13041.38.5.2.54 | Lotte Hotels & Resorts | ၅၉၄ | ၅၁,၄၂၀,၉၈၀.၀၀ |
| ၅၁၁ | 13041.38.6.2.115 | Myat Kan Moe Entertiprise | ၁၅ | ၈၆၄,၀၀၀.၀၀ |
| ၅၁၂ | 13041.38.6.2.116 | Glover Electrical Industrial Pte,Ltd | ၁၄ | ၈၆၈,၈၀၀.၀၀ |
| ၅၁၃ | 13041.38.7.2.100 | Myanmar Billion Smiles Co.,Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၁၄ | 13041.38.7.2.112 | Everclever (Myanmar)Co.,Ltd | ၇ | ၈၁၀,၀၀၀.၀၀ |
| ၅၁၅ | 13041.38.1.2.42 | Concorde Industries Ltd | ၉၀ | ၈,၄၉၆,၀၀၀.၀၀ |
| ၅၁၆ | 13008.313.2.2.97 | EWHA KNIT | ၅၃၉ | ၃၀,၂၈၇,၃၁၀.၀၀ |
| ၅၁၇ | 13008.313.2.2.128 | AMG Printing & Embroidery | ၉၉ | ၅,၇၀၂,၄၀၀.၀၀ |
| ၅၁၈ | 13008.313.2.2.132 | Unique HTT Co.Ltd | ၁,၀၉၉ | ၆၁,၂၀၇,၆၈၀.၀၀ |
| ၅၁၉ | 13008.313.3.2.3 | ကျင်းလီသိုးမွှေးရက်ထည်လုပ်ငန်း | ၆၈၇ | ၃၉,၁၂၃,၈၄၀.၀၀ |
| ၅၂၀ | 13008.313.3.2.134 | SCG Myanmar Concrete and Aggregate Co., Ltd | ၃ | ၂၃၅,၂၀၀.၀၀ |
| ၅၂၁ | 13008.313.4.2.75 | ဆောင်းဦးရွှေနေ | ၃,၅၂၈ | ၁၉၄,၄၂၁,၁၂၀.၀၀ |
| ၅၂၂ | 13008.313.5.2.29 | XinLin Knitting Co.,ltd | ၄၅ | ၂,၅၉၂,၀၀၀.၀၀ |
| ၅၂၃ | 13008.313.5.2.98 | Dongyu Garment Co.,Ltd | ၇၉၄ | ၄၇,၀၉၇,၆၀၀.၀၀ |
| ၅၂၄ | 13018.31.1.2.31 | သံပန်းသံတံခါးသံထည် | ၆ | ၁၉၂,၀၀၀.၀၀ |
| ၅၂၅ | 13018.31.2.2.187 | Dagon Talent Garment Limited | ၁,၂၂၂ | ၆၇,၆၂၇,၂၈၀.၀၀ |
| ၅၂၆ | 13018.31.1.2.197 | ဦးမြင့်ဦး(ကြိမ်စက်ရုံ) | ၆၉ | ၃,၉၇၄,၄၀၀.၀၀ |
| ၅၂၇ | 13018.31.1.2.232 | Newest Garment | ၁၉၅ | ၁၁,၅၁၈,၄၀၀.၀၀ |
| ၅၂၈ | 13018.31.1.2.272 | GTS သံနန်းဆွဲ | ၅ | ၁၆၀,၀၀၀.၀၀ |
| ၅၂၉ | 13018.31.1.2.389 | ဦးစံလှသံဇကာလုပ်ငန်း | ၄ | ၁၁၂,၀၀၀.၀၀ |
| ၅၃၀ | 13018.31.2.2.56 | Myit Shwe Wah Co.,Ltd. | ၃၅၃ | ၃၀,၁၉၀,၄၄၀.၀၀ |
| ၅၃၁ | 13018.31.2.2.147 | ပါရာဂွန်ဆေးဆိုးပန်းရိုက်စက်ရုံ | ၂၁၄ | ၁၂,၅၇၆,၀၀၀.၀၀ |
| ၅၃၂ | 13018.31.2.2.150 | Suzuki (Myanmar) Motor Co., Ltd. | ၁၄၃ | ၁၄,၈၈၈,၉၄၈.၀၀ |
| ၅၃၃ | 13018.31.4.2.118 | Vince (Myanmar) Co,Ltd | ၆၅၅ | ၃၇,၇၇၀,၄၀၀.၀၀ |
| ၅၃၄ | 13018.31.3.2.140 | Mega Mix Co., Ltd | ၆ | ၂၉၈,၈၀၀.၀၀ |
| ၅၃၅ | 13018.31.7.2.18 | Hong Xi Technology(Myanmar)Co.,Ltd. | ၇၆၂ | ၄၃,၅၇၉,၀၉၂.၀၀ |
| ၅၃၆ | 13018.31.4.2.12 | Xenon Company Limited | ၇၉ | ၄,၅၅၀,၄၀၀.၀၀ |
| ၅၃၇ | 13018.31.4.2.114 | Asia Concrete Co.,Ltd | ၆၀ | ၅,၃၆၅,၉၀၈.၄၀ |
| ၅၃၈ | 13018.31.5.2.46 | Dong Peng Co.,Ltd | ၈၁ | ၄,၆၂၉,၁၂၀.၀၀ |
| ၅၃၉ | 13018.31.6.2.25 | United Shwe Naing Ngan Co,Ltd | ၇၆ | ၄,၆၁၆,၈၀၀.၀၀ |
| ၅၄၀ | 13018.31.6.2.26 | Shwe Naing Ngan Co,Ltd | ၅၉ | ၃,၄၆၀,၈၀၀.၀၀ |
| ၅၄၁ | 13018.31.7.2.40 | HuaYin TJ Denim (Yangon) Manufacturing | ၃၀၄ | ၁၆,၈၃၅,၃၆၄.၀၀ |
| ၅၄၂ | 13018.31.7.2.44 | Brilliance Textile Corporation Ltd; | ၁၃ | ၁,၁၉၈,၅၆၀.၀၀ |
| ၅၄၃ | 13018.31.7.2.76 | Golden Heros Company Limited | ၇၇ | ၅,၂၈၄,၆၄၀.၀၀ |
| ၅၄၄ | 13018.31.7.2.84 | ကောင်းကုဋေကြွယ်ကုမ္ပဏီလီမိတက် | ၁၉ | ၁,၇၁၈,၄၀၀.၀၀ |
| ၅၄၅ | 13018.31.8.2.15 | မြတ်မိဘဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက် | ၁၄၆ | ၁၂,၉၅၄,၀၀၀.၀၀ |
| ၅၄၆ | 13018.31.8.2.25 | Air Products Myanmar Co,Ltd | ၆ | ၆၆၀,၀၀၀.၀၀ |
| ၅၄၇ | 13018.31.8.2.32 | Myanmar Pinnacle Co.,Ltd | ၁၅ | ၁,၃၉၀,၀၀၀.၀၀ |
| ၅၄၈ | 13023.314.5.2.6 | NS BlueScope lysaght Myanmar Ltd | ၁၉ | ၂,၂၈၀,၀၀၀.၀၀ |
| ၅၄၉ | 13023.314.5.2.41 | Matsunaga Myanmar Coltd | ၁၃ | ၁,၀၆၅,၂၀၀.၀၀ |
| ၅၅၀ | 13023.314.6.2.14 | Pro Paragon Construction Co.,Ltd. | ၁၀၉ | ၇,၈၂၀,၀၀၀.၀၀ |
| ၅၅၁ | 13023.314.6.2.28 | Quantum Talent Services Ltd | ၁၀ | ၈၅၂,၀၀၀.၀၀ |
| ၅၅၂ | 13023.314.6.2.41 | Myanmar Crecimiento Industrial CoLtd | ၁၂၄ | ၇,၁၃၅,၆၈၀.၀၀ |
| ၅၅၃ | 13037.39.3.2.16 | Toyo Thai Power Myanmar Company Limited | ၁၀၅ | ၁၁,၂၂၆,၄၀၀.၀၀ |
| ၅၅၄ | 13037.39.3.2.147 | Rose Hill Soilbuild Co.,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၅၅၅ | 13037.39.4.2.23 | Myanmar Pyi San Htar Group of Companies | ၇၃ | ၈,၀၁၀,၀၀၀.၀၀ |
| ၅၅၆ | 13041.33.1.2.55 | Diamond Mercury Co,Ltd | ၃ | ၂၁၀,၀၀၀.၀၀ |
| ၅၅၇ | 13023.314.2.2.111 | သန်လျင်အိမ်ရာဖွံ့ဖြိုးတိုးတက်မှုလီမိတက် | ၄၉၈ | ၄၁,၉၉၂,၀၄၀.၀၀ |
| ၅၅၈ | 13041.33.1.2.359 | Myanmar Bestin Co,Ltd | ၃၆ | ၃,၄၃၆,၀၀၀.၀၀ |
| ၅၅၉ | 13041.33.1.2.579 | Earth Computer System Co,Ltd | ၃ | ၃၆၀,၀၀၀.၀၀ |
| ၅၆၀ | 13041.33.1.2.641 | Good Brothers' | ၁၅ | ၁,၄၂၁,၂၀၀.၀၀ |
| ၅၆၁ | 13041.33.2.2.126 | အီဗိုဂရိုကုမ္ပဏီလီမိတက် | ၆၅ | ၆,၉၆၈,၀၀၀.၀၀ |
| ၅၆၂ | 13041.33.2.2.226 | IGE Power | ၆၁ | ၇,၀၂၈,၀၀၀.၀၀ |
| ၅၆၃ | 13041.33.4.2.208 | မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက် | ၈၅၇ | ၈၆,၂၁၄,၀၀၀.၀၀ |
| ၅၆၄ | 13041.33.4.2.209 | မြန်မာ့စံပြမြေသြဇာကုမ္ပဏီလီမိတက် | ၅၂ | ၆,၀၁၆,၀၀၀.၀၀ |
| ၅၆၅ | 13041.33.4.2.210 | မြန်မာကောင်းသုခကုမ္ပဏီလီမိတက် | ၂၄၃ | ၂၄,၃၂၈,၀၀၀.၀၀ |
| ၅၆၆ | 13041.33.4.2.213 | ရန်ကုန်လိမ္မော်ခြံ | ၈ | ၅၉၀,၄၀၀.၀၀ |
| ၅၆၇ | 13041.33.4.2.215 | Pro Paragon Construction Co.,Ltd. | ၅၄ | ၄,၈၅၂,၀၀၀.၀၀ |
| ၅၆၈ | 13041.33.4.2.222 | Nordic Group Limited (6%) | ၁၃၆ | ၁၂,၃၈၀,၇၃၆.၈၀ |
| | | စုစုပေါင်း | ၄၇,၉၃၀ | ၃,၆၁၃၉,၀၂၆,၄၆၂.၉၅ |

# ဧရာဝတီဖောင်ဒေးရှင်းက ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၁၁ ကျောင်းအတွက် လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၈**

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသလို လိုအပ်သည့်နေရာများသို့လည်း လှူဒါန်းမှုများပြုလုပ်လျက်ရှိရာ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း ၁၁ ကျောင်းအတွက် ငွေကျပ်သိန်း ၂၂၀၊ ဆန်အိတ် ၂၂၀ နှင့် ဧရာဝတီဖောင်ဒေးရှင်းက ထုတ်လုပ်သည့် နှာခေါင်းစည်း အခုရေ ၂၂၀၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့သည်။

ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည့် စာသင်တိုက်များဖြစ်သည့် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်တို့အပါအဝင် ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများဖြစ်သော နာဂလိုဏ်ဂူရှိ ကလေးဝတောရကျောင်းစာသင်တိုက်၊ မေတ္တာဝါဒီဟသာ်တ ပရဟိတစာသင်တိုက်၊ မြဝတီမဟာစည်သာသနာ့ရိပ်သာ၊ ပညာသိင်္ဂီ သီလရှင်စာသင်တိုက်၊ သီရိရတနာစာသင်တိုက်၊ ငွေစန္ဒာသီလရှင်ကျောင်းတိုက်၊ ပညာဂုဏ်ရည်(မြိုင်) သီလရှင်စာသင်တိုက်၊ မဟာအောင်မြေသမိဒ္ဓါဒယ သီလရှင်စာသင်တိုက်နှင့် သစ္စာမဏ္ဍိုင်သီလရှင်စာသင်တိုက် အစရှိသည့် စုစုပေါင်း ၁၁ ကျောင်းအတွက် အလှူငွေကျပ် သိန်း ၂၂၀ ၊ ဆန်အိတ် ၂၂၀ နှင့် ဧရာဝတီဖောင်ဒေးရှင်းက ပထမဆုံးထုတ်လုပ်သော နှာခေါင်းစည်းအခုရေ ၂၂၀၀၀ ကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းထုတ်လုပ်သည့်စက်ဝယ်ယူကာ အခုရေ ငါးသန်း ထုတ်လုပ်လျက်ရှိပြီး အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ရာ ယခုအခါ လိုအပ်သည့်နေရာများသို့ စတင်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုမိုး**

# မိုင် ၄၉၀ ရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းကို တိုင်းရင်းသားကုမ္ပဏီများနှင့် ရှမ်းပြည်နယ်တောင်ပိုင်းလမ်းဦးစီးက အဆင့်မြှင့်တင်



ရန်ကုန် အောက်တိုဘာ ၁၈

မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မှစ၍ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့အထိ ခရီးမိုင် ၄၉၀/၇ မိုင် အကွာအဝေးရှိသည်။ မိတ္ထီလာမှ တောင်ကြီး ၁၁၅/၂ မိုင်ကို တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးက BOT စနစ်ဖြင့် လမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ သည်။

မန္တလေးတိုင်းဒေသကြီးအပိုင်းတွင် ၂၆/၁ မိုင်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဘက်ခြမ်း မန်တက်မှ ကလောအတက်လမ်းပိုင်းကို တောင်ဖြိုလမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကလောမြို့မှတောင်ကြီးမြို့အထိ လမ်းအရှည် ၄၅/၀ မိုင်ကို လမ်းချဲ့၍ လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို တောင်ပေါ်ဒေသဆောက်လုပ်ရေးက BOT စနစ်ဖြင့် ၁-၅-၂၀၁၉ ရက်က ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည်ကို လမ်းညွှန် ဆောင်ရွက်ပေးသလို ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနကလည်း ကြီးကြပ်ဆောင်ရွက်ပေးသည်ဟု သိရသည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းသည် ပြည်ထောင်စုလမ်းမကြီးဖြစ်သလို အမှတ် ၂ AH2 အာရှလမ်းမကြီး၊ အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းမကြီး၊ မြန်မာပြည်အလယ်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးအဖြစ် ဆောင်ရွက်နေသော လမ်းမကြီးဖြစ်သည်။

တောင်ကြီးနှင့် လွိုင်လင်-နမ့်စမ်ကြား မိုင် ၇၃/၀ မိုင်အရှည်ကို နေမင်းရောင်ကုမ္ပဏီကလည်းကောင်း၊နမ့်စမ်မှ တာကော်အပိုင်း ရှမ်းတောင်နှင့် ရှမ်းအရှေ့နယ်စပ်လမ်း ၉၄ မိုင်ကို ရှမ်းတောင်လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၄)နှင့် လွိုင်လင်ခရိုင် လမ်းဦးစီးတို့ကလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း၊ မိတ္ထီလာ- ကလော- တောင်ကြီး- လွိုင်လင်- နမ့်စမ်အပိုင်း လမ်းတိုးတက်ပြုပြင်ခြင်း လုပ်ငန်းများကို နိုင်ငံသားလုပ်ငန်းရှင်များအား BoT စနစ်ဖြင့်လည်း ပေးထားသလို နမ့်စမ်မှ တာကော်အထိအပိုင်းကို ရှမ်းပြည်နယ်တောင်ပိုင်း လမ်းဦးစီးဌာနမှလည်းကောင်း လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ခရမ်းစိုးမြင့်




## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သောက်သုံးရေရရှိရေး ယခင်ဘဏ္ဍာနှစ်ထက် ၁၀၃ သန်းကျော်ပိုမိုလျာထား

မုံရွာ အောက်တိုဘာ ၁၈

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၂၃၀ ဒသမ ၁၆၇ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများအတွက် လျာထားလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သောက်သုံးရေရရှိရေးလုပ်ငန်းများအတွက် လျာထားမှုသည် ယခင်ဘဏ္ဍာနှစ်ထက် ငွေကျပ် ၁၀၃ ဒသမ ၅၅၆ သန်း ပိုလျာထားပေးခြင်းဖြစ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ခွင့်ပြုရန်ပုံငွေကျပ် ၂၁၅ ဒသမ ၈၀၇ သန်းဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လဟယ်မြို့နယ် အတွင်းရှိ ကျေးရွာရှစ်ရွာတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းရှစ်ခုကိုလည်းကောင်း၊ လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းတစ်ခုကို ငွေကျပ်သန်း ၁၄ ဒသမ ၃၆၀ ဖြင့်လည်းကောင်း လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာ ခုနစ်ရွာတွင် စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းငါးခုနှင့် အခြားနည်းလမ်းဖြင့် ရေရရှိရေး လုပ်ငန်းနှစ်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၁၂၆ ဒသမ ၆၁၁ သန်းဖြင့် လုပ်ဆောင်ပေးခဲ့ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၀ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၈ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၈ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၂ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၅၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၅၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၉၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၇၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၇၁ | ၇၀၇၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၈၄၃ | ၃၁၁၉၁၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၄ | ၃၂၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁ | ၂၂၀၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၂၂၅ | ၆၀၈၆၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၉ | ၂၇၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြေယာရှုခင်းအမြင် ကျယ်ပြန့်စေချင်

မင်းဇာနည်အောင် (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)



**“စိုက်ခင်းတွေ ကျယ်ပြောလာလေလေ၊ သဘာဝမြေယာရှုခင်း လျော့ပါးလာလေလေ ဖြစ်တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်က ကြည့်ရင်တော့ စိုက်ပျိုးရေးလုပ်ငန်းဟာ သဘာဝဂေဟစနစ်ကို ထိခိုက်မှုများစေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒါပေမယ့် တိုးလာတဲ့လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံမှုရှိအောင် စိုက်ပျိုးထုတ်လုပ်ဖို့ကလည်း ဦးစားပေးရမယ့် ကမ္ဘာလုံးဆိုင်ရာ အရေးဖြစ်တယ်။ ဒီနေရာမှာ ဂေဟစနစ်ထိခိုက်မှု အနည်းဆုံးဖြစ်တဲ့ စိုက်ပျိုးနည်းစနစ်နဲ့ စိုက်ခင်းတွေ ဖော်ဆောင်ရေးဟာ ရေရှည်အတွက် ပြင်ဆင်ရမယ့်လုပ်ငန်းစဉ် ဖြစ်လာတယ်”**

### မြေယာရှုခင်းဆိုသည်မှာ

မြေယာရှုခင်း(Landscape)ဆိုတာ သဘာဝကို အခြေပြုတဲ့၊ လူသားတွေနဲ့ ဆက်စပ်နေတဲ့ ဝေါဟာရတစ်ခုပါ။ ဒီဝေါဟာရကို ကမ္ဘာကျော် အင်္ဂလိပ်အဘိဓာန်ကြီးများဖြစ်တဲ့ မာရီယမ်ဝဘ်စတား၊ ကိမ်းဘရစ်နဲ့ အောက်စဖို့ဒ်တို့က “မြေပြင် ပေါ်မှာရှိတဲ့ ရေမြေတောတောင်စတဲ့ သဘာဝသွင်ပြင်လက္ခဏာကို ဖြစ်စေ၊ ကျေးလက်ဒေသရှုခင်းကို ဖြစ်စေ၊ တစ်နေရာကနေ တစ်ချိန်ချိန်မှာ မြင်တွေ့လိုက်ရတဲ့မြင်ကွင်း (သို့မဟုတ်) အဲဒီမြင်ကွင်းကို ပုံဖော်ရေးဆွဲထားတဲ့ ရှုခင်းရုပ်ပုံ” ဖြစ်တယ်ဆိုပြီး အဓိပ္ပာယ်ဖွင့်ကြပါတယ်။ ယေဘုယျအားဖြင့်တော့ လူသားတွေရဲ့ မျက်စိနဲ့ မြင်ရတဲ့ မြေပြင်ပေါ်က သဘာဝမြင်ကွင်းဖြစ်စေ၊ လူတွေ ပြုလုပ်ဖန်တီးလို့ဖြစ်လာတဲ့ စိုက်ပျိုးခင်း၊ လမ်း၊ အိုးအိမ် အဆောက်အအုံ၊ အလှစိုက်သစ်ပင်ပန်းမန်တွေ စုဖွဲ့ထားတဲ့ မြင်ကွင်းဖြစ်စေ ဒါတွေဟာ မြေယာရှုခင်းပဲ ဖြစ်တယ်။

မြေယာရှုခင်းတစ်ခုရဲ့ ဖွဲ့စည်းပုံ၊ အသုံးဝင်ပုံ (သို့မဟုတ်) လုပ်ဆောင်ပုံနဲ့ အတိုင်းအတာ အရွယ်အစားကလည်း ဘယ်လိုမြေယာရှုခင်း ဖြစ်တယ်ဆိုတာ ထပ်ဆင့် ဖော်ညွှန်းပါတယ်။ သာမန်အားဖြင့် နေအိမ်ခြံဝင်း၊ ပန်းခြံ၊ ကစားကွင်း၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းစတာတွေကို သစ်ပင်ပန်းမန်တွေ၊ ရုပ်တုတွေ၊ ထိုင်ခုံတွေ၊ ကျောက်တုံးတွေ၊ တံတားတွေနဲ့ အလှဆင်တာဟာ သဘာဝကိုတုပပြီး လူတွေရဲ့ စိတ်ကူးနဲ့ဖန်တီးတဲ့ ဥယျာဉ်လုပ်ငန်းတစ်မျိုး ဖြစ်ပါတယ်။ ရည်ရွယ်ချက်ထားပြီး အသုံးပြုမှုတစ်ခုခုအတွက် မြေပြင် ရဲ့ ပကတိအနေအထားကို ပုံစံပြောင်းလိုက်ရာကနေ အပြီးသတ်မှာမြင်ရတဲ့ မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်း (Scenery)မို့လို့ မြေယာရှုခင်းပြုလုပ်ခြင်း (သို့မဟုတ်) မြေယာရှုခင်း အလှဆင်ခြင်းလို့ ပြောလို့ရပါတယ်။

ဒီထက် ကျယ်ပြန့်တဲ့ သဘာဝအတိုင်းရှိနေတဲ့ တောတောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေနဲ့ ဆက်စပ်ပြီး ဖြစ်တည်လာတဲ့ လူနေရပ်ဝန်း၊ စိုက်ပျိုးခင်း၊ ဘာသာရေး အဆောက်အအုံအစုအဖွဲ့ စတာတွေပါတဲ့ မြင်ကွင်းဟာလည်း လူသားတွေ ပါဝင်ပတ်သက်တဲ့ မြေယာရှုခင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ညွှန်းပါတယ်။ လူတွေ အရောက်အပေါက်မရှိ၊ သဘာဝအတိုင်း ဖြစ်တည်နေတဲ့ မြေယာရှုခင်းတွေကိုလည်း ဒီနေ့ခေတ် ကမ္ဘာ့နိုင်ငံအတော်များများမှာ မြင်တွေ့နိုင်ပါသေးတယ်။

### မြေယာရှုခင်းသည် သက်ရှိတို့ မှီတည်ရာ

ကမ္ဘာကြီးကို ပြန်သုံးသပ်ကြည့်ရင် သက်တမ်း နှစ်သန်းပေါင်း ၄၆၀၀ ရှိလာပြီဖြစ်တယ်။ ကမ္ဘာဦးအစ ဟေဒီယန်ကာလ(Hadean Eon)(နှစ်သန်း ၄၆၀၀ မှ ၄၀၀၀ အတွင်း)မှာ ကမ္ဘာ့မြေပြင် ဖြစ်ပေါ်တာ၊ လေထုဖွဲ့စည်းမှုနဲ့ ပင်လယ်သမုဒ္ဒရာရေပြင် ဖြစ်ပေါ်တာတွေ ရှိခဲ့တယ်။ နောက်ဆက်တွဲကာလတွေမှာ ရေခဲပြင်နဲ့ ရေဖုံးလွှမ်းတာ၊ လျှောင်လှုပ်တာ၊ မီးတောင်ပေါက်ကွဲတာ၊ ကျောက်ဖျာတွေ ပြတ်ရွေ့လှုပ်ရှားတာ စတဲ့ သဘာဝဖြစ်စဉ်တွေကြောင့် ကမ္ဘာရဲ့ ဘူမိအခြေအနေနဲ့ ပထဝီအနေအထားဟာ များစွာ ပြောင်းလဲ ဖြစ်ပေါ်လာခဲ့တယ်။ ဒီပြောင်းလဲမှုတွေကြောင့်ပဲ ကမ္ဘာပေါ်မှာ သက်ရှိတွေ နေထိုင်နိုင်ဖို့ အဖိုးဖြတ်မရနိုင်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ဆိုတာတွေ ဖြစ်ပေါ်လာခဲ့တယ်။ သစ်တောကြီးတွေ၊ တောင်တန်းတွေ၊ မြေပြန့်လွင်ပြင်တွေ၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေ၊ ပင်လယ်သမုဒ္ဒရာတွေ ဟာ သက်ရှိတွေ မှီတင်းနေထိုင်ရတဲ့ သဘာဝပတ်ဝန်းကျင်အခင်းအကျင်းတွေပဲ ဖြစ်လာတယ်။ ပထဝီအနေ အထားကိုလိုက်ပြီး ကမ္ဘာ့ရာသီဥတု မတူညီတာကလည်း မြေယာရှုခင်း ဖွဲ့စည်းပုံတွေ ကွာခြားသွားပါတယ်။ မြန်မာနိုင်ငံလို မုတ်သုံရာသီလွှမ်းမိုးတဲ့ ဒေသတွေမှာ စွတ်စိုတဲ့ မုတ်သုံသစ်တောမြေယာရှုခင်း ရှိပါတယ်။ ဆီးနှင်းကျတဲ့ အအေးပိုင်း ဒေသတွေမှာ ထင်းရှူးလို သစ်တောရှိတဲ့ မြေယာရှုခင်းတွေ တွေ့နိုင်တယ်။ ကုန်းတွင်းကျပြီး ခြောက်သွေ့တဲ့ ဒေသတွေမှာတော့ သစ်ပင်ကျဲပါးမြေယာရှုခင်းနဲ့ သဲကန္တာရ မြေယာရှုခင်းတွေ ရှိပြန်ပါတယ်။

ဒီသဘာဝအခင်းအကျင်းတွေကို အမှီပြုပြီးတော့ လူအပါအဝင် သက်ရှိမျိုးစိတ်တွေဟာ ကမ္ဘာ့နေရာဒေသ အသီးသီးမှာ နေထိုင်ကျက်စားကြတယ်။ ဒီထဲမှာ လူသားသက်ရှိတွေက သဘာဝမြေယာရှုခင်းတွေကို ပုံစံပြောင်းလဲစေတဲ့နေရာမှာ စွမ်းဆောင်ရည်အမြင့်ဆုံးလို့ ပြောနိုင်ပါတယ်။ နေထိုင်ဖို့၊ စိုက်ပျိုးထုတ်လုပ်ဖို့၊ သတ္တုနဲ့ တွင်းထွက်သယံဇာတတွေ တူးဖော်ဖို့၊ ကူးသန်းသွားလာဖို့၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်ဖို့၊ အပန်းဖြေအနားယူဖို့ စတဲ့ လူသားတွေရဲ့ အရေးကိစ္စတွေ အဆင်ပြေ ချောင်လည်စေဖို့ သဘာဝအခင်းအကျင်းတွေကို လိုသလို ပုံစံပြောင်းလဲကြရပါတယ်။ ပြောင်းလဲမှု အလွန်အကျွံဖြစ်ပြီး သက်ရှိအားလုံး မှီခိုနေရတဲ့ ဂေဟစနစ် မဆုတ်ယုတ်မပျက်စီးအောင်၊ နောင်မျိုးဆက်တွေအတွက် ရေရှည်ဆက်လက်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ရမယ့် အရေးကိစ္စဟာ ဒီနေ့ကာလရဲ့ လူသားတာဝန် ဖြစ်လာပါတယ်။

### မြေယာရှုခင်းပြောင်းလဲခြင်း

အင်္ဂလန်နိုင်ငံ ဘရစ်စတိုးတက္ကသိုလ်က ပညာရှင်တွေဟာ ဟေဒီယန်ကာလကတည်းက ဇက်တီးရီးယားလို သက်ရှိမျိုးစိတ်တွေ ကမ္ဘာပေါ်မှာ စတင်နေထိုင်ကြပြီလို့ ၂၀၁၈ ခုနှစ်မှာ ဖော်ထုတ်ခဲ့တယ်။ သက်ရှိတိုင်းဟာ သူတို့နေထိုင်နိုင်မယ့် ပတ်ဝန်းကျင်တစ်ခုကို အမှီသဟဲပြုကြရတယ်။ စားသောက်စရာနဲ့ အခြားအရင်းအမြစ်တွေလည်း ရနိုင်မယ့် ပတ်ဝန်းကျင်မှာ သက်ရှိတွေ အဓိက နေထိုင်ကြတယ်။ သက်ရှိမျိုးစိတ်ကိုလိုက်ပြီး နေထိုင်တဲ့ ပတ်ဝန်းကျင်တွေကတော့ ကွာခြားကြပါတယ်။ သားရဲတိရစ္ဆာန်တွေ၊ ကျေးငှက်တွေက သစ်တောကြီးတွေကို အမှီပြုကြရသလို ရေနေသတ္တဝါတွေက ရေထုမှာ အသက်ရှင်ကြရတယ်။

လွန်ခဲ့တဲ့နှစ် ၂ ဒသမ ၆ သန်းမှာ လူသားမျိုးနွယ် (Homo habilis)ကမ္ဘာ့မြေပြင်မှာ စတင်ပေါ်ပေါက်လာပြီး နှစ်ပေါင်း ၁ ဒသမ ၈ သန်းလောက်မှာ မတ်ရပ်လူ(Homo erectus)အဖြစ် ပြောင်းလဲတိုးတက်လာတယ်။ သူတို့ကို ကျောက်ခေတ်ဦး(Paleolithic Era)လူသားတွေလို့ပဲ အမည်တပ်ခဲ့ကြတယ်။ အဲဒီလူသားတွေဟာ အုပ်စုငယ်တွေဖွဲ့ပြီး လှည့်လည်နေထိုင်တာ၊ ဂူအောင်းနေထိုင်တာတွေ ရှိကြတယ်။ သူတို့တွေဟာ ကျောက်ကြမ်း လက်နက်ကိရိယာတွေကို အသုံးပြုကြတယ်။ စားစရာကို ရှာဖွေဖမ်းဆီးစားသောက်ကြတယ်။ သားကောင်တွေအပြင် အသီးအနှံနဲ့ သစ်ဥသစ်ဖုတွေကိုလည်း စားသောက်ကြတယ်။ နှစ်တစ်သောင်းလောက်မှာတော့ ကျောက်ခေတ်သစ်ကို ကူးပြောင်းလာတယ်။ အဲဒီကာလမှာ လူသားတွေဟာ ရွာတည်ပြီး နေရာအတည်တကျ နေထိုင်လာကြတယ်။ သီးနှံတွေကို အသင့်ခူးဆွတ်စားသုံးရာကနေ သိုလှောင်သိမ်းဆည်းတတ်တဲ့ အလေ့အထရှိလာတယ်။ တစ်နေရာက ယူလာတဲ့ သီးနှံမျိုးစေ့တွေဟာ နေထိုင်ရာ အနီးဝန်းကျင်မှာ အလေ့ကျပေါက်ပြီး သီးနှံတွေ ပြန်ဖြစ်ထွန်းလာတာကို သတိထားမိကြတော့ စိုက်ပျိုးရေးလုပ်ငန်းကို ကျောက်ခေတ်သစ် အစဦးမှာပဲ စတင် လုပ်ကိုင်တတ်လာကြတယ်။

ထွန်ယက်စိုက်ပျိုးဖို့အတွက် ကျောက်ချောကိရိယာတွေ ပြင်ဆင်အသုံးပြုလာလို့ သူတို့ကို ကျောက်ချောခေတ် (သို့မဟုတ်) ကျောက်ခေတ်သစ် လူသားတွေလို့ ခေါ်လို့ရပါတယ်။ ကျောက်ခေတ်သစ်ဟာ လူသားတွေရဲ့ အိုးအိမ်တည်ထောင်ပြီးအသက်မွေးတဲ့ ယဉ်ကျေးမှု(Civilization)နဲ့ စားသုံးသီးနှံတွေကို လူက ပြုစုစိုက်ပျိုးတဲ့(Domestication) အခြေတည်တယ်လို့ ပြောလို့ရပါတယ်။

ထိုင်းနိုင်ငံအတွင်းက လွန်ခဲ့တဲ့ နှစ် ၁၁၀၀၀ လောက်က ရှိခဲ့တဲ့ လူနေရပ်ဝန်းတစ်ခုမှာ အခွံမာသီး၊ တောင်ကြီးပဲ(Broad bean)၊ ပဲရာဇာနဲ့ ဖရုံမျိုးနွယ်တွေ ရှိခဲ့တယ်လို့ ရှေးဟောင်းသုတေသီတွေက တွေ့ရှိထားတယ်။ ဒီထက်ပိုရှေးကျတဲ့အချိန်မှာ ပိန်းဥနဲ့ မျောက်ဥလို စားစရာတွေကို လူသားတွေက ရှာဖွေစားသောက်ခဲ့ကြပါလိမ့်မယ်။ စပါးစိုက်ပျိုးတာကိုတော့ လွန်ခဲ့တဲ့ နှစ် ၇၀၀၀ လောက်ကမှ စတင်ခဲ့မယ်လို့ ခန့်မှန်းကြပါတယ်။ ဒီအချိန်မှာ ကျွဲ၊ နွား မွေးမြူတာကလည်း ထွန်ယက်စိုက်ပျိုးတဲ့လုပ်ငန်းတွေအတွက် တွဲဖက်ရှိနေပြီလို့ ပြောလို့ရပါတယ်။

### ခေတ်သစ်စိုက်ပျိုးရေးနဲ့ မြေယာရှုခင်း

နေထိုင်မှုပုံစံ ပြောင်းလဲလာပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လာမှုတွေက အရင်ရှိခဲ့တဲ့ ပတ်ဝန်းကျင်ကို သိသိသာသာ ပြောင်းလဲလာစေခဲ့တယ်။ ကျောက်ခေတ်သစ်ရဲ့ စိုက်ပျိုးနည်းစနစ်ဟာ ရွှေ့ပြောင်းတောင်ယာစိုက်ခြင်းနဲ့ ဆင်တူတယ်။ စိုက်ပျိုးဖို့အတွက် နေရာတစ်ခုကို တစ်နှစ်ကနေ သုံးနှစ်အထိ အများဆုံး အသုံးပြုပြီးတဲ့နောက် ၁၅ နှစ်ကနေ နှစ် ၂၀ အထိ မြေလှုပ်ထားတတ်တယ်။ စိုက်ခင်းတွေလုပ်ဖို့ ရှိပြီးသားသစ်ပင်တွေကို ခုတ်လှဲတာ၊ မီးရှို့တာတွေက သဘာဝရဲ့ဂေဟစနစ်ကို ဖျက်ဆီးရာရောက်တယ်လို့ ဒီနေ့ခေတ်မှာ လက်ခံထားကြတယ်။ လူဦးရေ တိုးပွားလာတာ၊ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုလိုအပ်လာတာ၊ နေရာပြောင်းရွှေ့စိုက်တဲ့အကြိမ်ရေ များပြားလာတာက သဘာဝမြေယာရှုခင်းကို ကြိမ်ဖန်များစွာ ပြောင်းလဲစေခဲ့တယ်။

စားနပ်ရိက္ခာ ပိုမိုလိုအပ်လာတဲ့နောက်မှာ ရေသွင်းစိုက်ပျိုးတဲ့စနစ်နဲ့ စိုက်ခင်းတွေဟာ ပိုမို ကျယ်ပြန့်လာခဲ့တယ်။ ဒီဘက်ခေတ်ကိုရောက်လာတော့ လိုအပ်ချက်အရ သီးနှံတွေ အထွက်နှုန်းမြင့်အောင် မြေဩဇာအသုံးပြုတဲ့စနစ်၊ ပိုးမွှားရောဂါကာကွယ်တဲ့စနစ် စတာတွေ တီထွင်ဖန်တီးပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးအောင် ဆောင်ရွက်ခဲ့ကြတယ်။ တစ်နည်းဆိုရင်တော့ စိုက်ခင်းတွေ ကျယ်ပြောလာလေလေ၊ သဘာဝမြေယာရှုခင်း လျော့ပါးလာလေလေ ဖြစ်တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်က ကြည့်ရင်တော့ စိုက်ပျိုးရေးလုပ်ငန်းဟာ သဘာဝဂေဟစနစ်ကို ထိခိုက်မှုများစေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒါပေမယ့် တိုးလာတဲ့လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံမှုရှိအောင် စိုက်ပျိုးထုတ်လုပ်ဖို့ကလည်း ဦးစားပေးရမယ့် ကမ္ဘာလုံးဆိုင်ရာ အရေးဖြစ်တယ်။ ဒီနေရာမှာ ဂေဟစနစ်ထိခိုက်မှု အနည်းဆုံးဖြစ်တဲ့ စိုက်ပျိုးနည်းစနစ်နဲ့ စိုက်ခင်းတွေ ဖော်ဆောင်ရေးဟာ ရေရှည်အတွက် ပြင်ဆင်ရမယ့် လုပ်ငန်းစဉ် ဖြစ်လာတယ်။ ဥပမာ-စိုက်ပျိုးပင်တွေ ချည်းမဟုတ်ဘဲ စိုက်ခင်းဝန်းကျင်ကရှိပြီးသား သစ်ပင်မျိုးစိတ်တွေကို မခုတ်လှဲဘဲ စိုက်ခင်းလည်းမထိခိုက်အောင် တစ်အုပ်တစ်မ ထိန်းထားနိုင်ရင် စိုက်ခင်းတွေအတွက် မြေအောက်ရေရရှိတာ၊ လေကာပင်အဖြစ် အထောက်အကူရနိုင်တာ၊ သီးနှံတွေ ဖြစ်ထွန်းအောင် ဝတ်မှုန်ကူးပေးမယ့် ပျား၊ ပိတုန်းတွေ နေထိုင်နိုင်တာ၊ သီးနှံဖျက်ပိုးတွေကို ဖမ်းဆီးစားသောက်မယ့် ငှက်နဲ့ ပုစဉ်းလို သက်ရှိတွေ ခိုအောင်းနေထိုင်နိုင်တာ စတာတွေက ဂေဟစနစ်ကို အထောက်အကူပြုပါတယ်။ စိုက်ခင်းတွေ တစ်မျှော်တစ်ခေါ်ရှိနေတဲ့ ရှုခင်းနဲ့တွဲဖက်ပြီး သဘာဝအစိတ်အပိုင်းတွေလည်းပါလေတော့ စိုက်ပျိုးရေးမြေယာရှုခင်းဟာ ဒီနေ့အချိန်အခါမှာ အရေးပါလာပြန်တယ်။

လူနေမှုစနစ် ဖွံ့ဖြိုးလာတာ၊ စီးပွားရေးနဲ့ နည်းပညာ တိုးတက်လာတာတွေက နေထိုင်မှုပုံစံကို တစ်ကမ္ဘာလုံးမှာ တစ်စတစ်စ ပြောင်းလဲလာစေတယ်။ ဒီနေ့ခေတ်မှာ မြင်တွေ့နေရတဲ့ လူနေပတ်ဝန်းကျင်ဟာ လွန်ခဲ့တဲ့ နှစ်သန်းနဲ့ချီပြီးရှိခဲ့တဲ့ လူသားတွေရဲ့ အသိဉာဏ်၊ တီထွင်ဆန်း သစ်မှု၊ ဘာသာစကား ထွန်းကားလာမှု၊ ကူးလူးဆက်ဆံမှုစတာတွေကို အရင်းခံပြီး ယဉ်ကျေးမှုဖြစ်စဉ်အနေနဲ့ ရှင်သန်လာခဲ့တယ်။ လူဦးရေတိုးပွားမှုဟာလည်း အခြားတိုးတက်ပြောင်းလဲလာမှုတွေနဲ့အတူ ကမ္ဘာလုံးဆိုင်ရာ ဖြစ်ရပ်တစ်ခုပါပဲ။

ဒါကြောင့် နေထိုင်ဖို့ အိမ်ရာတွေ၊ အခြား အထောက်အကူပြု အခြေခံအဆောက်အဦတွေနဲ့ လူနေမြို့ရွာတွေ တည်ထောင်မှုက မြို့ပြလူနေမှုစနစ် (Urbanization)ကို အားကောင်းလာစေခဲ့တယ်။ လူနေရပ်ဝန်းတွေ တည်ထောင်ကြတာကလည်း စိုက်ပျိုးရေး လုပ်ငန်းတွေနည်းတူ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ကို အကြီးအကျယ်ထိခိုက်ပြီး သဘာဝမြေယာရှုခင်းတွေ လျော့ပါးလာရပြန်တယ်။ တစ်ဖက်မှာတော့ လူတွေက သဘာဝနဲ့ဝေးကွာပြီး ရေရှည်မနေနိုင်ကြ တဲ့အတွက် သဘာဝနဲ့နီးစပ်တဲ့ အခင်းအကျင်းကို လူနေဝန်းကျင်မှာ ဖန်တီးပြုလုပ်လာကြတယ်။

### မြေယာရှုခင်းပြုလုပ်ခြင်း အတတ်ပညာ

ပန်းမန်တွေ၊ အရိပ်ရပင်တွေ စိုက်ပျိုးသလို ရေတံခွန်၊ စမ်းချောင်း၊ ရေအိုင်စတဲ့ သဘာဝမှာ တွေ့နိုင်တဲ့ မြေယာရှုခင်း အစိတ်အပိုင်းတွေကို စိတ်ကူးနဲ့ မြေပြင်မှာ ပြုလုပ်ဖော်ဆောင်ကြတယ်။ လူတွေရဲ့ စိတ်ကူးစိတ်သန်း၊ နည်းစနစ်နဲ့ ရနိုင်တဲ့အရင်းအမြစ်တွေ ပေါင်းစပ်ပြီးတော့ မြေပြင်အခြေ အနေကို ပြောင်းလဲ ဖန်တီးယူတာမို့ မြေယာ ရှုခင်း ပြုလုပ်ခြင်း အတတ်ပညာဟာ ဒီနေ့ မြန်မာမှာရော၊ အခြား ကမ္ဘာ့နိုင်ငံများစွာက လူနေထူထပ်တဲ့ မြို့ပြစနစ် တွေမှာ လိုအပ်လာတယ်။ အဓိကကတော့ သက်ရှိတွေနဲ့ သူတို့ရဲ့ ဂေဟဝန်းကျင်ဆက်စပ်မှုမလျော့ပါးသွား အောင်၊ သဘာဝရဲ့ ဖြစ်တည်မှုနဲ့ ဝေးကွာမသွားအောင် ဥယျာဉ်စိုက်ခြင်း အတတ်ပညာနဲ့ ကြားခံပေးလိုက်တဲ့ သဘောပါ။ ဒါက မြို့ပြမြေယာရှုခင်းဖြစ်ပြီး မြေယာရှုခင်းသဘောတရားရဲ့ ကဏ္ဍတစ်ခုမျှသာပါပဲ။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးက ကျေးလက်ဒေသ အတော်များများမှာတော့ သဘာဝနဲ့ နီးစပ်တဲ့ မြေယာရှုခင်းတွေ ကျန်ရှိနေဆဲပါ။ ကျေးလက်တွေဟာ စိုက်ပျိုးရေးလုပ်ငန်းတွေရဲ့ အခြေတည်ရာ ဝန်းကျင်တွေဖြစ်တာမို့ စိုက်ပျိုးရေး မြေယာရှုခင်းက ကျေးလက်နေပြည်သူတွေအတွက် မဆန်းသလိုပါပဲ။ ဒါပေမယ့် မြို့ပြစနစ်အားကောင်းပြီး လူဦးရေထူထပ်တဲ့အရပ်က ပြည်သူတွေအတွက် စိုက်ခင်းတွေ ဝန်းရံနေတဲ့ ကျေးလက်ရှုခင်းဟာ မိန်းမောစရာပါ။ တကူးတကမသွားနိုင်တဲ့ မြို့ပြက လူတွေအတွက် ဒီနေ့ခေတ်ရဲ့ မြို့ပြတည်ဆောက်မှုမှာ လမ်းဘေးအရိပ်ရပင်တွေ ထည့်စိုက်တာ၊ လူသွားလျှောက်လမ်းတွေ ပြုလုပ်လာတာ၊ ပန်းခြံနဲ့ ကစားကွင်းတွေ ထည့်သွင်းတည်ဆောက်လာတာ၊ ရေကန်နဲ့ အပန်းဖြေနေရာတွေကို ထိန်းသိမ်းတာစတဲ့ ဥယျာဉ်လုပ်ငန်းရပ်တွေဟာ အားပေးရမယ့် အရာတွေပါပဲ။

စာမျက်နှာ ၂၄ သို့

# ပဲဇီးကွက်နှင့် ထောပတ်ပဲများ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်တစ်သောင်းကျော် ဈေးမြင့်တက်

**မန္တလေး အောက်တိုဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါကြောင့် အရောင်းအဝယ် အေးစက်ငြိမ်သက်နေသည့် မန္တလေး ပဲဈေးကွက်တွင် ယခုရက်ပိုင်း၌ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ပဲဇီးကွက်နှင့် ထောပတ်ပဲများမှာ ပြီးခဲ့သည့် ဩဂုတ်လ ပေါက်ဈေးများထက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်တစ်သောင်းကျော် ဈေးမြင့်တက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မန္တလေးပဲဈေးကွက်၌ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ နှုန်းသာရှိခဲ့သော ပဲဇီးကွက်မှာ ယခု အောက်တိုဘာ ၁၅ ရက်က ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် အရောင်းသွက်လျက်ရှိပြီး ထောပတ်ပဲမှာလည်း ဩဂုတ်လအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ နှုန်းသာရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ထောပတ်ပဲ(အကြီး)မှာ ငွေကျပ် ၆၈၀၀၀ နှုန်းနှင့် အသေးမှာ ငွေကျပ် ၅၆၀၀၀ နှုန်းအထိရှိနေပြီး ဩဂုတ်လ ဈေးနှုန်းများထက် ငွေကျပ်တစ်သောင်းကျော် ဈေးမြင့်တက်နေသလို အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ကိုဗစ်ရောဂါကြောင့် ပဲဈေးကွက် အေးစက်နေတဲ့ကာလမှာ ဒီပဲအမျိုးအစားတွေက အခုလို အရောင်းသွက်ပြီး ဈေးတက်လာတာ အားရကျေနပ်စရာပါ။ ပဲဇီးကွက်ကို လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက တရုတ်နိုင်ငံကစပြီး ဝယ်ယူလာခဲ့တာ တစ်နှစ်ထက်တစ်နှစ် ဝယ်လိုအားများလာတယ်။ လက်ရှိအချိန်မှာ တရုတ်ယွမ်ဈေးက ကျဆင်းနေပေမယ့်လည်း ဈေးကွက်မှာ လက်ကျန်နည်းနေတဲ့ ဒီပဲတွေကို တရုတ်ဝယ်လက်တွေက ဈေးပေးပြီး သွက်သွက်လက်လက် ဝယ်ယူနေကြတဲ့အတွက် ဈေးတွေ မြင့်တက်လာတာပါ။ လက်ရှိပေါက်ဈေးတွေက တောင်သူတွေ ပြုံးပျော်နိုင်တဲ့ ဈေးနှုန်းတွေပါပဲ"ဟု ၎င်းက ဆက်ပြောသည်။

ထောပတ်ပဲနှင့် ပဲဇီးကွက် သီးနှံများကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ တော်သလင်းနှင့် သီတင်းကျွတ်လများတွင် စတင်စိုက်ပျိုးကြကာ မတ်လအတွင်း ထွက်ရှိကြောင်းနှင့် စိုက်ပျိုးစရိတ်သက်သာပြီး အထွက်နှုန်း ကောင်းသည့် ပဲအမျိုးအစားများဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ပဲဇီးကွက်ကို တောင်သူများအနေဖြင့် ဈေးကွက်အတွင်း လွယ်ကူစွာ ရောင်းချနိုင်ပြီး ဈေးနှုန်းခိုင်မာသည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်းနှင့် ထောပတ်ပဲကိုလည်း ယခုအခါ မန္တလေးတိုင်းဒေသကြီးမှ မလှိုင်နှင့်တောင်သာမြို့နယ်များတွင် နိုင်ငံတော်မှ စံပြစိုက်ကွင်းများဖြင့် အထွက်နှုန်း ကောင်းမွန်စေရန် သုတေသနပြု စိုက်ပျိုးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပင်းတယမြို့နယ်၌ လိမ္မော်သီးထွက်နှုန်းကောင်းသော်လည်း ကုန်စည်စီးဆင်းမှုမရှိ၍ တောင်သူများအခက်တွေ့နေ

**ပင်းတယ အောက်တိုဘာ ၁၈**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း အချို့ကျေးရွာများတွင် စိုက်ပျိုးထားသည့် လိမ္မော်ခြံများမှ လိမ္မော်သီးများ လှိုင်လှိုင်ထွက်ရှိနေသော်လည်း ခူးဆွတ်ရောင်းချချိန်တွင် ကိုဗစ်-၁၉ ကာလ ကုန်စည်စီးဆင်းမှုမရှိသဖြင့် လိမ္မော်စိုက်တောင်သူများအနေဖြင့် ရောင်းချရန် အခက်အခဲများ ကြုံတွေ့နေရသည်။

လိမ္မော်သီးစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက "ကျွန်တော်တို့က နှစ်စဉ် လိမ္မော်သီးတွေကို အရွယ်အစားအလိုက် တစ်ပိဿာကို ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိဈေးနဲ့ တင်ပို့ရောင်းချရပါတယ်။ ဒီနှစ်မှာတော့ လိမ္မော်သီးတွေ ခူးဆွတ်ရောင်းချဖို့ အချိန်ကျနေပြီဖြစ်ပေမယ့် မှာယူသူ အနည်းငယ်သာ ရှိပါတယ်။ လိမ္မော်သီး အထွက်နှုန်းများတဲ့ ဒီနှစ်မှာမှ အခုလိုကြုံတွေ့ရပြီး ဈေးက တစ်ပိဿာ ကျပ် ၁၅၀၀ ဆိုပေမယ့် ဝယ်သူကတော့ အနည်းငယ်ပဲရှိပါတယ်"ဟု ပြောသည်။ လိမ္မော်ပင် စိုက်ပျိုးရာတွင် စိုက်ပျိုးသည့်နှစ်မှ သုံးနှစ်ပြည့်သည့်အချိန်တွင် အသီးများကို စတင် ခူးဆွတ်ရပြီး လိမ္မော်ပင် တစ်ပင်ဖြစ်ရန်အတွက် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ်ရှစ်သောင်းမှ တစ်သိန်းဝန်းကျင်အထိ ကုန်ကျကြောင်း၊ လိမ္မော်ပင်များ စိုက်ပျိုးပြီး ငါးနှစ်ကျော်၊ ခြောက်နှစ် သက်တမ်းရောက်မှ အသီးများ လှိုင်လှိုင်သီးပြီး နှစ်စဉ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ကိုဗစ်-၁၉ ကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးနှင့် အနာဂတ်တွင် သုတေသနပညာရှင်များ ပေါ်ပေါက်လာရေး သီးနှံသုတေသနများ လက်တွေ့လေ့လာခြင်း ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် သုတေသနလက်ထောက် - ၄ ကျော်ထောက်နောက်ခံပြု အလုပ်သင်တာဝန်ထမ်းဆောင်လျက်ရှိသည့် သုတေသနဝန်ထမ်းများအတွက် ဘွဲ့ရများ ကိုဗစ်-၁၉ ကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးနှင့် အနာဂတ်တွင် သုတေသနပညာရှင်များ ပေါ်ပေါက်လာရေးအတွက် ရည်ရွယ်၍ Plants' Doctor Program အစီအစဉ်ဖြင့် သီးနှံသုတေသနများ လက်တွေ့လေ့လာခြင်း အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ Plants' Doctor Program အစီအစဉ်တွင် ၂၀၁၉ ခုနှစ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းဆင်း B.Agr.Sc. ဘွဲ့ရ သုတေသနအလုပ်သင် ဝန်ထမ်းတစ်ဦးလျှင် သီးနှံ ၁၀ မျိုး စိုက်ပျိုးခြင်းကို လက်တွေ့သုတေသနပြု ဆောင်ရွက်ရခြင်းဖြစ်သည်။

အဆိုပါ သုတေသနလုပ်ငန်းများကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ကွင်းဆင်းကြည့်ရှုပြီး လူငယ်မျိုးဆက်သစ် စိုက်ပျိုးရေး သုတေသနဝန်ထမ်းများကိုယ်တိုင် သီးနှံများအား သုတေသနပြု စိုက်ပျိုးခြင်းဖြင့် သီးနှံပင်တစ်မျိုးချင်းစီအလိုက် ဇီဝကမ္မ ပြောင်းလဲမှုဖြစ်စဉ်များ၊ စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ အဆင့်ဆင့် အပင်ပြုစုနည်းနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံပင်များ၏ ဇီဝသက်ရှိဖိစီးမှုဒဏ်နှင့် သက်မဲ့ဖိစီးမှုဒဏ်ခံနိုင်ရည်ရှိကာ လိုက်လျောညီထွေစွာ ကြီးထွားနိုင်မှု ရှိ/ မရှိ စသည်တို့ကို လက်တွေ့လေ့လာနိုင်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားစွာဖြင့် လေ့လာသုတေသနပြုရန် လိုအပ်ကြောင်း အားပေးပြောကြားသည်။

အဆိုပါ အစီအစဉ်တွင် အလုပ်သင်ဝန်ထမ်းများ စိုက်ပျိုးထားသည့် သီးနှံမျိုးစုံ ၁၆ မျိုးရှိကြောင်းနှင့် ၎င်းတို့မှာ စပါး၊ ပြောင်း၊ နှမ်း၊ နေကြာ၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ဝါ၊ ကြံ၊ ခရမ်း၊ ခရမ်းချဉ်၊ ရုံးပတီ၊ ငရုတ်၊ သစ္စာပန်းနှင့် ထပ်တစ်ရာပန်းတို့ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## ပုပ္ပားဒေသထွက်ဩဇာသီးများ ပခုက္ကူနှင့် ညောင်ဦးဈေးကွက်သာ ရောင်းချနေရ

**ညောင်ဦး အောက်တိုဘာ ၁၈**

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင် ပတ်ဝန်းကျင် ကျေးရွာများမှ ထွက်ရှိသည့် ဩဇာသီးများလှိုင်လှိုင်ပေါ်ချိန် ပခုက္ကူ ညောင်ဦး ဈေးကွက်ကိုသာ မှီခို ရောင်းချနေရကြောင်း ဆင်ဆင်းကျေးရွာမှ ဦးညွန့်ဝင်းက ပြောသည်။

ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် နဂါးလည်၊ လျှော်တော၊ ဆည်၊ ဆည်းမ၊ လွန်အိုင်၊ ဘိုတဲ၊ ဆင်ဆင်း၊ ဆုံကုန်း၊ ဆည်ပေါက်၊ ပုပ္ပား၊ ပုပ္ပားလွင်ကျေးရွာများသည် ဩဇာသီးအများဆုံးထွက်သည့်ကျေးရွာများဖြစ်ကြကာ ယခုနှစ်တွင် ရန်ကုန်ဈေးကွက်နှင့် မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသောကြောင့် အနီးအနားမြို့များသို့ ကိုယ်တိုင်သွားရောက်ရောင်းချခြင်းနှင့် ဩဇာသီးပွဲစားများ လာရောက်ဝယ်ယူချိန်ရောင်းချနေရကြောင်း၊ ယခင်နှစ်က ဩဇာသီးသုံးဆယ်ပါ သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချရကြောင်း၊ ယခုနှစ် လာရောက်ဝယ်ယူမည့် ပွဲစားများ မရှိခြင်းကြောင့် ဈေးကွက်ပျက်ကာ ဩဇာသီးခြင်းကြားတောင်းတစ်လုံးလျှင် ငွေကျပ် ၁၆၀၀၀ ဖြင့် တောင်းပြတ်ရောင်းချနေရကြောင်း ခြင်းကြားတောင်းတစ်လုံးတွင် ဩဇာသီး ၂၈၀ ခန့်ပါကြောင်း ပုပ္ပားပတ်ဝန်းကျင်ကျေးရွာများမှ ဩဇာသီးဝယ်ယူပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့တို့သို့ သွားရောက်ရောင်းချနေသည့် ဒေါ်ချိုချိုဝင်းက ပြောသည်။

ပုပ္ပားပတ်ဝန်းကျင်ကျေးရွာများတွင် ဩဇာပင်ကို ယာမြေ၊ လယ်မြေ၊ ငှက်ပျောခြံများတွင် စိုက်ပျိုးထားပြီး မည်သည့်ဆေးမှုတ်ဖျန်းပက်ရခြင်းမရှိဘဲ သဘာဝအတိုင်းထားကာ ဩဇာသီးရင့်ချိန်ခူးပြီးရောင်းချရကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



## မိုးစပါးသီးနှံ အလေအလွင့်နည်းပါးစွာ ရိတ်သိမ်းခြွေလှေ့နိုင်ရေးနှင့် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေး အသိပေးနှိုးဆော်ချက်

၁။ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်တွင် အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် စက်တင်ဘာလ ၁၂ ရက်နေ့မှ စတင်ဆုတ်ခွာခဲ့ပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် အောက်တိုဘာလ ၁၄ ရက်နေ့၌ အပြီးဆုတ်ခွာသွားကြောင်း ဖော်ပြထားပါသည်။ သို့ရာတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှုနှင့် မုန်တိုင်းဖြစ်ပေါ်မှုများကြောင့် မိုးရွာသွန်းမှုများလည်း အသင့်အတင့်ရရှိနိုင်ကြောင်း သိရှိရပါသည်။

၂။ ယခုကာလသည် မြန်မာနိုင်ငံ၏ အောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးစပါးများ စတင်ရိတ်သိမ်းသည့် ကာလဖြစ်ပြီး တောင်သူများအနေဖြင့် စပါးသက်လျင်မျိုးများ ပြောင်းလဲစိုက်ပျိုးမှုများကြောင့် ရင့်မှည့်ချိန်တူညီကာ တစ်ပြိုင်နက်ရိတ်သိမ်းကြရမည်ဖြစ်ပါသည်။ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်မှု၊ လေပွေလှိုင်းဖြစ်ပေါ်မှုများကြောင့် မုန်တိုင်းမိုးများရွာသွန်းလာပါက ရင့်မှည့်ပြီးစပါးစိုက်ခင်းများနှင့် ရိတ်သိမ်းဆဲစပါး စိုက်ခင်းများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမရှိစေရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) စပါးရိတ်သိမ်းကြရာတွင် လူအားသာမက စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများ၏ အကူအညီဖြင့် အချိန်နှင့် လုပ်အားသက်သာစွာ ရိတ်သိမ်းနိုင်ရေး သက်ဆိုင်ရာ လယ်ယာဝန်ဆောင်မှုများ ဆောင်ရွက်ပေးကြမည့် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ကြရန်

(ခ) အကြောင်းအမျိုးမျိုးကြောင့် Combine Harvester များဖြင့် မရိတ်သိမ်းနိုင်ပါက ရိတ်သိမ်းပြီးစပါးကောက်လှိုင်းများအား စပါးခြွေလှေ့စက်များအသုံးပြု၍ အမြန်ခြွေလှေ့ခြင်း၊ ကောက်လှိုင်းများအား အမိုးအကာအောက်သို့ အမြန်ဆုံးရောက်ရှိစေရေး ကြိုတင်စီမံထားရှိရန်

၃။ ထို့အပြင် ယခုကာလသည် မိုးစပါးရိတ်သိမ်းကြရမည့် ကာလဖြစ်ရုံသာမက ရိတ်သိမ်းပြီး လယ်မြေများတွင် သီးထပ်သီးနှံများအား အစိုဓာတ်မီ မျိုးစေ့ချစိုက်ပျိုးနိုင်ရေးနှင့် ယာမြေများတွင် ဆောင်းသီးနှံများအား မြေတွင်းလက်ကျန်အစိုဓာတ်ဖြင့် အမြန်ဆုံးထွန်ယက်စိုက်ပျိုးကြရမည့် ကာလလည်းဖြစ်ပါသည်။

၄။ ယခုနှစ် မိုးကာလတွင် နိုင်ငံအတွင်း နေရာအနှံ့အပြား၌ မိုးရွာသွန်းမှု နည်းပါးခြင်း၊ မိုးရွာသွန်း ပျံ့နှံ့မှု မညီညာခြင်းတို့ကြောင့် ဆည်များ၊ တာတမံများ၊ ရေလှောင်ကန်များတွင် ရေဝင်ရောက်မှု နည်းပါးခြင်းများလည်း တွေ့ကြုံခဲ့ကြရပါသည်။ သို့ဖြစ်ရာ ဆက်လက်စိုက်ပျိုးကြရမည့် လယ်မြေတွင် သီးထပ်စိုက်ပျိုးမည့် သီးနှံများနှင့် ယာမြေများတွင် စိုက်ပျိုးကြမည့် ဆောင်းရာသီစိုက်သီးနှံများအတွက် လျာထားသော စိုက်ဧရိယာပမာဏ ရရှိရေးနှင့် စိုက်ပျိုးသော သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး အတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာဆောင်ရွက်ကြပါရန် အကြံပြုနှိုးဆော်အပ်ပါသည်-

(က) မိုးရွာသွန်းမှုကြောင့် ရရှိလာသည့် ရေများကို အလဟဿစီးဆင်းမသွားစေရေးအတွက် ရေလှောင်ကန်များ၊ တစ်ဖက်ပိတ်ဆည်ငယ်များအား သင့်လျော်သည့် နေရာများတွင် တည်ဆောက်ကြရန်၊ ရှိပြီး ကန်များတွင် လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ထားရန်

(ခ) **(ရေစုဆောင်းရန် မဖြစ်နိုင်သော ဧရိယာများတွင်)** ရှိပြီးမြေအောက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်နေရာများတွင် အသစ်တူးဖော်ခြင်းတို့ကို မိမိတို့ ဒေသရေမြေ အခြေအနေအပေါ်မူတည်၍ ဆောင်ရွက်ကြရန်။ ရေစုပ်စက်များ ကြိုတင်စုဆောင်း ပြင်ဆင်ထားကြရန်။

(ဂ) **(မြေအောက်ရေထုတ်ယူသုံးစွဲရန် မဖြစ်နိုင်သော ဧရိယာများအတွက်)** အချိန်ကုန် သက်သာစွာဖြင့် အစိုဓာတ်မီ စိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်ထွန်ယက်မည့် လုပ်ငန်းများတွင် ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များဖြင့် အချိန်မီ ထွန်ယက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်

(ဃ) ဆည်ရေဖြင့် ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာများတွင် ရေကိုချွေတာသုံးစွဲနိုင်မည့် ရေသွင်းနည်းစနစ်များ(Water Saving Technology) ဖြစ်သော ရေဖျန်းစနစ်ဖြင့် ရေပေးသွင်းခြင်း၊ အစက်ချရေပေးခြင်း စသည့်စနစ်များဖြင့်လည်း ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားကြရန်

(င) လယ်မြေများတွင်ရှိပြီး လက်ကျန်အစိုဓာတ်အမီ စိုက်ပျိုးနိုင်ရေးအတွက် ရိုးပြတ်များကို ချက်ချင်း ထွန်ယက် ခုတ်ဖြတ်လျက် သက်တမ်းတို ပဲမျိုးစုံသီးနှံများ စိုက်ပျိုးခြင်း၊ မိုးစပါးအောင်ရေထုတ်ပြီးချိန်တွင် ရေလိုက်ကြဲစနစ်ဖြင့် ဆောင်းသီးနှံအား သီးကြိုစိုက်ပျိုးခြင်း စသည့်စနစ်များဖြင့် မိမိတို့ ရေမြေအခြေအနေအရ စိုက်ပျိုးကြရန်

(စ) အစိုဓာတ်လိုအပ်ချက်နည်းပါးစေမည့် သီးနှံများနှင့်သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်းတို့အား မိမိတို့ဒေသအခြေအနေအရ ဆုံးဖြတ်ဆောင်ရွက်ရန်။ ရေလိုအပ်ချက်နည်းပါးသော သီးနှံ မျိုးကွဲများ ပြောင်းလဲ စိုက်ပျိုးကြရန်

(ဆ) ဆောင်းရာသီ မုရင်းစပါးစိုက်ပျိုးကြရမည့် အင်းအိုင်များအနီးရှိ ဧရိယာများအတွက် ရေအသုံးချမှုအနည်းဆုံးဖြစ်စေမည့် ထွန်ယက်စိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲကျင့်သုံးကြရန် (ပျိုးသက်နုကောက်ကွက်ကျဲစိုက်နည်းစနစ် အသုံးပြုခြင်း၊ အစိုတမန်းတွင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်း)

(ဇ) မြေတွင်းလက်ကျန်အစိုဓာတ်ကို ပျောက်ဆုံးမှုအနည်းဆုံးဖြင့် ထိန်းသိမ်းထားနိုင်ရေးအတွက် စိုက်ပျိုးပြီး ဆောင်းသီးနှံ စိုက်ခင်းများတွင် မြေဖုံးပစ္စည်းများ ထည့်ပေးခြင်း ( Mulching, ကောက်ရိုးဖုံးအုပ် စိုက်ပျိုးခြင်း စသည်)

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**

## ကိုဗစ်-၁၉ ကာလ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများ ထုတ်ချေး

**ဝန်းသို အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မတည်ရန်ပုံငွေ ပြန်လည် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက ချမ်းမြသီတာကျေးရွာ မြစိမ်းရောင်ခန်းမ၌ ကျင်းပသည်။

ထိုသို့ထုတ်ချေးရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာတင်လှိုင်ဝင်းတို့က ဟောပြောဆွေးနွေးသည်။

ဆဋ္ဌမအကြိမ် မြစိမ်းရောင်စီမံကိန်းချေးငွေထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၅၁ ဦးကို ငွေကျပ် ၂၈၉ သိန်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူ ၃၁ ဦးကို ငွေကျပ်သိန်း ၁၆၀ စုစုပေါင်း အသင်းဝင် ၈၂ ဦးကို ချေးငွေကျပ် ၄၄၉ သိန်းကို ကိုဗစ်-၁၉ ကာလ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ချေးယူသူလက်ဝယ်အရောက် ပြန်လည်ထုတ်ချေးပေးနိုင်ကြောင်း သိရသည်။

မွေးကြူဇင်

## ရမည်းသင်းမြို့နယ်တွင် ကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၁၈**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ထနောင်းကုန်းကျေးရွာအုပ်စု ကျီစုအရှေ့ကျေးရွာတွင် အောက်တိုဘာ ၁၅ ရက်က လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရမည်းသင်းမြို့နယ် အတွင်း ကျေးရွာ ၄၀ တွင် တိုင်းဒေသကြီး အစိုးရ၏ PFI အစီအစဉ်ဖြင့် (11)KV ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၄၅ ရွာရှိရာ နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးသော ကျေးရွာ ၁၅ရွာ၊ NEP စီမံကိန်းဖြင့် မီးလင်းမည့်ကျေးရွာ ကိုးရွာ၊ တိုင်းဒေသကြီးအစိုးရ၏ PFI အစီအစဉ်ဖြင့် ကျေးရွာ ၄၀၊ တိုင်းဒေသကြီး အစိုးရ၏ ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ရန်ပုံငွေဖြင့် ကျေးရွာ ၄၃ ရွာ မီးလင်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ တွင် မြို့နယ် တစ်ခုလုံး ရာနှုန်းပြည့် လျှပ်စစ်မီးလင်း နိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။

တင်ဦး (ရမည်းသင်း)












## ဆီဆိုင်မြို့နယ်ရှိ အသက် ၈၀ မှ ၈၅ ကြား ဘိုးဘွား ၂၁ ဦးအား အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများပေးအပ်

**ဆီဆိုင် အောက်တိုဘာ ၁၈**

နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မှ အသက် ၈၀ နှင့် ၈၅ နှစ်ကြား ဘိုးဘွားများအား ထောက်ပံ့ငွေများကို အိမ်အရောက် လိုက်လံပေးအပ်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်တွင် ပါလောပါကယ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာမှ ဘိုးဘွား ၂၁ ဦးထံ ထောက်ပံ့ပေးခဲ့သည်။

ပါလောပါကယ်ကျေးရွာအုပ်စုအတွင်းရှိ နမ့်ဟူး၊ လွယ်ဆံဆစ်(အရှေ့)၊ လွယ်ဆံဆစ်(အနောက်)၊ ညိုးမှူး၊ ဘုရားကျိန်း၊ ကန်တန်၊ ညောင်ပင်သာ၊ တံတားဦး၊ မင်္ဂလာနှင့် အောင်ဇေယျကျေးရွာများရှိ အဘိုး ရှစ်ဦးနှင့် အဘွား ၁၃ ဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ စီကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခွန်လှထွန်းနှင့် ကျေးရွာ ရာအိမ်မှူးများက အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့ပေးသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**



## ကျွန်းစုမြို့နယ်မှ အသွားအလာကန့်သတ် စောင့်ကြည့်စင်တာသို့ အလှူငွေနှင့် စားသောက်ကုန်များ လာရောက်လှူဒါန်း

**ကျွန်းစု အောက်တိုဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျွန်းစုမြို့နယ် အထက ကျောင်း၌ ဖွင့်လှစ်ထားသော အသွားအလာကန့်သတ် စောင့်ကြည့်စင်တာသို့ အလှူငွေနှင့်စားသောက်ကုန်များကို စေတနာရှင်၊ အလှူရှင်များက အောက်တိုဘာ ၁၈ ရက်က လှူဒါန်းခဲ့သည်။ အသွားအလာကန့်သတ် စောင့်ကြည့်ခံနေသူများအတွက် အထောက်အပံ့ဖြစ်စေရန် ခေါက်ဆွဲခြောက်ထုပ်များ၊ ကော်ဖီမစ်ထုပ်များစသည့် စားသောက်ကုန်များနှင့် ရေနွေးအိုးများ၊ အလှူငွေများကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက လက်ခံရယူ၍ ကန့်သတ်စောင့်ကြည့်ခံနေသူများထံ ပြန်လည်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူရအောင်(ကျွန်းစု)**

## ဝန်းသိုမြို့နယ်တွင် အမျိုးသမီးငယ် ၇၆၅ ဦးအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးပေးမည်

**ဝန်းသို အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ အမျိုးသမီးငယ် ၇၆၅ ဦးအား သားအိမ်ခေါင်းကင်ဆာ ကင်းဝေးစေရေးအတွက် အိတ်ချ်ပီဗွီကာကွယ်ဆေး(HPV) များကို မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက အောက်တိုဘာ ၂၀ ရက်မှစ၍ ပထမအကြိမ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးကို အောက်တိုဘာလမှစ၍ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းထိုးနှံပေးမည်ဖြစ်ကာ အသက် ၉ နှစ်မှ ၁၀ နှစ်အထိ မိန်းကလေးငယ်များ၊ တစ်နည်းအားဖြင့် ၁-၉-၂၀၁၀ မှ ၃၁-၈-၂၀၁၁ အတွင်း မွေးဖွားသော မိန်းကလေးငယ်များအား ပထမအကြိမ် ထိုးနှံပေးသွားမည်ဖြစ်ပြီး ကာကွယ်မှု အပြည့်အဝရရှိရန်အတွက် ပထမအကြိမ်ထိုးနှံအပြီး ၁၂ လခြားကာ ဒုတိယအကြိမ် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိတ်ချ်ပီဗွီကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက် အစီအစဉ်တွင် စတင်ထည့်သွင်းထိုးနှံခြင်းအတွက် မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၈ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ တင့်လွင်က ဆေးထိုးမည့်အကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

**ကျော်မြိုင်(ပြန်/ဆက်)**



## ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန် လမ်းများ၌ အရိပ်ရ အလှပန်းပင်များ စိုက်ပျိုး

**ညောင်ဦး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန် လမ်းများ၏ ဘေးဝဲယာ၌ အရိပ်ရ ပန်းအလှပင်များကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စိုက်ပျိုးလျက်ရှိရာ အပင်များစိုက်ပျိုးနေသည့် နေရာများကို ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးနိုင်၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက်တွင် လိုက်လံစစ်ဆေးသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့်နေရာဖြစ်ရာ အပူပိုင်းဒေသနှင့်ကိုက်ညီသည့် အရိပ်ရအပင်များကို ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့် လျော်ညီအောင် စိုက်ပျိုးရန် ရှေးဟောင်းသုတေသနဌာနနှင့်ပူးပေါင်းပြီး နေရာများ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးမည့်အပင်များမှာ ခရေ၊ စိန်ပန်း၊ ငုရွှေဝါနှင့် တရုတ်စကားပင်များဖြစ်ပြီး အချို့အပင်များကို ထိုင်းနိုင်ငံမှ မှာယူ၍ စိုက်ပျိုးရခြင်းဖြစ်ကြောင်းလည်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းပြသည်။

ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်ခြင်းကြောင့် စိမ်းလန်းစိုပြည်စေမည့် အပင်အမျိုးအစားများကို ရွေးချယ်စိုက်ပျိုးကာ အရိပ်ရရုံသာမက မျက်စိပသာဒဖြစ်စေရန်လည်း ရည်ရွယ်ကြောင်း၊ စိုက်ပျိုးမည့် အပင် ၃၀၀၀ လုံး ရာနှုန်းပြည့် ရှင်သန်အောင် စိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်ရန်အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့်လည်း နှစ်နှစ် စာချုပ်ချုပ်ထားကာ ကုမ္ပဏီအနေဖြင့် နှစ်နှစ်အတွင်း သစ်ပင်များ ရာနှုန်းပြည့် ရှင်သန်အောင် တာဝန်ယူ စိုက်ပျိုးပေးရမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



စိုက်ပျိုးပြီးသော သစ်ပင်များကို တာဝန်ရှိသူများ လိုက်လံစစ်ဆေးနေစဉ်

## ရွှေဘိုမြို့တွင် ပြည်သူမှ ပြည်သူ့ထံသို့ မျှဝေခြင်းအစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုး ထောက်ပံ့လျက်ရှိ

**ရွှေဘို အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် "ပြည်သူမှ ပြည်သူ့ထံသို့ မျှဝေခြင်း" အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးကို အောက်တိုဘာ ၁၆ ရက်မှစတင်၍ ရပ်ကွက်အလိုက် ထောက်ပံ့ပေးလျက်ရှိကြောင်း မျှဝေခြင်းအစီအစဉ်၏ ဦးဆောင်နာယကဆရာတော် အရှင်နိမလထံမှ သိရသည်။

"ကိုဗစ်-၁၉ ကာလမှာ အလုပ်အကိုင်များ ရပ်ထားရလို့ စားရေးအတွက် အခက်အခဲရှိတဲ့ ပြည်သူတွေကို ပြည်သူမှ ပြည်သူ့ထံသို့ အများစုပေါင်းအားနဲ့ တတ်စွမ်းသမျှ အင်အားလေးနဲ့ ဘုန်းဘုန်းတို့နဲ့ လူငယ်တွေ စုပေါင်းပြီး ကူညီနေကြခြင်းဖြစ်ပါတယ်။ အမှတ်(၁)ရပ်ကွက်ကနေ အမှတ်(၁၀)ရပ်ကွက်အထိ အစဉ်အတိုင်း ရပ်ကွက်အတွင်းရှိ ပရဟိတအဖွဲ့များနှင့် ချိတ်ဆက်ပြီး အမှန်တကယ်လိုအပ်နေတဲ့ အလိုအပ်ဆုံး မိသားစုများကို အဓိကထား စိစစ်ရွေးချယ် ထောက်ပံ့သွားမှာဖြစ်ပါတယ်။ ရပ်ကွက်တစ်ခုကို Package ၂၀၀ လှူဒါန်းသွားမှာဖြစ်ပြီး Package တစ်ခုမှာ ဆန်ခြောက်ပြည်၊ ဆီ တစ်လီတာတစ်ဘူး၊ ကြက်ဥ ၁၅ လုံး၊ ဆား ၅၀ သား၊ ဟင်းချိုမှုန့် အသေးတစ်ထုပ် ပါဝင်ပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။



အဆိုပါ ပြည်သူမှ ပြည်သူ့ထံသို့ မျှဝေခြင်း အစီအစဉ်ကို သီဂီဆန်စက်က Package ၃၀၀ မတည်ပြီး စတင် အကောင်အထည်ဖော်ခဲ့ရာ ယနေ့အချိန်အထိ အများပြည်သူ စုပေါင်းလှူဒါန်းအားဖြင့် စုစုပေါင်း Package ၁၅၀၀ ကျော် ရရှိထားပြီဖြစ်ကြောင်း ဆရာတော်ထံမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## နိုင်ငံတော်ကထောက်ပံ့သည့်ငွေကို မကွေးမြို့နယ်စာရေးဆရာအသင်းက ဆေးရုံကြီးသို့ ပြန်လှူ

**မကွေး အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာနက မကွေးမြို့နယ် စာရေးဆရာအသင်းအတွက် ထောက်ပံ့ပေးခဲ့သည့်ငွေကို မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးသို့ အောက်တိုဘာ ၁၈ ရက်က ပြန်လည်လှူဒါန်းခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးကိုကိုနိုင်ထံမှ သိရသည်။

မကွေးမြို့နယ် စာရေးဆရာများအတွက် ရရှိခဲ့သည့် ကိုဗစ်ကာလ ထောက်ပံ့ငွေ ကျပ် ၉၆၀၀၀ ကို စာရေးဆရာတစ်ဦးက ကျပ် ၄၀၀၀ ဖြည့်စွက်၍ မကွေးတိုင်းဆေးရုံကြီး ကိုဗစ်လူနာ အောက်ဆီဂျင်ပေးရေးလုပ်ငန်းအတွက် ကျပ်တစ်သိန်း လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လှူဒါန်းမှုအတွက် မကွေးတိုင်းဒေသကြီးဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဝင်းဌေးက လက်ခံရယူ၍ အသင်းသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

"သတင်း၊ စာပေနဲ့ အနုပညာသမား အသင်းအဖွဲ့ ငါးခုအတွက် ဝန်ကြီးဌာနက ကျပ်သန်း ၁၅၀ ထောက်ပံ့တာမှာ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကျပ်သန်း ၃၀ ရရှိတယ်လို့ သိရပါတယ်။ မကွေးမြို့နယ် စာရေးဆရာအသင်းဝင်များအတွက်ရတဲ့ ထောက်ပံ့ငွေတွေကို ကပ်ရောဂါ ကာကွယ်ရေးအတွက် ပြန်ပြီးလှူဒါန်းကြဖို့ အစည်းအဝေးထိုင်ဆုံးဖြတ်ပြီး လှူဖြစ်ခဲ့တာပါ"ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

နိုင်ငံတော်က ကိုဗစ်ကာလ ထောက်ပံ့ငွေအဖြစ် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနှင့် သတင်းထောက်များအား ကျပ်သိန်း ၅၀ ထောက်ပံ့ခဲ့စဉ်ကလည်း ကိုဗစ်-၁၉ ကာကွယ်ကုသရေး ဗဟိုဌာနသို့ ပြန်လည်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ သတင်းစာဆရာအသင်း MJA မှ သိရသည်။ **ဇေယျာတု(မကွေး)**

## ထန်းတပင်မြို့နယ်မှ အသွားအလာကန့်သတ်စောင့်ကြည့်စင်တာသို့ ငွေလှူဒါန်း

**ထန်းတပင် အောက်တိုဘာ ၁၈**

ထန်းတပင်မြို့နယ်ရှိ အထက(ထန်းတပင်)ကျောင်း၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်စင်တာသို့ အလှူငွေများကို အဖြူရောင်ပရဟိတအဖွဲ့က အောက်တိုဘာ ၁၈ ရက်က လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ အသွားအလာကန့်သတ် စောင့်ကြည့်စင်တာ၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေ ကျပ် ငါးသိန်းကို အဖြူရောင်ပရဟိတအဖွဲ့က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပေါက်တန်းကျေးရွာနေ ဦးကျော်ရွှေမိသားစုကလည်း အသွားအလာကန့်သတ်ထားရှိသူ ၅၈ ဦးနှင့် စင်တာမှ စေတနာ့ဝန်ထမ်း ခုနစ်ဦးအတွက် အာဟာရဒါနအဖြစ် ထမင်းနှစ်ရက်စာကို လှူဒါန်းခဲ့သည်။

ထန်းတပင်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် ခေတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအား မြို့နယ်ပြည်သူ့ဆေးရုံ၊ တက်သစ် တိုက်နယ်ဆေးရုံနှင့် အခြေခံပညာကျောင်း ခြောက်ကျောင်းတို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ်နေပြီး ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း မြို့နယ်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့များပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ကျွန်တော်နဲ့ ခေါင်းဆောင်မှုပုံစံအမျိုးမျိုး



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ကျွန်တော်ဟာ စီမံခန့်ခွဲမှုပညာကို လေ့လာဆည်းပူးရင်း ခေါင်းဆောင်မှုပညာနဲ့ ရင်းနှီးထိတွေ့ခွင့် ရခဲ့ပါတယ်။ ခေါင်းဆောင်မှုပုံစံအမျိုးမျိုးကိုလည်း သိခွင့်ရခဲ့ပါတယ်။ ငယ်ငယ်က ခေါင်းဆောင်မှုအကြောင်း သမိုင်းမှာသင်ခဲ့တယ်။ ထူးချွန်ပြောင်မြောက်တဲ့ သူရဲကောင်းတွေအကြောင်း ဖတ်ကြားခဲ့တယ်။ ဖခင်လုပ်သူ စုစည်းထားတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေရဲ့အကြောင်း သိခွင့်ရခဲ့တယ်။ ရဲစွမ်းသတ္တိရှိတဲ့သူတွေ၊ အနစ်နာခံတဲ့သူတွေ တစ်ခေတ်မှာ တစ်ယောက်တည်း ပေါ်လာပုံတွေကိုလည်း သိခွင့်ရခဲ့ပါတယ်။ ပုံရိပ်က မြင်းဖြူကြီးကို စီးနင်းပြီး ဓားကြီးကိုကိုင်ဆွဲထားတဲ့ခေါင်းဆောင်၊ အခက်အခဲ အကျပ်အတည်းတွေကြားက ထူးချွန်တဲ့ခေါင်းဆောင်၊ အခြေအနေတစ်ခုမှာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ခေါင်းဆောင်၊ ပုဂံခေတ်က အနော်ရထာ၊ ကျန်စစ်သား၊ တောင်ငူခေတ်က ဘုရင့်နောင်၊ ကုန်းဘောင်ခေတ်က ဦးအောင်ဇေယျ၊ လွတ်လပ်ရေးရအောင် ဦးဆောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ကျွန်တော် အထက်တန်းကျောင်းမှာ သင်ခဲ့ရတဲ့ ဝန်ကြီးချုပ် ဦးနု ရေးသားခဲ့တဲ့ အာဇာနည်ဆိုတာဘာလဲဆိုတဲ့ စာအုပ်ကိုလည်း အမှတ်ရနေမိတယ်။ ဗလရဲထင်အကြောင်းလည်း သိခွင့်ရခဲ့တယ်။**

အမှန်တော့ ခေါင်းဆောင်မှုကို ထဲထဲဝင်ဝင် လေ့လာခွင့်ရခဲ့တာတော့ ၂၀၀၀ ပြည့်နှစ်က ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှာ တာဝန်ယူရင်း အသစ်ဖွင့်လှစ်တဲ့ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ သွားရောက်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှာ ရှိတဲ့ အရာရှိကြီးများကို သင်ကြားခွင့်ရခဲ့ပါတယ်။ ဒီတက္ကသိုလ်က အီတလီနိုင်ငံ တူရင်းမြို့မှာ တည်ရှိတယ်။ ကျွန်တော့်အနေနဲ့ တူရင်းမှာ အခြေစိုက်ပေမယ့် ကမ္ဘာအနှံ့နိုင်ငံအသီးသီးကို သွားရောက်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲမှုအစီအစဉ်တွေနဲ့ ပတ်သက်ပြီး ခေါင်းဆောင်မှုပုံစံအမျိုးမျိုးကို သင်ကြားပို့ချပေးခဲ့တယ်။ အခုလို အဆင့်မြင့်အရာရှိကြီးများကို သင်ကြားဖို့ ကိုယ်ကိုယ်တိုင်သိအောင်၊ နားလည်အောင် စာတွေဖတ်ရတယ်၊ လေ့လာရတယ်၊ သုတေသနတွေ လုပ်ခဲ့ရတယ်။

### သင်ယူလို့ရတဲ့ ခေါင်းဆောင်မှုပညာ

သမားရိုးကျခေါင်းဆောင်မှုပုံစံက အထက်အောက် အမိန့်ပေးပြီး စီမံအုပ်ချုပ်တဲ့ပုံစံ၊ အဖွဲ့အစည်းတွေကို သရုပ်ဖော်တဲ့နေရာမှာ တြိဂံပုံစံကို သုံးလေ့ရှိပါတယ်။ ထိပ်မှာခေါင်းဆောင်တစ်ဦးရှိပြီး သူ့ရဲ့လက်အောက်မှာ အဆင့်ဆင့် တာဝန်ခံတဲ့သူတွေ၊ တာဝန်ယူတဲ့သူတွေ ရှိတယ်။ စီမံရာမှာလည်း လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေကို အခြေပြုပြီး ဆောင်ရွက်တာဖြစ်တယ်။ ဒီခေါင်းဆောင်မှုပုံစံကို လူတိုင်းက ရင်းနှီးကြတယ်၊ သိကြတယ်၊ အတွေ့အကြုံရှိကြပါတယ်။ တစ်ခေတ်တစ်ချိန်က ဒီပုံစံဟာ အသုံးဝင်တယ်၊ အဆင်ပြေတယ်၊ ထိရောက်တယ်။ ဒါပေမယ့် ပြောင်းလဲလာတဲ့ လူ့အဖွဲ့အစည်းနဲ့ အံဝင်မှုအားနည်းလာတာ တွေ့ရတယ်။ အမိန့်အာဏာအပေါ် အားကိုးနေရတာမို့ခေတ်နဲ့မညီညွတ်တာ တွေ့ရပါတယ်။ ခေါင်းဆောင်မှုနဲ့ ပတ်သက်ပြီး စောစောက ကျွန်တော်တင်ပြခဲ့တဲ့သမိုင်းရာဇဝင်တွေမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ မွေးရာပါထူးခြားတဲ့ အရည်အချင်းတွေ ပြည့်စုံတဲ့သူတွေ ဖြစ်ကြတယ်။ သာမန်လူတွေ မဟုတ်ဘဲ ပါရမီရှင်တွေ ဖြစ်ကြတယ်။ ဒါပေမယ့် အခုလို မွေးရာပါအရည်အချင်းဖြစ်တယ်လို့ သတ်မှတ်တဲ့ အခါ ခေါင်းဆောင်တွေ မွေးထုတ်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ခေါင်းဆောင်မှုကို သင်လို့ရတယ်၊ ပြုစုလို့ရတယ်လို့ လက်ခံလာကြတယ်။ ဒီအယူအဆနဲ့ ခေါင်းဆောင်မှုသင်တန်းတွေ ပေးခဲ့တာ၊ ပေးနေတာ ဖြစ်ပါတယ်။

ခေါင်းဆောင်မှုကို စဉ်းစားရာမှာ ဆက်စပ်နေတဲ့ နောက်လိုက်တွေအကြောင်း၊ သူတို့ရဲ့ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်ကို ထည့်တွက်ဖို့ လိုအပ်သလို ခေါင်းဆောင်မှုပေးနေရတဲ့ အခြေအနေဟာလည်း အရေးကြီးလှပါတယ်။ အခုလို ကိုဗစ်-၁၉ ကာလမှာ အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ၊ မိမိရဲ့နောက်လိုက်တွေ ကျွမ်းကျင်လိမ္မာပါးနပ်ပြီး အရည်အချင်းတွေနဲ့ ပြည့်တဲ့အချိန်မှာ တိုင်တိုင်ပင်ပင်နဲ့ ဦးဆောင်သင့်တယ်။ မိမိရဲ့ နောက်လိုက်တွေဟာ အရည်အချင်း အားနည်းတဲ့အခါ ကိုယ်ကဦးစီးညွှန်ကြားဖို့ လိုအပ်တယ်။ အခြေအနေအပေါ် အခြေခံပြီး ဦးဆောင်နိုင်စွမ်းရှိရမှာ ဖြစ်ပါတယ်။

### အစေခံနှင့်တူသော ခေါင်းဆောင်

ကုလသမဂ္ဂ ဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ် ထူးခြားတဲ့ခေါင်းဆောင်မှုပုံစံတစ်ခုကို လေ့လာခွင့်ရခဲ့တယ်။

> **“လုပ်ငန်းအဖွဲ့အစည်းတွေမှာ တာဝန်ယူနေကြသူတွေဟာ ခေါင်းဆောင်မှုပုံစံတွေနဲ့ အကျွမ်းတဝင် ရှိစေချင်တယ်။ ထိရောက်တဲ့၊ ထက်မြက်တဲ့ခေါင်းဆောင်မှုကိုပေးပြီး မိမိအဖွဲ့အစည်းရဲ့ တိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ အဖွဲ့အစည်းရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေကို ကြည်လင်ပြတ်သားစွာ ဖော်ထုတ်နိုင်ပြီး အဖွဲ့ဝင်တွေအားလုံးကို ဆွဲဆောင်နိုင်ဖို့ လိုအပ်”**

ဒီပုံစံကို ကျွန်တော်က သိပ်နှစ်သက်တယ်၊ သဘောကျတယ်။ “အစေခံနဲ့ တူတဲ့ခေါင်းဆောင်”။ ရုတ်တရက်ဆို ဆန့်ကျင်ဘက်တွေ။ သာမန်အားဖြင့် ခေါင်းဆောင်တွေကို အရှင်သခင်လို့ သတ်မှတ်ကြတယ်။ သူတို့ကအမြဲ အရှေ့ကနေတယ်၊ ရှေ့ဆောင်တယ်။ အမှန်တော့ စစ်မှန်တဲ့ခေါင်းဆောင်မှုဟာ အစေခံတဲ့သူတွေသာ ဖြစ်တယ်။ အစိုးရဝန်ထမ်းတွေဟာ ပြည်သူတွေရဲ့အစေခံတွေ၊ ကုမ္ပဏီက ဝန်ထမ်းတွေဟာ ဖောက်သည်များရဲ့ အစေခံတွေ။ ဒီအတွေးအခေါ်ဟာ လေးနက်သိမ်မွေ့လှတယ်။ ခေါင်းဆောင်မှု ပေးသူတွေ အနေနဲ့ ကိုယ်အလုပ်အကျွေးပြုရမယ့်သူကို သဘောပေါက်နားလည်ဖို့ လိုအပ်တယ်။ ခေါင်းဆောင်တွေဟာ နှိမ့်ချတဲ့စိတ်နဲ့ အသက်ရှင်ရမှာ၊ အများအတွက် ဘာလုပ်ပေးရမလဲ၊ ပေးနိုင်မလဲဆိုတာကို အမြဲစဉ်းစားနေရမှာ ဖြစ်တယ်၊ အာရုံပြုရမှာဖြစ်တယ်။ နိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့ ဒီသဘောပဲဖြစ်တယ်။ မိမိရဲ့အယူအဆ၊ အတွေးအခေါ်၊ ဦးတည်ချက်တွေဟာ ပြည်သူတွေအတွက် ဦးထိပ်ထားရမှာသာဖြစ်တယ်။

အစေခံနဲ့တူတဲ့ ခေါင်းဆောင်ဟာ သိုးထိန်းဖြစ်တယ်။ သိုးထိန်းဟာ သိုးတွေအရှေ့မှာ မရှိဘဲ အနောက်မှာနေပြီး ထိန်းကျောင်းတယ်။ လိုရာခရီးကို နောက်ကတစ်ဆင့် ညွှန်ပေးတယ်။ သိုးတွေကို ထိန်းကျောင်းရာမှာ နူးညံ့သိမ်မွေ့တယ်။ အကြင်နာတရား ရှေ့ထားနိုင်တယ်။ မျက်မှောက်ခေတ်ကာလမှာ ခေတ်အစားဆုံးခေါင်းဆောင်မှုပုံစံက စစ်မှန်သောပြောင်းလဲမှုကိုဖြစ်စေတဲ့ ဦးဆောင်သူဖြစ်တယ်။ ဒီနေရာမှာ (Change) ပြောင်းလဲမှုနဲ့ (transform) စစ်မှန်သော၊ လေးနက်သော ပြောင်းလဲမှုကို ခွဲခြားဖို့လိုအပ်တယ်။ နဂိုအခြေအနေနဲ့ လုံးဝမတူတဲ့ ပြောင်းလဲမှုမျိုးကို transform လို့ သတ်မှတ်နိုင်တယ်။ ဥပမာက လိပ်ပြာ၊ လိပ်ပြာကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးတဲ့သူတွေအနေနဲ့ လိပ်ပြာဟာ အလွန်အကျည်းတန်တဲ့ ပိုးတုံးလုံးက ဖြစ်လာတာကို ယုံနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် လိပ်ပြာဟာ နဂိုပိုးတုံးလုံးနဲ့ လုံးဝမတူဘဲ စစ်မှန်သော၊ လေးနက်သော ပြောင်းလဲမှုကို ဖြစ်ခဲ့တာဖြစ်ပါတယ်။ အပေါ်ယံ အရေခွံလဲတဲ့ပုံစံမဟုတ်ဘဲ ဆန်းသစ်တဲ့ပုံစံတစ်ခုအဖြစ် အသွင်ပြောင်းလဲခြင်းဖြစ်တယ်။

### နောက်လိုက်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ပေးနိုင်သူ

ဒီခေါင်းဆောင်မှုပုံစံဟာ ထိရောက်တယ်။ မိမိရဲ့နောက်လိုက်တွေကို နေရာပေးတယ်၊ လုပ်ခွင့်ပြုတယ်၊ အားကိုးတယ်၊ ရှေ့တန်းတင်တယ်။ ကိုယ်လုပ်နိုင်မှန်းသိလျက်နဲ့ နောက်လိုက်တွေကို လုပ်စေတယ်။ ကိုယ့်ကို မီးထိုးတာကို မလိုလားဘဲ ကျန်တဲ့သူတွေကို အသိအမှတ်ပြုစေတယ်။ ထင်ပေါ်အောင် ဆောင်ရွက်ပေးတယ်။ ယုံယုံကြည်ကြည် လုပ်ပိုင်ခွင့်အပြည့်ပေးထားတယ်။ အသေးစိတ်၊ အနုစိတ်တွေကို အာရုံမပြုဘဲ အနာဂတ်ကို အမြဲရှုတယ်။ အနာဂတ်အတွက် ရူပါရုံကို မိမိနောက်လိုက်တွေ မြင်နိုင်အောင် ဖန်တီးတယ်။ စစ်မှန်တဲ့ပြောင်းလဲမှုကို အခြေခံတဲ့ ခေါင်းဆောင်တွေဟာ နားထောင်နိုင်စွမ်းရှိတယ်။ ပြောသမျှကို ဂရုတစိုက် နားထောင်တယ်။ နားလည်နိုင်အောင် ကြိုးစားတယ်။ ပြောဖို့အခွင့်အရေး ပေးတယ်၊ အားလုံးရဲ့အသံကို နားထောင်ပြီးမှ အဆုံးအဖြတ်တွေ ပေးတယ်။ ဒီခေါင်းဆောင်မှုပုံစံမှာ ခေါင်းဆောင်လုပ်သူဟာ နှိမ့်ချတယ်။ မိမိရဲ့အားနည်းချက်တွေ ဝန်ခံရဲတဲ့သတ္တိရှိတယ်။ သိတာကို ပြောသလို မသိတာကိုလည်း ဝန်ခံတယ်။ နောက်လိုက်တွေ အမှားလုပ်တာကို လက်ခံတယ်၊ လုပ်ခွင့်ပြုတယ်၊ ပြောခွင့်ပေးတယ်။ နောက်လိုက်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ဖန်တီးပေးနိုင်သူဖြစ်တယ်။

ဦးဆောင်မှုပြုရာမှာ အမိန့်၊ အာဏာ၊ ရာထူးကို အားမကိုးဘဲ ဩဇာလွှမ်းနိုင်အောင် ကြိုးစားတယ်။ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ စီမံတတ်သူဖြစ်တယ်။ နောက်လိုက်တစ်ဦးချင်းကို သိအောင်ကြိုးစားတယ်။ သိရှိမှုကို အခြေခံပြီး ပြုစုပျိုးထောင်တယ်။ မိမိထက်တော်တဲ့၊ မိမိထက်သာလွန်တဲ့ နောက်လိုက်တွေ ဖြစ်အောင် မြေတောင်မြှောက်ပေးတဲ့ ဆန္ဒရှိတယ်။ ကိုယ့်ကို အချိန်မရွေး အစားထိုးနိုင်မယ့်သူတွေ အနားမှာထားတယ်။ ကိုယ့်ထက် ထူးချွန်တဲ့သူတွေ၊ တော်ပြီးတတ်တဲ့သူတွေကို လက်တွဲဖို့ ဝန်မလေးကြတာ တွေ့ရတယ်။

နမူနာပုဂ္ဂိုလ်ဖြစ်အောင် ပြောဆိုနေထိုင်ပြုမူတယ်။ မိမိရဲ့နောက်လိုက်တွေကို အစဉ်အားပေးအားမြှောက်ပြုတယ်။ စုပေါင်းဦးဆောင်မှုကို ကြိုဆိုတယ်၊ လက်ခံတယ်။ တစ်ဦးတစ်ယောက်တည်း ထူးချွန်နေတာ မဟုတ်ဘဲ အဖွဲ့အစည်း၊ လုပ်ငန်းမှာရှိသူတွေအားလုံးရဲ့ စုပေါင်းဆောင်ရွက်မှုကို လိုလားတယ်၊ အားပေးတယ်။ တာဝန်ကို အလေးအနက်ထားပေမယ့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာ၊ ဘဝင်မြင့်နေတာ မဟုတ်တာတွေ့ရပါတယ်။ ခေါင်းဆောင်မှုပုံစံတွေဟာ ခေတ်နှင့်အညီ ပြောင်းလဲလာခဲ့တယ်။ မျက်မှောက်ခေတ်မှာ ဝန်ထမ်းတွေဟာ အသိပညာကို အခြေခံတဲ့သူတွေ ဖြစ်ကြတယ်။ ခေတ်သစ်နည်းပညာတွေနဲ့ နီးစပ်တယ်၊ အကျွမ်းတဝင်ရှိတယ်။ ဗဟိုဦးစီးစနစ်နဲ့ အမိန့်ပေးပြီး စီမံအုပ်ချုပ်မှုကို လက်မခံကြတာ တွေ့ရတယ်။ လွတ်လပ်မှုကို လိုလားတယ်။ တာဝန်ယူ၊ တာဝန်ခံရဲတယ်။ ဒါကြောင့် ခေါင်းဆောင်တဲ့သူတွေဟာ မိမိနောက်လိုက်တွေရဲ့ အနေအထားကို အခြေခံပြီး ဦးဆောင်ရမှာသာ ဖြစ်ပါတယ်။

### ရည်မှန်းချက်ကိုဖော်ထုတ်ရင်း အဖွဲ့ဝင်တွေကို ဆွဲဆောင်

ကျွန်တော့်အနေနဲ့က လုပ်ငန်း အဖွဲ့အစည်းတွေမှာ တာဝန်ယူနေကြသူတွေဟာ ခေါင်းဆောင်မှုပုံစံတွေနဲ့ အကျွမ်းတဝင် ရှိစေချင်တယ်။ ထိရောက်တဲ့၊ ထက်မြက်တဲ့ခေါင်းဆောင်မှုကိုပေးပြီး မိမိအဖွဲ့အစည်းရဲ့ တိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ အဖွဲ့အစည်းရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေကို ကြည်လင်ပြတ်သားစွာ ဖော်ထုတ်နိုင်ပြီး အဖွဲ့ဝင်တွေအားလုံးကို ဆွဲဆောင်နိုင်ဖို့ လိုအပ်ပါတယ်။

ခေါင်းဆောင်မှုနဲ့ ပတ်သက်ပြီး အရည်အသွေးမြှင့်တင်နိုင်ဖို့ သင်ယူ၊ ခံယူပြီး လေ့လာဖို့လိုအပ်တယ်။ စာတွေ့၊ လက်တွေ့ စုဆောင်းနိုင်ဖို့ ကြိုးစားရမှာ ဖြစ်တယ်။ အခုချိန်မှာ ခေါင်းဆောင်မှုသင်တန်းမျိုးစုံတွေ ရှိနေတာမို့ ဆန္ဒရှိသူ၊ လိုချင်တဲ့သူတွေ အချိန်မရွေး ဆည်းပူးနိုင်မှာ ဖြစ်ပါတယ်။ ။

*စာမျက်နှာ ၂၀ မှ*

ရုပ်ဝတ္ထုအမြင်ကနေ စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သက်မှုအဖြစ် တစ်ပါတည်း ဖြည့်ဆည်းပေးလိုက်တာက ဥယျာဉ်လုပ်ငန်း၊ တစ်နည်းပြောရင် မြေယာအလှဆင်ခြင်းရဲ့ အနှစ်သာရပါပဲ။ အလှအပအတွက်သာမက အထက်မှာဖော်ပြခဲ့တဲ့ မြေယာရှုခင်းဂေဟဗေဒသဘောတရားတွေပါ ထည့်သွင်းစဉ်းစားဖန်တီးမယ်ဆိုရင် မြို့ပြတွေရဲ့ မြေယာရှုခင်းဟာ နောင်မျိုးဆက်တွေအတွက် ရေရှည်ရည်ရွယ်ပြီး ဖြစ်ပါမယ်။ မျိုးဆက်သစ်ကလေးငယ်တွေအတွက် သဘာဝဖြစ်စဉ်တွေကို စာသင်ခန်းပြင်ပမှာ သင်ယူရာပတ်ဝန်းကျင်ကောင်းအဖြစ်လည်း လက်တွဲခေါ်ဆောင်နိုင်ပါတယ်။ မြို့ပြစီမံကိန်းတွေမှာ လူမှုစီးပွားသာမက ဂေဟဝန်းကျင်ကိုပါ စနစ်တကျရေးဆွဲခြင်းက နေထိုင်တဲ့ အများပြည်သူတွေအတွက် သက်ရှည်ကျန်းမာတဲ့ ဝန်းကျင်အဖြစ် မြို့ပြမြေယာရှုခင်းတွေက ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

#### သဘာဝကပေးတဲ့အမွေ

အချုပ်အနေနဲ့ သဘာဝကပေးတဲ့ မြေယာရှုခင်း အမွေအနှစ်တွေကို ကမ္ဘာပေါ်က လူသားတွေက ရည်ရွယ်ချက် တစ်ခုခု၊ အသုံးချမှု တစ်ခုခုအတွက် ပြုပြင်ပြောင်းလဲကြတယ်။ မြေယာရှုခင်းတစ်ခုရဲ့ ဖွဲ့စည်းမှုနဲ့ အသုံးချနိုင်မှုအပေါ် မူတည်ပြီး အခေါ် အဝေါ်၊ အယူအဆတွေ ကွဲပြားကြတယ်။ ဒါပေမယ့် အသုံးချမှုလွန်ကဲပြီး အဖိုးမဖြတ်နိုင်တဲ့ သဘာဝအရင်းအမြစ်တွေ ကုန်ဆုံးသွားမယ့် တစ်နေ့၊ လူအပါအဝင် သက်ရှိတွေ မှီခိုစရာ ဝန်းကျင် ကင်းမဲ့သွားမယ့် တစ်နေ့ ကို ဘယ်လိုပယောဂမျိုးနဲ့မှ အမြန်ရောက်မလာဖို့ အရေးအတွက်တော့ အားလုံးက အမြင်ကျယ်ကျယ်နဲ့ ဝိုင်းဝန်းကြရုံသာ။ ။





အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။

# မန္တလေးမြို့၌ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန တည်ဆောက်ရေးလုပ်ငန်း တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၈**

အထက်မြန်မာပြည်တစ်ခုလုံးအတွက် အကျိုးပြုနိုင်စွမ်းရှိသည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအသစ်ဖြစ်သော ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(Public Health Laboratory– Mandalay)ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ အဆိုပါဌာနဝင်းအတွင်း တည်ဆောက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု အခြေနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနရုံး (PHL) ဓာတ်ခွဲခန်းသစ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီက လှူဒါန်းသည့် ကျပ်သိန်းပေါင်း ၁၂၀၀၀ ခန့် အကုန်ကျခံ၍တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အဆောက်အအုံအသစ်ပုံစံနှင့် ဒီဇိုင်းကို ဗိသုကာပညာရှင် ဦးဇင်မင်းဆွေက ဆောင်ရွက်ပေးသည်။

မန္တလေးမြို့မှ လက်ရှိ ကိုဗစ်-၁၉ အတည်ပြု စစ်ဆေးပေးနေသည့် ဓာတ်ခွဲခန်းကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် အဆောက်အအုံပိုင်း တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ကာ တည်ဆောက်ရေးကာလ သုံးလအတွင်း ယင်းဓာတ်ခွဲခန်းသစ်ကို NHL ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က ယခုလက်ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးနိုင်မှုနှင့် ကျန်းမာရေးဝန်ထမ်းအင်အား အခြေအနေကိုလည်းကောင်း၊ မန္တလေး မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ အခြေအနေ၊ အဆောက်အအုံအတွင်း ဓာတ်ခွဲခန်း၊ သင်တန်းခန်းမနှင့် စီမံခန့်ခွဲမှုရုံးခန်းများ ထည့်သွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ရေရရှိရေးလုပ်ငန်းများ၊ စွန့်ထုတ်ရေဆိုးစနစ်နှင့် စွန့်ပစ္စည်းများအတွက် စီမံဆောင်ရွက်ထားသည့် အစီအမံများကိုလည်းကောင်း၊ အဆောက်အအုံသစ် ဒီဇိုင်းနှင့်ပတ်သက်၍ ဗိသုကာပညာရှင် ဦးဇင်မင်းဆွေက ဗိသုကာပုံစံများ အသေးစိတ်ရေးဆွဲပြီး မြေကြီးစမ်းသပ်ကာ ခိုင်ခံ့မှုတွက်ချက်ခြင်း၊ Biosafety level(2+) အဆင့်ရှိ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းစနစ်၊ လျှပ်စစ်မီး၊ ရေ၊ လေအေးပေးစက်၊ နက်ဝပ်နှင့် CCTV ဒီဇိုင်း ရေးဆွဲတပ်ဆင်သည့်စနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။



ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန အဆောက်အအုံသစ်အတွင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်

ထိုနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးပြီး ယခုဆောက်လုပ်နေသည့် နိုင်ငံတကာအဆင့်မီ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသည် အထက်မြန်မာပြည်အတွက် အလိုအပ်ဆုံးဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးအတွက်ပါ အထောက်အကူပြုမည့် ဓာတ်ခွဲခန်းအသစ်တစ်ခုဖြစ်ရာ NHL ၏ စံချိန်စံညွှန်းများနှင့်အညီ ဆက်လက်တည်ဆောက်သွားရေး၊ တည်ဆောက်ရေး အချောသတ်လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ လက်ရှိ ဆောင်ရွက်နေသော ဓာတ်ခွဲစစ်ဆေးသည့်စက်များကို အဆောက်အအုံသစ်သို့ အမြန်ဆုံးပြောင်းရွှေ့ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန်နှင့် အဆောက်အအုံသစ်ကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်သွားကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယခု ဆောက်လုပ်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန အဆောက်အအုံသည် နိုင်ငံတကာအဆင့်မီ Biosafety Level(+2)အဆင့်ရှိကာ RC အမျိုးအစား နှစ်ထပ်ခွဲဖြစ်ပြီး အလျား ၆၉ ပေ၊ အနံ ၅၉ ပေ(စတုရန်းပေ ၁၀၆၃၁ ပေ)ရှိကာ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ နည်းပညာဖလှယ်ရန် သင်တန်းခန်းမ၊ နိုင်ငံခြားဓာတ်ခွဲခန်းများကဲ့သို့ Sensor Air Lock တံခါးများ၊ Negative Pressure စနစ် ဓာတ်ခွဲခန်းများ ပါဝင်သလို လက်ရှိဆောင်ရွက်နေသော ဓာတ်ခွဲစက် သုံးစုံကို ထားရှိဆောင်ရွက်ရန် တည်ဆောက်လျက်ရှိသည်။ ဓာတ်ခွဲခန်းအဆောက်အအုံကို အောက်တိုဘာလကုန်တွင် အပ်နှံနိုင်ရန် ရည်မှန်းထားပြီး နိုဝင်ဘာလလယ်တွင် အဆိုပါ ဓာတ်ခွဲခန်းအဆောက်အအုံ၌ လုပ်ငန်းများ စတင်လည်ပတ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီမှ သိရသည်။

ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်းကို ယခုနှစ် ဇွန် ၁ ရက်မှ စတင်ဆောင်ရွက်လာခဲ့ရာ အောက်တိုဘာ ၁၅ ရက်အထိ အထက်မြန်မာပြည်ရှိ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှစ်ခုနှင့် ရှမ်း/မြောက်၊ ကချင်၊ ချင်းစသည့် ပြည်နယ်များမှ Swab နမူနာ စုစုပေါင်း ၄၈၅၅၆ ခုကို ဓာတ်ခွဲစစ်ဆေး၍ ရောဂါပိုးရှိသူ ၁၁၁၀ ကို တွေ့ရှိခဲ့ကြောင်းလည်း ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ ၄၃၇၂၃၀၂ ဧက စိုက်ပျိုးရန် လျာထား

**မုံရွာ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဆောင်းသီးနှံများစိုက်ပျိုးချိန်တွင် ဆောင်းသီးနှံ ၄၃၇၂၃၀၂ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခရိုင်အလိုက် လျာထားမှုမှာ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ၅၂၇၁၇၀ ဧက၊ မုံရွာခရိုင်မှ မြို့နယ် လေးခုတွင် ၅၂၂၈၁၈ ဧက၊ ယင်းမာပင်ခရိုင်မှ မြို့နယ်လေးခုတွင် ၅၂၂၃၉၄ ဧက၊ ရွှေဘိုခရိုင်မှ မြို့နယ် ခြောက်ခုတွင် ၁၂၂၈၄၁၆ ဧက၊ ကန့်ဘလူခရိုင်မှ မြို့နယ် နှစ်ခုတွင် ၄၄၉၈၄၉ ဧက၊ ကသာခရိုင်မှ မြို့နယ် ခုနစ်ခုတွင် ၅၉၄၇၉၉ ဧက၊ ကလေးခရိုင်မှ မြို့နယ် သုံးခုတွင် ၃၂၈၁၉၆ ဧက၊ မော်လိုက်ခရိုင်မှ မြို့နယ်နှစ်ခုတွင် ၈၇၂၇၁ ဧက၊ တမူးခရိုင်မှ မြို့နယ်တစ်ခုနှင့် မြို့နယ်ခွဲ နှစ်ခုတွင် ၄၀၀၀၇ ဧက၊ ခန္တီးခရိုင်မှ မြို့နယ်နှစ်ခုတွင် ၆၃၁၁၄ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ် သုံးခုနှင့် မြို့လေးခုတွင် သီးနှံစုံ ၈၂၆၈ ဧက ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အဆိုပါ လျာထားဧကများတွင် ဆောင်းသီးနှံများအဖြစ် နှမ်းစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ချက်ကြံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံမျိုးစုံကို စိုက်ပျိုးသွားမည်ဖြစ်သည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## မူဆယ်မြို့၌ ကျန်းမာရေးညွှန်ကြားချက်များကို မလိုက်နာသည့် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို အရေးယူ

**မူဆယ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆိုင်ထိုင်စားသောက်ခြင်းမပြုဘဲ ပါဆယ်စနစ်ဖြင့်သာရောင်းချရန် ညွှန်ကြားထားပြီးဖြစ်ရာ ဆိုင်ရှင်များအနေဖြင့် လိုက်နာမှုရှိ/မရှိကို အောက်တိုဘာ ဒုတိယပတ်မှစတင်၍ မြို့နယ် စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် မြို့နယ် ကိုဗစ်-၁၉ ကြိုတင် ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်း ဦးစီးကော်မတီ အဖွဲ့ဝင်များက လိုက်လံကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးမှုတွင် ညွှန်ကြားချက်ကို မလိုက်နာသည့် ဆိုင်များကိုလည်း စစ်ဆေးတွေ့ရှိသဖြင့် ဆိုင်ပိုင်ရှင်များအား ဝန်ခံကတိ ရေးထိုးစေပြီး ဆိုင်ဖွင့်လှစ်ခွင့်ပိတ်၍ အရေးယူခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အမိန့်ညွှန်ကြားချက်များကို ထပ်မံ၍ လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ဆိုင်ဖွင့်လှစ်ခွင့်ကို ပထမအကြိမ်အဖြစ် ခုနစ်ရက်၊ ဒုတိယအကြိမ်အဖြစ် ၁၅ ရက်နှင့် တတိယအကြိမ်အဖြစ် ရာသက်ပန်ပိတ်သိမ်းခြင်းအထိ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ မူဆယ်မြို့၌ စက်တင်ဘာလအတွင်းကလည်း ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ခြင်းမရှိသော စားသောက်ဆိုင်နှစ်ဆိုင်ကို ခုနစ်ရက်ပိတ်၍ အရေးယူခဲ့ကြောင်း သိရသည်။ **စန္ဒာ(ပြန်/ဆက်)**

## ဆင်မကြီးမိုမို၏ (၆၇နှစ်) ပြည့်မွေးနေ့ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

၁၉၆၁ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ရောက်ရှိလာသော ဆင်မကြီး မိုမိုမှာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၁ ရက်တွင် အသက် (၆၇နှစ်) ပြည့်ပြီဖြစ်ရာ ဆယ်စုနှစ်ခေတ်များစွာကို ဖြတ်သန်းလာသော ဆင်မကြီးမိုမို ယနေ့တိုင် အသက်ရှင်သန်လျက်ရှိ၍ မိုမိုမွေးနေ့အား ကျန်ဆင်မသုံးကောင်နှင့်အတူ အသီးအနှံမျိုးစုံဘူဖေးကျွေးမွေးခြင်းဖြင့် အကျဉ်းချုံး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သက်တမ်းမှာ ၁၁၄ နှစ်ရှိပြီဖြစ်ရာ ၁၉၅၃ ခုနှစ်အောက်တိုဘာ ၂၁ရက်တွင် မွေးဖွားသည့်ဆင်မကြီး မိုမိုမှာ အသက် (၆၇ နှစ်)ပြည့်ပြီဖြစ်၍ ယနေ့တိုင်သက်ရှည် ကျန်းမာလျက်ရှိသည်။ လိမ္မာချစ်ဖွယ်ကောင်းသော မိုမိုအား ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သစ်လုပ်ငန်းလုပ်ကိုင်သူ ဦးခွန်ဆန္ဒနှင့် မိသားစုက သစ်ဆွဲဆင်အဖြစ် အသုံးမပြုလိုသည့်အတွက် အေးချမ်းစွာနေထိုင်နိုင်ရန် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ပို့ဆောင်ခဲ့ရာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဝမ်းသာလှိုက်လှဲစွာကြိုဆိုခဲ့ပြီး ဆင်ပိုင်ရှင်အားအမည်ပေးခဲ့ရန် ပြောကြားရာတွင် မိုမို၏ ဆင်ဦးစီးအားဦးခွန်ဆန္ဒက အမည်ပေးရန် ခွင့်ပြုခဲ့၍ ဆင်ဦးစီးက ယင်း၏ဇနီးအမည်ဖြစ်သော မခင်မိုမိုအမည်ကိုအစွဲပြု၍ မိုမိုဟု အမည်ပေးခဲ့ရာမှ ယနေ့တိုင် “မိုမို” ဟုအမည်တွင်ခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် အာရှဆင်နှင့် အာဖရိကဆင်နှစ်မျိုးသာရှိပြီး အာရှဆင်တွင် အိန္ဒိယဆင်၊ ဘော်နီရိုဆင်နှင့် သီရိလင်္ကာဆင်ဟူ၍ခွဲခြားထားပြီး မြန်မာဆင်သည် အိန္ဒိယဆင်အမျိုးအစားတွင်ပါဝင်၍ ဆင်အမျိုးအစားတွင် ဘော်နီရိုဆင်သည် အသေးဆုံးဖြစ်သည်။ အကြီးဆုံးသည်သီရိလင်္ကာဆင်ဖြစ်ပြီး မြန်မာဆင်သည် ခွန်အားဗလနှင့် ရုပ်ဆင်းအင်္ဂါအခြားဆင်တို့ထက် သာလွန်သောကြောင့် ဆင်မကြီးမိုမိုသည် နှစ်လိုဖွယ်ကောင်းသောလက္ခဏာနှင့် ပြည့်စုံလျက်ရှိရာရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့လာရောက်သော ပြည်သူတို့၏ချစ်ခင်မှုကို ယနေ့တိုင်ပိုင်ဆိုင်ထားကြောင်း သိရသည်။

ယခုအခါ မိုမို (၆၇နှစ်)နှင့်အတူ အသက်(၂၁နှစ်)ရှိ “မျိုးမျိုး”၊ အသက်(၂၀)ရှိ “မိချော”နှင့် အသက်(၁၉နှစ်)ကျော်ရှိ “မလှ” ဆင်အမသုံးကောင်ကိုလည်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ပြသထားရာ စိတ်သဘောထား နှစ်လိုဖွယ်ကောင်းသော မိုမို၏ ထိန်းချုပ်မှုအောက်တွင် တိုက်ခိုက်မှုမရှိဘဲ ယနေ့တိုင်အေးချမ်းစွာနေထိုင်လျက်ရှိသည်။ မိုမို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့စတင်ရောက်ရှိစဉ် ကနဦးရောက်ရှိနေသော အောင်တိုးနှင့် ဂျင်းဖောဆင်မောင်နှံရှိရာ ဂျင်းဖောမှ ဆင်တစ်ကောင်မွေးဖွားသောကြောင့် ဆင်ကိုးကောင်ရှိသည့်အတွက် နေထိုင်ရန်အကျယ်အဝန်းနှင့်အစားအစာအခက်အခဲတို့ကြောင့် သစ်လုပ်ငန်းသို့ပေးပို့ခဲ့ရာ ယခုအခါ မိုမိုနှင့်အတူ ဆင်မလေးကောင်ကိုရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ပြသထားသည်။ ကိုဗစ်-၁၉ကာလ၌ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို မတ်လကစတင် ပိတ်ထားပြီး မိုမိုမွေးနေ့ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ CEOဖြစ်သူ ဒေါ်ကြည်ဖြူဇော်က “မိုမိုကိုကလေးကအစချစ်ကြတယ်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အနေနဲ့ မိုမိုယခုထက်ပိုပြီး အသက်ရှည်အောင်ပြုစုစောင့်ရှောက်နေပါတယ်။ မိုမိုနှစ်ရာကျော် အသက်ရှည်ပါစေလို့ဆုတောင်းပါတယ်”ဟု ပြောကြားသည်။

၆၇ နှစ်ပြည့်မွေးနေ့ပွဲ၌ ကိုဗစ်-၁၉ရောဂါကာလဖြစ်သော ကြောင့်ဘူဖေးသီးနှံမျိုးစုံကျွေး၍အကျဉ်းချုံးကျင်းပခဲ့မှုပုံရိပ်တို့ကိုYangon Zoo Online တွင် အောက်တိုဘာ ၂၅ရက်၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ၊ ဓာတ်ပုံ – Ygn Zoo**




## နမ့်ခမ်းမြို့၌ နှာခေါင်းစည်းမတပ်သူများအား ကျပ် ၂၀၀ ဒဏ်ရိုက်မှု စတင်

**နမ့်ခမ်း အောက်တိုဘာ ၁၈**

မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ နှာခေါင်းစည်းတပ်ဆင်ခြင်း မရှိဘဲ သွားလာနေသော ပြည်သူများအား ကျပ် ၂၀၀ ဒဏ်ရိုက်၍ နှာခေါင်းစည်း အခုဝယ်/အခုတပ်စနစ်ဖြင့် တပ်ဆင်စေခြင်းကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီက အောက်တိုဘာ ၁၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

နမ့်ခမ်းမြို့၌ ပြည်သူများအား နှာခေါင်းစည်း စနစ်တကျ တပ်ဆင်အသုံးပြုရန် အသိပညာပေးမှုများကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်၍ နှာခေါင်းစည်းတပ်ခြင်းမရှိဘဲ မြို့တွင်း၌ သွားလာနေသူများအား ကြပ်မတ်စစ်ဆေးပြီး ဒဏ်ရိုက်ခြင်းကို နမ့်ခမ်းမြို့ ပြည်ထောင်စုလမ်းမပေါ်ရှိ မြို့လယ်ဘုရားကျောင်းအနီး၌ စတင် ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

**ဆိုင်ထွန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို ပြင်ဆင်၊ ကန့်ကွက်၊ လျှောက်ထားသူ ၁၈၀၀၀၀ နီးပါးရှိ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ကပ်ထားကြေညာခဲ့ရာ မဲစာရင်းကို လာရောက်ကြည့်ရှုသူ ၁၁၂၆၇၁၀ ရှိပြီး ပြင်ဆင်၊ ကန့်ကွက်၊ လျှောက်ထားသူ ၁၇၉၈၂၈ ဦးရှိကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ဒုတိယအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းတွင် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၁၁၄၇၉၀၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၁၈၉၀၅ ဦးနှင့် ပုံစံ(၄-က)ဖြင့် ပြင်ဆင်သူ ၄၆၁၃၃ ဦးရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရိန်ဝင်းက ပြောကြားသည်။

"ကန့်ကွက်၊ လျှောက်ထား၊ ပြင်ဆင်တဲ့ စာရင်းတွေက အပြီးပြင်ရမှာ၊ မဲပေးမယ့်နေ့မှာ အသုံးပြုမှာဆိုတော့ ထပ်ပြီး မှားလို့မရတော့ဘူး၊ နောက်ဆုံးပြင်ဆင်တဲ့အတိုင်းပဲ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို ပို့မယ်၊ မဲရုံတွေမှာ ရှမ်းတိုင်းရင်းသားပါတဲ့ မဲရုံတွေကို အနည်းဆုံး လေးစုံပို့မယ်၊ ရှမ်းတိုင်းရင်းသား မပါတဲ့ မဲရုံတွေဆိုရင် လွှတ်တော်သုံးရပ်အတွက် သုံးစုံ ပို့မယ်၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေကို ပို့မယ့် မဲစာရင်းကတော့ ပြောလို့မရသေးပါဘူး၊ စိစစ်နေဆဲမို့ပါ၊ နောက်ဆုံး ပြင်ဆင်တဲ့ မဲစာရင်းအတိုင်း ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့တွေကို ပေးပို့သွားမှာပါ"ဟု ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပထမအကြိမ် မဲစာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒပေးခွင့်ရှိသူ ၄၅၇၈၈၁၃ ဦး ရှိခဲ့ကာ ထိုမဲစာရင်းများကို ပြင်ဆင်ပြီးနောက် ဒုတိယအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းတွင် မဲပေးခွင့်ရှိသူ ၄၇၈၄၂၈၈ ဦးအထိ တိုးလာကြောင်း သိရသည်။ ဒုတိယအကြိမ် မဲစာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ကပ်ထားကြေညာခဲ့ရာတွင် လာရောက်ကြည့်ရှု၍ ပြင်ဆင်၊ ကန့်ကွက်၊ လျှောက်ထားသည်များကိုမူ လက်ရှိတွင် စာရင်းများ စိစစ်ပြုစုနေဆဲဖြစ်ကာ စိစစ်ပြီးမှသာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသို့ မဲစာရင်းများကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၄၂၄၇၂၇ ဦး ရှိခဲ့ပြီး မဲရုံပေါင်း ၅၄၀၀ ကျော် ရှိခဲ့သည်။ အမှန်တကယ် ဆန္ဒမဲ လာပေးခဲ့သူဦးရေမှာ ၃၂၂၃၈၄၅ ဦးသာ ရှိခဲ့ခြင်းကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၏ ၇၂ ဒသမ ၈၆ ရာခိုင်နှုန်းသာ လာရောက် ဆန္ဒမဲပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ အထွေထွေရွေးကောက်ပွဲ ကျင်းပရန်အတွက် စာသင်ကျောင်းများ၌ အသွားအလာကန့်သတ် စောင့်ကြည့်နေသူများအား နေရာပြောင်းရွှေ့မည်

**ညောင်ဦး အောက်တိုဘာ ၁၈**

ညောင်ဦးမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများတွင် မဲရုံများ ဖွင့်လှစ်နိုင်ရေးအတွက် အဆိုပါ စာသင်ကျောင်းများတွင် ဖွင့်လှစ်ထားခဲ့သော ကိုဗစ်-၁၉ အသွားအလာကန့်သတ် စောင့်ကြည့်စခန်းများ၌ အသစ်ထပ်မံဝင်ရောက်လာသော နေရပ်ပြန်များအား ထားရှိခြင်းမပြုတော့ဘဲ မြို့ပေါ်တွင် စုစည်းထားရှိနိုင်ရေးအတွက် ညောင်ဦးမြို့ မြေနဲလေးကျေးရွာအနီးရှိ ပုဂံမြန်မာ စိတ်တိုင်းကျစားသောက်ဆိုင်ဝင်းအတွင်း၌ နေရာထိုင်ခင်းများ ကြိုတင်ပြင်ဆင်ခြင်းကို ညောင်ဦးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၈ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



အသွားအလာကန့်သတ် စောင့်ကြည့်မည့်သူများအား ထားရှိရန် နေရာသစ်ကို ကြိုတင်ပြင်ဆင်နေစဉ်။

ပြောင်းရွှေ့ပေးမည့် နေရာသစ်၌ နေရာထိုင်ခင်း ကြိုတင်ပြင်ဆင်ခြင်းကို ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးထက်အောင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းသူတို့ ဦးဆောင်သော သန္နေမီးသတ်ဝန်ထမ်းများနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ပုဂံမြန်မာ စားသောက်ဆိုင်ဝင်းအတွင်း၌ အသွားအလာကန့်သတ် စောင့်ကြည့်မည့်သူများအား ထားရှိရန် တစ်ယောက်လျှင် ခုတင် တစ်လုံးနှုန်းဖြင့် နှစ်ယောက်ခန်း ၈ ခန်းတွဲ တစ်ဆောင်၊ တစ်ခန်းလျှင် နှစ်ဦးနှုန်းဖြင့် ၁၃ ခန်းတွဲ တစ်ဆောင်၊ ပေ ၈၀ ပတ်လည် ၂၄ ယောက်ဆံ့ တစ်ခန်းတို့ ရှိပြီး စုစုပေါင်း ၆၆ ဦးကို ထားရှိနိုင်မည်ဖြစ်ကာ အဆိုပါ အဆောက်အအုံများတွင် ရေ၊ မီး အစုံအလင် လည်းရှိကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းသူထံမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ရွေးကောက်ပွဲဆိုင်ရာ အစည်းအဝေးပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော် ဥတ္တရခရိုင်အတွင်း အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် နေပြည်တော် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးက ရွေးကောက်ပွဲကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်ရေးနှင့် အသက်(၆၀)နှစ်အထက် ပြည်သူများ ကြိုတင်မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ ကိုဗစ်-၁၉ ကြောင့် အသွားအလာကန့်သတ် စောင့်ကြည့်ခံနေသူများ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည့်အချက်များ၊ မဲရုံသင်တန်းများ ဖွင့်လှစ်သွားမည့် အခြေအနေများ စသည်တို့ကို ရှင်းလင်းပြောကြားပြီးနောက် ရွေးကောက်ပွဲနေ့တွင် လုံခြုံရေးကိစ္စကို အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်နှင့် ရွေးကောက်ပွဲကို စံ(၅)ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူအားလုံး အတူတကွ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားသည်။ ထို့နောက် နေပြည်တော် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၊ ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များက ကဏ္ဍအလိုက် လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့သည်။

အထွေထွေရွေးကောက်ပွဲတွင် ဥတ္တရခရိုင်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီရှစ်ခုနှင့် တစ်သီးပုဂ္ဂလ ငါးဦးရှိပြီး ဥတ္တရခရိုင်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၀၃၂၁၁ ဦးနှင့် လျာထားမဲရုံပေါင်း ၃၃၆ ရုံရှိကြောင်း ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် အချုပ်သား ၁၂၅ ဦးနှင့် အထူးရဲအပါအဝင် ရက်ရှည်သင်တန်းသား ၃၆၆ ဦး စာရင်းပေးထား

**ပခုက္ကူ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် အချုပ်သား ၁၂၅ ဦးနှင့်အတူ အထူးရဲသင်တန်း အပါအဝင် ရက်ရှည်သင်တန်းများ တက်နေသည့် သင်တန်းသား ၃၆၆ ဦး လာရောက်စာရင်းပေးသွင်းထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။

ကြိုတင်မဲပေးနိုင်ရန် ယာယီအချုပ်ကျသူများအတွက် သက်ဆိုင်ရာ အကျဉ်းဦးစီးမှူးနှင့်လည်းကောင်း၊ သင်တန်း တက်ရောက်နေသူများအတွက် သက်ဆိုင်ရာ သင်တန်းမှူးများနှင့်လည်းကောင်း ဆက်သွယ်ပြီး ကြိုတင်မဲပေးနိုင်ရန် (ပုံစံ-၁၅)များ တောင်းယူထားကြောင်း၊ (ပုံစံ-၁၅)ဖြင့် ကြိုတင်မဲပေးနိုင်ရေး စာရင်းကောက်ယူရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဩဂုတ် ၂၆ ရက်အထိသာ သတ်မှတ်ပြီးသားဖြစ်သော်လည်း စက်တင်ဘာ လကုန်အထိ စာရင်းများ ကောက်ယူပေးခဲ့ကြောင်း၊ ထို့နောက် ကြိုတင်မဲပေးနိုင်ရန် ကြိုတင်ဆန္ဒမဲ၊ မဲလက်မှတ်နှင့် မဲစာအိတ်များကို သက်ဆိုင်ရာ အချုပ်၊ သင်တန်းကျောင်းများရှိ တာဝန်ရှိသူများထံ ပေးပို့ခဲ့ကာ မဲပေးမည့်ရက်ကိုလည်း သတ်မှတ်ပြီးသားဖြစ်ကြောင်း၊ ပခုက္ကူမြို့နယ်၌ လက်ရှိအချိန်ထိ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် အချုပ်သား ၁၂၅ ဦး၊ အထူးရဲသင်တန်းသား ၃၅၀ နှင့် အခြား ရက်ရှည်သင်တန်းများတွင် တက်ရောက်နေသည့် သင်တန်းသား ၁၆ ဦး စာရင်းပေးသွင်းထားကြောင်း၊ ထိုကြိုတင်မဲများကို အောက်တိုဘာ ၈ ရက်မှ ၂၁ ရက်အထိ မဲပေးပြီး မဲစာရင်းများကို ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက်တွင် ညနေ ၄ နာရီထက် နောက်မကျစေဘဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးပို့ရန် ညွှန်ကြားထားကြောင်း ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းစိန်က ပြောသည်။

ပခုက္ကူမြို့နယ်တွင် ရပ်ကွက် ၃၅ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စု၊ ကျေးရွာပေါင်း ၈၉ ရွာ၌ မဲရုံပေါင်း ၃၅၀ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်ရှိ မဲဆန္ဒရှင်စာရင်း ကြေညာထားမှုအရ မဲပေးခွင့်ရှိသူ ၂၄၃၀၅၆ ဦးရှိကြောင်း၊ တိုင်းရင်းသားမဲရုံ ၁၇ ရုံနှင့် တိုင်းရင်းသားမဲဆန္ဒရှင်မှာ ၁၆၁ ဦးရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

# နိုင်ငံရေးပါတီ ကိုယ်စားလှယ်လောင်းများရှေ့တွင် ကြိုတင်မဲပုံးကို လုံခြုံရေးကြိုးတပ်ဆင်၍ ချိပ်ပိတ်သိမ်းဆည်း

**မိုင်းယောင်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်း ကြိုတင်မဲပေးခြင်းအတွက် အသုံးပြုသည့် မဲပုံးများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့တွင် အောက်တိုဘာ ၁၆ ရက်က ချိပ်ပိတ်ခဲ့သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မဲပုံးများ ချိပ်ပိတ်ခြင်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစံသိန်းက ကြိုတင်ဆန္ဒမဲပုံး ချိပ်ပိတ်ခြင်း၊ ကြိုတင်မဲပုံး ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုင်းမှိုင်ခမ်းက ကြိုတင်မဲများနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အခြေအနေများ၊ ကြိုတင်မဲပုံး လုံခြုံရေးကြိုး ချိပ်ပိတ်ပုံ အသေးစိတ်အချက်များကို ရှင်းလင်းပြောကြားပြီး ကြိုတင်မဲများကို မဲပုံးအတွင်း ထည့်သွင်း၍ ကြိုတင်မဲပုံး လုံခြုံရေးကြိုး၏ ကုဒ်နံပါတ်ကို မိုင်းယောင်းမြို့နယ်အတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီ ခုနစ်ခု၏ ကိုယ်စားလှယ်များက ဓာတ်ပုံရိုက် မှတ်သားပြီးမှ ပါတီကိုယ်စားလှယ်များ၏ရှေ့တွင် ချိပ်ပိတ်ခဲ့သည်။

**စိုင်းအောင်ဇော်လင်း**

# မိုင်းပန်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပြီး မဲရုံများသို့ ကွင်းဆင်းစစ်ဆေး

**မိုင်းပန် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက မိုင်းပန်မြို့ပေါ် ယာယီပျံကျဈေးနှင့် မြို့မဈေးသို့ သွားရောက်၍ ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ကွင်းဆင်းဖြန့်ဝေပေးသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေသော ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နန်းဆွယ်ငင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်အိရွှေစင်လတ်နှင့် ဝန်ထမ်းများက လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများကို အများပြည်သူ ကျယ်ပြန့်စွာ သိရှိစေရန်နှင့် မဲရုံသို့သွားရောက် မဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သွားလာကြရန်အတွက် ရည်ရွယ်လျက် အသိပညာပေးမှုများကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုင်းစောထူးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများသည် နမ့်တိန်းကျေးရွာအုပ်စုရှိ မဲရုံ သုံးရုံ၊ နားလောကျေးရွာအုပ်စုရှိ မဲရုံ နှစ်ရုံနှင့် ဆားဝါးကျေးရွာအုပ်စုရှိ မဲရုံတစ်ရုံသို့ ကွင်းဆင်း၍ ဆန္ဒမဲပေးကြမည့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မဲပေးနိုင်ရေးအတွက် မဲရုံများတွင် အဝင်/အထွက်လမ်း သတ်မှတ်ထားမှု၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးအတိုင်း ခြား၍ နေထိုင် မဲပေးနိုင်ရန် စီစဉ်ထားမှုနှင့် ကိုယ်အပူချိန် တိုင်းတာရန် ပြင်ဆင်ထားမှု အခြေအနေများကို စစ်ဆေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းတပ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အစည်းအဝေးပြုလုပ်

**မင်းတပ် အောက်တိုဘာ ၁၈**

မင်းတပ်မြို့နယ်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ အစည်းအဝေးကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ခဲ့ရာ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ကျင်းပပြီးကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် အထူးရဲများနှင့် ပညာရေးဝန်ထမ်းများအား နေရာချထားရေး၊ အသက် ၆၀ ပြည့်ပြီးသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လွတ်လပ်မျှတစွာ ပါဝင်ယှဉ်ပြိုင်ရေး၊ ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေး၊ မဲရုံများ မီးရရှိရေး၊ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများအား သင်တန်းပေးရေး စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး (အမျိုးသမီး)များအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၁ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့် အတူ ၁၂-၁၀-၂၀၂၀ ရက်နေ့မှ ၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲ တပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမ ရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြု ရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကို လည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း (၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင် ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| | **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့် ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။




## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (သာမန်/ငွေလုံးငွေရင်း) အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ မြို့ပြနှင့်လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ချင်းစီအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) လွှတ်တော်ဝင်းအတွင်း ပင်မဆောင်ရှိလမ်းများအား ကတ္တရာကွန်ကရစ် (AC) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (333461 Sft)
(ခ) ပြည်ထောင်စုလွှတ်တော် (D-ဆောင်)ရှိ Roof Slab များအား ရေလုံလုပ်ငန်း (95200 Sft)
(ဂ) လွှတ်တော်အဆောင်များအား ဆေးသုတ်ခြင်းလုပ်ငန်း (C,D) (156084.62 Sft)
(ဃ) လွှတ်တော်အဆောက်အဦ(၃၁)လုံးနှင့် မုခ်ဦးဆောင်အမိုးများအား မူလအရောင်အတိုင်း ဆေးပြန်လည်သုတ်ခြင်းလုပ်ငန်း (689545.83 Sft)
(င) လွှတ်တော် (C,D,J,G,1G) အဆောက်အဦများတွင် Hall Lighting နှင့် Call Lighting များအတွက် Online Mobile UPS များ တပ်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း
(စ) လွှတ်တော် (C,D,J,E,F) အဆောက်အဦများရှိ Online UPS များ၏ Battery များ လဲလှယ်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း
(ဆ) လွှတ်တော်ဝင်း ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ရန် 250W Sodium လမ်းမီးများအား 150W LED လမ်းမီးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း
(ဇ) အမျိုးသားလွှတ်တော် (I-14 to I-20) တွင် Security System တပ်ဆင်ခြင်းလုပ်ငန်း
(ဈ) လွှတ်တော် (C,D,J) အဆောင်များရှိ Fire Alarm System အတွက် လိုအပ်သည်များ အစားထိုးလဲလှယ်ခြင်းနှင့် ဖြည့်စွက်ခြင်းလုပ်ငန်း
(ည) လွှတ်တော်(၃)ရပ်တွင် အသုံးပြုရန် Audio & Video System Spare Parts များ ဝယ်ယူခြင်း
(ဋ) CCTV Security System Spare Parts များ ဝယ်ယူခြင်း
(ဌ) Mitsubishi Electric Central Air Conditioner System Spare Parts များ ဝယ်ယူခြင်း
(ဍ) ပြည်သူ့လွှတ်တော်တွင် E-resource Center နှင့် Exchange Mail စနစ် တည်ဆောက်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၄-၁၀-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၁၁-၁၁-၂၀၂၀ ရက် (၁၃:၀၀)နာရီ
၄။ **တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - ထပ်မံကြေညာသွားပါမည်။
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၆၅ (မြို့ပြဆိုင်ရာလုပ်ငန်းများ)**
**ဖုန်း-၀၆၇-၆၉၅၂၅ (လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်း/ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်/ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၃/မမ/CE | ဟသ်ာတ-ပုသိမ်လမ်းပိုင်း၊ ယုံသလင်း-ခမောက်စုကြား၊ မိုင်တိုင်(၁၂၄/၇-၈) တံတားအမှတ်(၅၀)၊ 2/1'-6"ø Pipe အား 1/6' Span Slab တံတားတည်ဆောက်ခြင်း (H = 9' - 6") |
| ၂ | ၂၄/မမ/CE | ဟသ်ာတ-ပုသိမ်လမ်းပိုင်း၊ ရေကြည်-အသုတ်ကြား၊ မိုင်တိုင်(၁၄၃/၁၀-၁၁) တံတားအမှတ်(၇၄)၊ 2/1'-6"ø Pipe အား 1/6' Span Slab တံတားတည်ဆောက်ခြင်း (H = 9' - 6") |
| ၃ | ၂၅/မမ/CE | ဟသ်ာတ-ပုသိမ်လမ်းပိုင်း၊ ရေကြည်-အသုတ်ကြား၊ မိုင်တိုင်(၁၄၅/၉-၁၀) တံတား အမှတ်(၇၅-က)၊ 1/6'.0" သံဘောင်တံတားအား 1/10'-0" Span Slab တံတား တည်ဆောက်ခြင်း (H = 8' - 3") |
| ၄ | ၂၆/မမ/CMO | ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်း (၁၆၆)မျိုးဝယ်ယူရန် |
| ၅ | ၂၇/မမ/CME(YUG) | သံရည်ကျိုကုန်ကြမ်းပစ္စည်း(၆)မျိုး ဝယ်ယူရန် |
| ၆ | ၂၈/မမ/CME(YUG) | စက်ပစ္စည်း(၅၂)မျိုး ဝယ်ယူရန် |
| ၇ | 12(T)12/YUG | KRUPP စက်ခေါင်းအရန်ပစ္စည်းများ(၉၇)မျိုး ဝယ်ယူရန် |
| ၈ | 12(T)13/YUG | အင်ဂျင်အရန်ပစ္စည်းများ(၁၁၄)မျိုး ဝယ်ယူရန် |
| ၉ | 12(T)14/YUG | ဒီဇယ်လျှပ်စစ်ပစ္စည်းများ(၃၅)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၈.၁၁.၂၀၂၀) (၁၄:၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆.၁၀.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။
ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ၂၀၂၀ - ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ရုံးသုံးစက်ကိရိယာပစ္စည်း(၆)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၂)မျိုး ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) ရုံးသုံးစက်ကိရိယာပစ္စည်း (၆)မျိုး
(၁) LED Television 32" (၄)လုံး
(၂) Laptop (i5) (၂)လုံး
{8 GB DDR3, 1000 GB SATA HDD, DVD Writer, 14" LED LCD}
(၃) Desktop Computer CPU Core(i5) (၅)စုံ
{4 GB DDR3, 1000 GB SATA HDD, DVD Writer, 18.5" LED LCD Monitor, UPS(650VA)}
(၄) Desktop Computer CPU Core(i5) (၁၀)စုံ
{8 GB DDR4, 1000 GB SATA HDD, AMD Radeon 2GB, DVD Writer, 18.5" LED LCD Monitor, UPS (650VA)}
(၅) 3HP Submersible Pump with Starter (Italy) (၁)စုံ
(၆) 10HP Centrifugal Pump with Motor (Italy) (၁)စုံ
(ခ) ရုံးသုံးပရိဘောဂပစ္စည်း (၂)မျိုး
(၁) ဆိုဖာကပ် စတီးထိုင်ခုံ (၂၀၀)လုံး
(၂) ဆက်တီစားပွဲ (၂)စုံ
{စားပွဲ (၁)လုံး၊ တစ်ယောက်ထိုင် (၄)လုံး၊ နှစ်ယောက်ထိုင် (၁)လုံး}

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ၁၉-၁၀-၂၀၂၀ရက်(တနင်္လာနေ့) မှ ၁၃-၁၁-၂၀၂၀ရက်(သောကြာနေ့)အထိ ရုံးချိန်အတွင်း ပစ္စည်းတစ်မျိုးချင်းအလိုက် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၂၀၀၀/-(ကျပ် နှစ်ထောင်တိတိ)ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ဂိတ်အမှတ်(၂)၌ ၁၆-၁၁-၂၀၂၀ ရက်(တနင်္လာနေ့)၊ (၁၁:၀၀)နာရီ နောက်ဆုံးထား လက်ခံမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် ပစ္စည်းတစ်မျိုးချင်းအလိုက် သတ်မှတ်တင်ဒါအာမခံစဘော်ငွေကြေး (တင်ဒါတန်ဖိုး၏ ၁%)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင်တင်သွင်း၍ ပေးသွင်းပြီးကြောင်း Payment Order မူရင်းနှင့်မိတ္တူ(၁)စောင်ကို သတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။

၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၈၆၂၆၀၆၇၊ ၀၁-၈၆၂၆၀၆၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tender)

၁။ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်(ငွေလုံးငွေရင်း) တိုင်းဒေသကြီးဘတ်ဂျက်/ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်း/အားကစားရုံ၊ ပွဲကြည့်စင်လုပ်ငန်းများအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပူးတွဲပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီးဘတ်ဂျက်**
(က) ရေတာရှည်အားကစားရုံ(၁၂၀' x ၉၀' x ၃၆')တည်ဆောက်ခြင်း (၁)ရုံ

**ပြည်ထောင်စုဘတ်ဂျက်**
(က) ပဲခူးတိုင်းဒေသကြီး အလေးမလေ့ကျင့်ရေးအားကစားခန်းမနှင့် အားကစားသမားများစခန်းသွင်းလေ့ကျင့်ရန် (၆၀' x ၄၀') (၂)ထပ်တည်ဆောက်ခြင်း (၁)ခု
(ခ) ပဲခူးဥဿာမြို့သစ် အားကစားကွင်းအဆင့်မြှင့်တင်ခြင်း (၁)ခု
(ဂ) မင်းလှမြို့၊ မိုးညိုမြို့ အားကစားရုံ(၁၂၀' x ၉၀' x ၃၆') တည်ဆောက်ခြင်း (၂)ရုံ
(ဃ) မိုးညိုပွဲကြည့်စင်(RC)(၂)ထပ်(၁၀၀' x ၂၀')တည်ဆောက်ခြင်းနှင့် သံဆန်ခါ ကာရံခြင်း (၁)ခု

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်/အချိန်** - ၂၀-၁၀-၂၀၂၀ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၁၁-၂၀၂၀ နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။
ဖုန်း-၀၉-၂၅၀၈၄၇၄၂၂၊ ၀၉-၄၀၂၅၆၁၈၆၈၊ ၀၉-၄၃၀၈၃၆၃၀

**ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပဲခူးမြို့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## (ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန် နှိုးဆော်ခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်း သိုလှောင်ခွင့်လိုင်စင်များသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ (၁၁၉)အရ သက်တမ်းကုန်ဆုံးသော နေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့်လျှောက်ထားရန် လိုအပ်ပါသည်။
၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို ၁-၁၁-၂၀၂၀ ရက်မှ ၃၁-၁၂-၂၀၂၀ ရက်အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၁-၂၀၂၁ ရက်မှ စတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ ၂ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါသည်။
၃။ သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြသွားရန်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်-
(က) သက်တမ်းတိုးလျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသော သိုလှောင်ခွင့်လိုင်စင်(မူရင်း)၊
(ဂ) ဤဦးစီးဌာနမှ နောက်ဆုံးကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း(မိတ္တူ)
(ဃ) စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်/သိုလှောင်ရုံများ၏ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၁၉)၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၀၉၃၇၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူဝယ်ယူမည့် လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာ(၁၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၁)မျိုး၊ ရုံးသုံးစက်ပစ္စည်းကိရိယာ(၈)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၇)မျိုး၊ စုစုပေါင်း(၄၂)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ပထမအကြိမ် ကြေညာအပ်ပါသည်။
၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၂၂-၁၀-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၃-၁၁-၂၀၂၀ ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1 % P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီအကြောင်းကြားသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၁၇၇ နှင့် ၀၆၇-၃၄၀၈၄၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အောင်ဆန်းပုံနှိပ်စက်ရုံရှိ
## နေသူရိန်အဆောက်အဦ
## (၁၈၀ပေx၇၀ပေ) သွပ်အမိုးနှင့် မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အောင်ဆန်းပုံနှိပ်စက်ရုံရှိ နေသူရိန် အဆောက်အဦ (၁၈၀ ပေ x၇၀ ပေ) သွပ်အမိုးနှင့် မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါ၍ မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၁၀-၂၀၂၀ ရက်မှ ၄-၁၁-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၀၉:၃၀ မှ ညနေ ၁၆:၀၀ နာရီအထိ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ၂၀၀၀ိ/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင် မိတ္တူတင်ပြရမည်။

၃။ ဈေးနှုန်းအဆိုပြုလွှာမပါသော နည်းပညာဆိုင်ရာ အဆိုပြုလွှာများကို ၅-၁၁-၂၀၂၀ ရက်မှ ၁၂-၁၁-၂၀၂၀ ရက်အထိ နံနက် ၀၉:၃၀ မှ ညနေ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | အဆောက်အအုံများဆောက်လုပ်ခြင်း၊ |
| ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) | ရောင်းချခြင်း |
| စီမံရေးရာဌာနခွဲ၊ နေပြည်တော် | ငှားရမ်းခြင်းလုပ်ငန်းကော်မတီ |
| ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၄၁၂၂၀၅ | ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) |
| အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်ရုံး | နေပြည်တော် |
| ဖုန်း-၀၁-၂၅၁၈၉၂၊ ၂၅၁၉၉၅ | ဖုန်း-၀၆၇-၄၁၂၃၉၀ |

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံဟောင်း 1 Lot ကို ဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၊ မကွေး-နတ်မောက်ကားလမ်း၊ ဈေးရပ်ကွက်ရှိ မြေဧရိယာ ၀ဒသမ ၂၂၆ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်း 1 Lot ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁၀-၂၀၂၀ရက်မှ ၄-၁၁-၂၀၂၀ ရက်အထိ ရုံးဖွင့်ချိန် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၅-၁၁-၂၀၂၀ရက် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၅၀၅၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ဝယ်ယူ/တင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီးရုံး
E-၅၄၊ မြင်သာရပ်ကွက်၊ ပြည်တော်သာလမ်း၊ မကွေးမြို့
ဖုန်း-၀၆၃-၂၀၂၅၀၅၅

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အဆောက်အအုံဟောင်းကို ဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခန္တီးခရိုင်၊ လဟယ်မြို့နယ်၊ ဆေးရုံလမ်း၊ တာလံရပ်ကွက်ရှိ မြေဧရိယာ ၀ဒသမ၅၀ ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်းကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၁၀-၂၀၂၀ရက်မှ ၄-၁၁-၂၀၂၀ ရက်အထိ ရုံးဖွင့်ချိန် ၀၉:၃၀နာရီမှ ၁၆:၃၀ နာရီတွင် အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၅-၁၁-၂၀၂၀ရက် ၀၉:၃၀ နာရီမှ ၁၆:၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၆၂၈၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ဝယ်ယူ/တင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးရုံး
အမှတ် ၄/၃၊ ကျန်စစ်သားလမ်းနှင့် စိတ္တသုခလမ်းထောင့်၊
နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့
ဖုန်း-၀၇၁-၂၆၂၈၄

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလလျာထားငွေဖြင့် လမ်းမီးထွန်းခြင်းလုပ်ငန်းအတွက် လိုအပ်သော LED မီးလုံး၊ မီးတိုင် (GI Pole)၊ မီးကြိုး၊ No.3 Main Source Box with Breakers များနှင့် 30/40mm ϕ Underground Electrical Cable Protective Pipe (Orange Colour) များဝယ်ယူရန် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၆-၁၁-၂၀၂၀ ရက်
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ၁၅၀၀၀ိ/-
(ကျပ်တစ်သောင်းငါးထောင်တိတိ)

၂။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း-၀၂-၄၀၆၀၂၅၊ လိုင်းခွဲ ၀၂-၄၀၃၆၁၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

## ဦးခင်မောင်သန်း အသက်(၆၇)နှစ်
## (ဦးစီးအရာရှိ-ငြိမ်း၊ မြို့နယ်စီမံကိန်း)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ လဲဘူးကျေးရွာနေ ဦးသန်းဝင်း-ဒေါ်ဝင်းဝင်းမြင့်တို့၏ညီ၊ ရန်ကုန်မြို့နေ (ဦးခင်မောင်ဆန်း)၊ ဒေါ်ခင်မမ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ (၁၆)ကွက်၊ (၂၁)လမ်း အမှတ်(၈၁)နေ ဦးညီညီ၊ ဒေါ်ရီမြိုင် တို့၏အစ်ကို၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အထက(၄)ကျောင်းဝင်းနေ တရားလွှတ်တော်ရှေ့နေ ဦးအောင်သော်ဖြိုး-ဒေါ်လှိုင်ရတနာ၊ ဒေါ်ချစ်နှင်းသော်(အထပြ၊ အထက-၁)တို့၏ဖခင်၊ မချစ်ပိုးအိသော်၊ မချစ်ရွှေစင်သော်တို့၏အဘိုး၊ ဒေါ်ခင်မေသန်း(အလပြ-ငြိမ်း)၏ခင်ပွန်း သည် ၁၈-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)နေ အိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ချိုချိုလွင်(ထားဝယ်)
## တွဲဖက်အတွင်းရေးမှူး(ထားဝယ်အသင်း)
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ်(၂၁၂)နေ ဦးသိန်းအောင်၏ဇနီး ဒေါ်ချိုချိုလွင်သည် ၁၅-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကအဖွဲ့၊ အမှုဆောင်ကော်မတီ**
**ထားဝယ်အသင်း**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလလျာထားငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**
(က) သံလုံးသံချောင်းဆိုဒ်စုံ
(ခ) ဘိလပ်မြေအိတ်

၂။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၆-၁၁-၂၀၂၀ရက်
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း (သံလုံးဆိုဒ်စုံ)** - ၁၅၀၀၀ိ/-(ကျပ်တစ်သောင်း ငါးထောင်တိတိ)
(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း (ဘိလပ်မြေအိတ်)** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၂-၄၀၆၀၂၅၊ လိုင်းခွဲ၀၂-၄၀၃၆၁၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလလျာထားငွေဖြင့် လေအေးပေးစက်များ၊ မီးစက်နှင့် ထရန်စဖော်မာများ ဝယ်ယူရန် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

**စဉ် ပစ္စည်းအမျိုးအမည်**
(က) လေအေးပေးစက်များ
(ခ) ထရန်စဖော်မာများ
(ဂ) မီးစက်

၂။ အဆိုပါလေအေးပေးစက်များ၊ မီးစက်နှင့် ထရန်စဖော်မာများ ဝယ်ယူရန် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၆-၁၁-၂၀၂၀ရက်
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း (လေအေးပေးစက်)** - ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)
(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း (ထရန်စဖော်မာ/မီးစက်)** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း-၀၂-၄၀၆၀၂၅၊ လိုင်းခွဲ၀၂-၄၀၃၆၁၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ကြည်(ပုလော-ရန်ကုန်)
## (B.Sc,Eng)
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်း၊ အမှတ်(၁၅)နေ ဒေါက်တာစိန်စိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ပဲခူးမြို့၊ (၁၀)မိုင်ကုန်းခြံတစ်ရာ အလယ်ပေါက် လယ်တီဓမ္မပရက္ကမရိပ်သာ၏ ထာဝရ တစ်ဦးတည်းသောအလှူရှင်၊ သာသနာ့ ဒါယကာကြီး ဦးမောင်မောင်ကြီးသည် ၁၆-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လယ်တီဓမ္မပရက္ကမရိပ်သာ**
**အလုပ်အမှုဆောင်အဖွဲ့နှင့်ယောဂီများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခုပ်လျံမုံ
## လက်ထောက်ကထိက(ငြိမ်း)၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်
## အသက်(၅၃)နှစ်

မြန်မာသံရုံး၊ ပါရီမြို့မှ သံမှူးကြီး ဦးမန်ဟောက်ထန်၏ အစ်ကို ဦးခုပ်လျံမုံသည် ၁၃-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးကျော်ဇေယျ-ဇနီး ဒေါ်မွန်မွန်စိုးနှင့်**
**သံရုံးဝန်ထမ်းမိသားစု**
**မြန်မာသံရုံး၊ ပါရီမြို့**

## (၁၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဒေါ်သန်းသန်းဦး
## (ပျားဂေဟာ၊ အလက(၄)မင်္ဂလာဒုံ)

မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၉-၁၀-၂၀၂၀ရက်တွင် (၁၈)နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမမေ့မရပါ။ ပြုသမျှကောင်းမှုအစုစုတို့အတွက် မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

**ခင်ပွန်း** - ဗိုလ်မှူးသန်းထွန်း(ငြိမ်း)၊
မြန်မာအမျိုးသားလေကြောင်း
**သားကြီး** - ကပ္ပတိန်ဖြိုးသက်ကို-မဂျူလီဇော်
**သမီး** - ဒေါက်တာယဉ်ဖြူကို-ဒေါက်တာ မန်းဘဟန်ထွန်း
**သားငယ်** - ဒေါက်တာဆွေသန့်ကို-မအေးသီတာဝင်းအောင်
(Signature Planning)
**ချစ်မြေး** - မောင်ဟန်ကို၊ မောင်လင်းဘုန်းကို

## ဦးထွန်းဝင်း
## မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း(ငြိမ်း)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ အမှတ်(၃၁၂)၊ အခန်း(၆)နေဒေါ်သန်းသန်းနွယ်၏ခင်ပွန်း၊ ဦးထွန်းလင်းအောင်-ဒေါက်တာသီရိတင်တင်ထွန်းတို့၏ဖခင်၊ မနှင်းအိန္ဒြေ၏အဘိုး၊ ဒေါ်သုဓမ္မစာရီ၊ ဒေါ်ချိုချိုတို့၏မောင်၊ ဒေါ်စမ်းစမ်း အေး၊ ဦးဇော်သန်း (ဒေါ်ခင်မြင့်ဦး)၊ ဦးကျော်မြင့်-ဒေါ်ခင်သီတာတို့၏အစ်ကို၊ တူ/တူမများ၏ဘကြီးသည် ၁၇-၁၀-၂၀၂၀ရက် ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀- ၂၀၂၀ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ် ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ် ဒါယိကာမကြီး
## ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်လီစိန်
## BE(Electronic)
## အမှုဆောင်အင်ဂျင်နီယာ(MEPE)(ငြိမ်း)
## အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးတိပ်စိန်-ဒေါ်ရွှေပို)တို့၏သမီး၊ (ဦးဘိုးသာ-ဒေါ်ရင်မြ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ တိုက် (A3-301)နေ ဦးသိမ်းဆွေ၏ဇနီး၊ ဒေါက်တာဒေါ်နှင်းအေး၏ညီမ၊ ဦးအေးငြိမ်းဆွေ-ဒေါ်မြတ်နှင်းဖြူတို့၏မိခင်၊ မောင်စောထက်ထူးဆွေ၊ မအိန္ဒြာငြိမ်းဆွေတို့၏အဘွားသည် ၁၇-၁၀-၂၀၂၀ရက်(စနေနေ့) ညနေ ၃:၂၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မခင်မေကြည်
## (သီရိဆောင်ကျောင်းသူဟောင်း)
## (LL.B, (88-94 (Dec)-Batch)
## အသက်(၅၂)နှစ်

သူငယ်ချင်းခင်မေကြည် (LL.B, (88-94 (Dec)-Batch) သည် (၁၇-၁၀-၂၀၂၀)(စနေနေ့)ရက်နေ့ မနက်(၂:၃၀)တွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် (LL.B, (88-94 (Dec)-Batch) သူငယ်ချင်းများကို ပျော်ရွှင်ရယ်မောအောင်ပြောခဲ့သူ၊ အဖွဲ့ရဲ့ လူမှုရေးကိစ္စများ စွမ်းဆောင်နိုင်သူ၊ စိတ်ရင်းစေတနာကောင်းသူ၊ရိုးသားပွင့်လင်းသူ၊ ဒို့များရဲ့ သူငယ်ချင်းတစ်ယောက် ခွဲခွာသွားခြင်းအတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း။

**(LL.B, (88-94 (Dec)-Batch)**
**သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်း
## ကြော်ငြာခြင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၈၊ ရွာသစ်)၊ ဦးပိုင် အမှတ်(၇၄/၂)၊ ဧရိယာ ၀ဒသမ၀၄၆ ဧကရှိ မြေအား ဦးလင်းထိန်ဝင်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာ သည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငါးမွေးမြူရေးကန်များ
## အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ
## ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်း ကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်း ထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်း ရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူ ချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထား ရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၅၀ တွေ့ရှိ

(၁၈-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၇-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၃၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၅၀)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၈-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၃၇၁) ခု | (၃၈၄) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၆၆) ခု | (၈၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၆၈) ခု | (၅၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၆၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၆) ခု | (၄၃) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၄) ခု | (၁၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၄၀၈) ခု | (၄၁၅) ဦး |
| စုစုပေါင်း | (၁၂,၃၀၇) ခု | (၁,၁၅၀) ဦး |

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၈-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၃၀၇) ဦး | (၅၁၀,၁၁၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၅၀) ဦး | (၃၆,၀၂၅) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၇၀၆) ဦး | (၁၇,၀၇၆) ဦး |
| သေဆုံးလူနာ | (၄၂) ဦး | (၈၈၀) ဦး |

စာမျက်နှာ ၉ ကော်လံ ၄ ❖

## ယနေ့ သတင်းအညွှန်း

အီရန်အပေါ် ကုလသမဂ္ဂ၏ လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်ထားမှုကို ဖယ်ရှားလိုက်ပြီ ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးပြော (စာ-၁၂)

အမေရိကန်သမ္မတ ရွေးကောက်ပွဲ အတွက် ကြိုတင်မဲပေးမှုများ များပြား (စာ-၁၃)


## ရန်ကုန်- မန္တလေးအမြန်လမ်းပိုင်း ဇီးရိုးမိုင်တွင် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်- ၁၉ ရောဂါ ရှိ မရှိ စစ်ဆေးပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာ၏ ဦးဆောင်မှုဖြင့် ရန်ကုန်- မန္တလေး အမြန်လမ်း ဇီးရိုးမိုင်တွင် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား ကိုဗစ်- ၁၉ ရောဂါ ရှိမရှိ Rapid Test Kit ဖြင့် စစ်ဆေးပေးခြင်းကို အောက်တိုဘာ ၁၂ ရက်မှစ၍ ယနေ့အထိ အရှိန်အဟုန်မပျက် စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့စစ်ဆေးပေးရာတွင် နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ခွဲ၍ စစ်ဆေးပေးနေခြင်းဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ❍



ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်- ၁၉ ရောဂါ ရှိ မရှိ စစ်ဆေးနေစဉ်။

## ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၈

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၁၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

## အင်တာမီလန်ကို အနိုင်ယူပြီး စီးရီးအေအမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည့် အေစီမီလန်

အီတလီစီးရီးအေပွဲစဉ် (၄) အဖြစ် အင်တာမီလန်အသင်းနှင့် အေစီမီလန်အသင်းတို့ အောက်တိုဘာ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်အသင်းအတွက် ဂိုးများကို ပွဲကစားချိန် ၁၃ မိနစ်နှင့် ၁၆ မိနစ်တွင် အီဗရာဟီမိုဗစ်က သွင်းယူပေးနိုင်ခဲ့ပြီး အင်တာမီလန်အသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၂၉ မိနစ်တွင် လူကာကူက သွင်းယူပေးနိုင်ခဲ့သည်။

နည်းပြကွန်တီ၏ အင်တာမီလန်အသင်းသည် အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် ဟန်ဒါနိုဗစ်၊ ကိုလာရော့ဗ်၊ အမ်ဘရိုစီယို၊ ဟာကီမီ၊ ပါရီဆစ်၊ ဗီဒယ်၊ ဘရိုဇိုဗစ်၊ ဘာရယ်လာ၊ လူကာကူ၊ မာတီနက်ဇ်စသည့် ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ နည်းပြစတီဖာနိုပီအိုလီ၏ အေစီမီလန် အသင်းကလည်း ဒွန်နာရမ်မာ၊ ကယ်လာဘ ရီယာ၊ ဟာနန်ဒက်ဇ်၊ ကက်စီ၊ ဘင်နာဆာ၊ အီဗရာဟီမိုဗစ်စသည့် ကစားသမားများကို အသုံးပြုကာ အင်တာမီလန် အသင်းကို ရင်ဆိုင်ကစားစေခဲ့သည်။

အဆိုပါ နှစ်သင်းသည် မီလန်ဒါဘီပွဲဖြစ်သည်နှင့်အညီ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ကြည့်ရှုသူ ပရိသတ်အကြိုက်တွေ့စေသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ အေစီမီလန်အသင်းသည် ယခု နိုင်ပွဲကြောင့် စီးရီးအေတွင် လေးပွဲကစား လေးပွဲစလုံး အနိုင်ရရှိထားသည့်အတွက်

စာမျက်နှာ ၁၀ ကော်လံ ၅ ◆

